http://www.dhammadownload.com

TEXT RIVER



# ဓမ္မဘောဂီအရှင်ဝီရိယ [တောင်စွန်း]

# မဟာသွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့ လာရာလမ်း

[ အတွေးသစ်ဆောင်းပါးစု ]

http://www.dhammadownload.com

အာဇာနည် ယောက်ျားမြတ်ဆိုတာ···

" မှား မှန် အဖြစ်၊ စိစစ်ရဲစေ၊

မှား အမှန် ဝေဖန် သိရဲစေ၊

မှား မှန် ဝေခွဲ၊ ပြောရဲတတ်စေ၊


အမှားလှန် အမှန်ကျင့်ရဲစေ " ဆိုတဲ့အတိုင်း···

**ဓမ္မဘောရီအရှင်ဝီရိယ [တောင်စွန်း]**

**မဟာသွေးစည်းမှုအောင်ပွဲနှင့်**
**အာဇာနည်တို့ လာရာလမ်း**

[ အတွေးသစ်ဆောင်းပါးစု ]





http://www.dhammadownload.com

TEXT RIVER
PUBLISHING HOUSE

http://www.dhammadownload.com

| | | |
|---|---|---|
| စာမူ ခွင့်ပြုချက်အမှတ် | ■ | ၆၀၀ ၀၃၇၁၀၁၀ |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | ■ | ၆၀၀ ၁၄၂၀ ၃၁၀ |
| ထုတ်ဝေသူ | ■ | ဒေါ်သင်းသင်းမွန် သင်းစာပေ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ■ | Color Zone Press |
| မျက်နှာဖုံးနှင့် အတွင်းပန်းချီ | ■ | ဗဂျီလင်းဝဏ္ဏ |
| မျက်နှာဖုံးကာလာခွဲ | ■ | Eagle |
| အတွင်းဖလင် | ■ | A7 Group |

ပထမအကြိမ်
၂၀၁၀ ခုနှစ်၊ မတ်လ

အုပ်ရေ ၃၀၀၀
တန်ဖိုး ၉၀၀ ကျပ်

၀၀၈.၈၄
ဝီရိယ အရှင်ဓမ္မသောရီ (တောင်စွန်း)
မဟာသွေးစည်းမှုအောင်ပွဲနှင့်
အာဇာနည်တို့ လာရာလမ်း/ ဓမ္မသောရီ အရှင်ဝီရိယတောင်စွန်း။ -ရန်ကုန်
သင်းစာပေ၊ ၂၀၁၀။
၁၅၆ - စာ၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) မဟာသွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့ လာရာလမ်း

http://www.dhammadownload.com

# မဟာသွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့ လာရာလမ်း

ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း)

TEXT RIVER
PUBLISHING HOUSE

အမှတ် – ၁၂၊ မြေညီထပ်၊ အာရှပလာဇာ
ဗိုလ်ချုပ်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်။
ဖုန်း–၀၉၅၀၇ ၁၁၉၇၊ ၅၅၂၁၃၁

http://www.dhammadownload.com

# မာတိကာ


၁။ အာဇာနည်တို့ လာရာလမ်း (၁) ၇

၂။ အာဇာနည်တို့ လာရာလမ်း (၂) ၁၉
သံသာလေကမ်းတိုင်

၃။ အာဇာနည်တို့ လာရာလမ်း (၃) ၂၉
အတ္တကို တစ်လှွာချင်းခွာချ ဖြန့်ကြဲခြင်း

၄။ အာဇာနည်တို့ လာရာလမ်း (၄) ၃၉
အကာပစ် အနှစ်ဖွံ့ဖြိုးစေ

၅။ အာဇာနည်တို့ လာရာလမ်း (၅) ၅၁
စီးသူနှင့် ရုန်းသူ

၆။ အာဇာနည်တို့ လာရာလမ်း (၆) ၆၃
စွန့်စားခြင်းနှင့် စောင့်စားခြင်း

http://www.dhammadownload.com


၇။ အာဇာနည်တို့ လာရာလမ်း (၇) ၇၅
အေးမြထိန်လင်းတဲ့ နှလုံးသားပိုင်ရှင်

၈။ အာဇာနည်တို့ လာရာလမ်း (၈) ၈၅
မဂခေါင်းခေါင်း ပြောင်းလဲခြင်း

၉။ အာဇာနည်တို့ လာရာလမ်း (၉) ၁၀၃
မဂဓက သာသနာ့လက်ရုံး

၁၀။ အာဇာနည်တို့ လာရာလမ်း (၁၀) ၁၁၃
ရဲစိတ်တင့်သူနှင့် ခဲဆိပ်သင့်သူ

၁၁။ အာဇာနည်တို့ လာရာလမ်း (၁၁) ၁၂၁
ပန်းဝေဝေ စမ်းရေလမ်းက
မြန်းချိန်သင့် ပြည်ကပ္ပိ

၁၂။ အာဇာနည်တို့ လာရာလမ်း (၁၂) ၁၃၁

၁၃။ မဟာသွေးစည်းမှု ၁၄၁

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း

**အကျိုးကိုတောင့်တ၍ပြုလျှင် အကျိုးလည်း နည်းပါး၏။ ပါရမီလည်း မမြောက်။ ပိုးဖောက်သောစပါးမျိုး၊ မြစ်ပိုးဆစ်ပိုး ကျသော ကောက်ပင်နှင့် တူလေ၏။**

**(လယ်တီဆရာတော်-ဥတ္တမပုရိသဒီပနီ)**

ဗုဒ္ဓဘာသာဝင်အများစုတို့ဟာ "အလှူရေစက် လက်နဲ့မကွာ" ဆိုသလိုပဲ၊ ဒါနကုသိုလ်၊ သီလကုသိုလ်လောက်ကတော့ မပြု သူရယ်လို့လည်း မရှိဘူး။ အနည်းဆုံး တစ်နေ့ တစ်ကြိမ်လောက် ဖြစ်စေ မပြုမိသူရယ်လို့လည်း မရှိလောက်ဘူးလို့ ထင်ပါတယ်။ တစ်နေ့ တစ်နေ့မှာ ကုသိုလ်နှစ်မျိုး သုံးမျိုးလောက်ကို အနည်းဆုံး နှစ်ကြိမ် သုံးကြိမ်လောက်အထိ ပြုဖြစ်ကြသူများပါတယ်။ ဆွမ်းလောင်း၊ ဆွမ်းကပ်၊ ဝတ်ပြု၊ သီလစောင့်၊ တရားနာစတဲ့ ကုသိုလ်မျိုးတွေပေါ့။

http://www.dhammadownload.com



အဲ . . အားနာပါးနာပြောရမယ်ဆိုရင်တော့ ကုသိုလ်ပြုသူများပေမယ့် အဆင့်မီတဲ့ ကုသိုလ်ဖြစ်အောင် ပြုလုပ်သူက အတော့်ကို နည်းလွန်းနေတာ တွေ့ရတယ်။ အားမနာပါးမနာ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကုသိုလ်ပြုသူတွေ များပေမယ့် ကုသိုလ်ဖြစ်သူ (ရသူ) က မရှိသလောက်နီးပါး ရှားပါးနေတယ်လို့ ဆိုရမလိုပါပဲ။ ခုလိုဖြစ်ရတာဟာ အဓိကအားဖြင့်တော့ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားသလိုပဲ ရေစက်ချဆရာက အာဝဇ္ဇန်းရှိတိုင်း လောကွတ် ချော်ခဲ့ရာကစတယ်လို့ ဆိုရပါလိမ့်မယ်။ ဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီကျမ်းမှာ-

"ယခုကာလ၌ 'နိဗ္ဗာန်ကိုရပါလို၏။ အကြင်မျှလောက် နိဗ္ဗာန်ကို မရသေး၊ ထိုမျှလောက်ကာလ၌' ဆို၍ ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိတို့ကို ရေစက်ချဆရာ အာဝဇ္ဇန်းရှိတိုင်း ချဲ့ကြကုန်၏။ 'နိဗ္ဗာန်'မှာ အသံမျှသာပါတော့သည်။ အများကြိုက်ရာ နောက်ပိုင်းမှာမူ အာဝဇ္ဇန်းရှိသမျှ ဆန်းကြယ်ကြကုန်၏။ ဤကဲ့သို့သော ကုသိုလ်ကြောင်ခြစ်များကို ပယ်ရှားတော်မူခြင်းငှာ [ပါရမီမြောက်သော လောကီကုသိုလ်ကိုပြဆိုရာ၌ 'တသောဝသမ္ဘာရဘူတံ ◦ ထို လောကုတ္တရာကုသိုလ်ဟု ဆိုအပ်သော မဂ်ဉာဏ်၏သာလျှင် အဆောက်အဦဖြစ်သော ဒါနစသောကုသိုလ်ကို' ဟူ၍] တသောဝ၌ ဧဝသဒ္ဒါကို မိန့်ဆိုတော်မူလေ၏" တဲ့။ (ဥတ္တမပုရိသဒီပနီ -စာ-၁၀)

ဆရာတော်ကြီးရဲ့စာထဲမှာပါတဲ့ "ဧဝ" သဒ္ဒါဖြင့် မိန့်ဆိုတော်မူလေ၏ ဆိုတဲ့စကားက ပါဠိစာပေရဲ့ ရေးထုံးစည်းကမ်းနဲ့ အဓိပ္ပာယ်ကို ပြောတာပါ။ ပါဠိစာပေမှာ "ဧဝ" သဒ္ဒါနဲ့တွဲပြီး ရေးထားတဲ့

http://www.dhammadownload.com



စကားရပ်ဟာ အခုကာလစကားနဲ့ပြောရရင် ဗိတိုအာဏာသုံးပြီး ရေးတယ်လို့ပဲ ဆိုရမလား၊ ချိပ်ပိတ်စကားလုံးလို့ပဲ ဆိုရမလားတော့ မပြောတတ်ဘူး "လုံး၀ အတိုးအဆုတ်၊ အပြောင်းအလဲ၊ အပေးအယူ လုပ်ခွင့်မရှိတော့၊ 'ဒီအတိုင်းဆို ဒီအတိုင်းပဲ' လို့အဓိပ္ပာယ်ရပါတယ်။ ဆိုတဲ့အတိုင်းကိုသာ အခိုင်အမာယူ (ဂဟေတဗ္ဗ)၊ တခြားဘာမှ လိုတိုးပိုလျှော့ မလုပ်ရ (နိ၀တ္တေတဗ္ဗ)ဆိုတဲ့ တရားသေအမိန့်ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာလည်း စစ်မှန်တဲ့ပါရမီကုသိုလ် ဖြစ်ဖို့ဆိုရင် မဂ်ဉာဏ် (သဗ္ဗညုတဉာဏ်၊ မဂ်ဖိုလ် နိဗ္ဗာန်)ရဲ့ အထောက်အပံ့ အဆောက် အဦ အတွက်သာဆိုတဲ့ ရည်မှန်းချက်နဲ့သာပြုလုပ်တဲ့ ကုသိုလ်မျိုး ဖြစ်ရမယ်။ ကြားကာလအတွင်းမှာဆိုပြီး ဘ၀သမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ တွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုံး၀တောင့်တခြင်း မရှိရဘူးလို့ ဆိုလိုတာပါ။

ခုအခါမှာ ကုသိုလ်ပြုသူတွေများသလောက် ဒီလို ပါရမီကုသိုလ် မျိုးရသူ (ပြုသူ) က အလွန်ရှားပါးတယ်လို့ ဆိုရတာကတော့ ကာယကံရှင် (ကုသိုလ်ရှင်) များရဲ့ ၀န်ခံပြောဆိုချက်ကြောင့် ခုလို ကောက်ချက်ချရတာပါ။

ဒါနမှု သီလမှုစတဲ့ ကုသိုလ်ပြုသူ တော်တော်များများကို "ဒါန ကုသိုလ် ဘယ်သူ့အတွက် ပြုတာလဲ၊ သီလကုသိုလ် ဘယ်သူ့အတွက် ဆောက်တည်ကြသလဲ" ဆိုပြီး မေးကြည့်လိုက်ရင် အားလုံးကပဲ "ကိုယ့်အတွက် ပြုတာပါ" လို့ တစ်ပြိုင်နက်ကို ပြောဆိုကြပါတယ်။ တစ်ရပ် တစ်ဒေသမှာသာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာ၀င် နယ်ပယ် ကြီးတစ်ခုလုံးမှာကို ဒီလိုပဲခံယူထားကြတာ ဖြစ်ပါတယ်။

http://www.dhammadownload.com



"ကိုယ့်အတွက်" ဆိုတဲ့စကားက မြန်မာလို စစ်စစ်ကလေး ပြောတာဆိုတော့ နားထဲမှာ ယဉ်နေသလိုဖြစ်နေလို့ ဘာမှ အထူးပြောစရာ မလိုဘူးလို့ ထင်ရပေမယ့် ဒီစကားလုံးကို ပါဠိသံ ထက်ဝက်ရောပြီး ပါဠိသက်စကား အနေနဲ့ပြောမယ်ဆိုရင် "အတ္တကျိုးအတွက်" လို့ ဆိုရမှာပါ။ ဒီလောက်ဆိုရင်ပဲ ဒီကုသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ နည်းနည်းအကျည်းတန်စပြုလာပြီ ဆိုတာ အကဲခတ်မိလောက်ပြီ၊ လယ်တီဆရာတော်ကြီး မိန့်ကြားတဲ့ စကားအတိုင်း ပြောရရင် ကုသိုလ်မှာ ကြောင်ခြစ်ရာ အစင်းကြောင်းကြီးတွေ ပါနေတာကို ထင်းထင်းကြီး မြင်သာလောက်ပြီလို့ ထင်ပါတယ်။

ပါးစပ်က "နိဗ္ဗာနပစ္စယောဟောတု" လို့ ဆိုနေကြပေမယ့် ကိုယ်ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို ကိုယ်တိုင်ဘာမှမသိတဲ့သဘောဖြစ်နေပါတယ်။ 'နိဗ္ဗာန်' ဆိုတာ အနတ္တသဘော (ဝါ) အတ္တဆိတ်သုဉ်းတဲ့သဘောကို ထိုးထွင်းသိမြင်ပြီးလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိသူများသာ မျက်မှောက်ပြုနိုင်တာ၊ "အတ္တနယ်လွန်မှသာ တွေ့ရှိနိုင်တာဖြစ်တယ်" ဆိုတာကို သဘောပေါက်ကြမယ် ဆိုရင်တော့ အတ္တကျိုးအတွက်၊ အတ္တတိုးပွားစည်ပင်ဖွံ့ဖြိုးရေးအတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပြုနေတဲ့ ဘယ်ကုသိုလ်မဆို နိဗ္ဗာန်ကို အထောက်အကူ မပြုနိုင်ဘူး။ နိဗ္ဗာန်ကို အထောက်အကူမဖြစ်ရင် ပါရမီမြောက်တဲ့ကုသိုလ် မဖြစ်ပါဘူး။ ဒါကြောင့် ကုသိုလ်ပြုသူတွေများပေမယ့် ကုသိုလ်စစ် (သာသနာတွင်း ကုသိုလ်ခေါ် ပါရမီကုသိုလ်) ရတဲ့သူကတော့ မရှိသလောက် ရှားတယ်လို့ ဆိုရတာပါ။ လုံးဝ မရှိဘူးလို့တော့ ဆိုလိုတာ မဟုတ်ပါဘူး။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



ဒီလိုပြောလိုက်တဲ့အတွက် "ကုသိုလ်ပြုပါတယ်ဆိုမှ ကောင်းကျိုးကိုလိုချင်ရမှာပေါ့၊ ကောင်းကျိုးမလိုချင်ရင် ဘာဖြစ်လို့ ကုသိုလ်ပြုနေရဦးမှာလဲ" ဆိုပြီး အလွဲငေါ့ကြတဲ့ ပုဂ္ဂိုလ်များကိုလည်း တွေ့ရဖူးပါတယ်။ ဒီလိုထင်မှတ်နေသူများ အနေနဲ့ "ကုသိုလ်ကို ဘာ့ကြောင့်ပြုရတယ်" ဆိုတာ သဘောပေါက်ဖို့အတွက် မိမိတို့ ကိုးကွယ်ရာဖြစ်တဲ့ ဘုရားရှင်တို့ရဲ့ လာရာ လမ်းကြောင်း (အလောင်းတော်တို့ ပါရမီဖြည့်ခဲ့ပုံ) ကို အာရုံပြုကြည့်စေချင်ပါတယ်။ ပါရမီ ကုသိုလ်ရှင်စစ်စစ်ကို ဖော်ပြတဲ့ "ဥတ္တမပုရိသ" ဆိုတဲ့ ပါဠိစကားကို လယ်တီဆရာတော်ဘုရားကြီးက "အမြတ်ခေါင်ဖျား ယောကျ်ားအာဇာနည်" လို့ မြန်မာပြန်လိုက်တဲ့အတွက် ဒီလမ်းစဉ်ကို "အာဇာနည်တို့ လာရာလမ်း" လို့ ပြောရတာပါ။

အားလုံးလိုလို ကြားဖူးနားဝရှိကြတဲ့ အတိုင်းပါပဲ။ ဘုရားအလောင်းတော်ကို "ဘုရားအလောင်း" လို့ အားလုံးက အသိအမှတ်ပြုရတာဟာ ဟိုး. . . လွန်ခဲ့တဲ့ လေးအသင်္ချေ ကမ္ဘာတစ်သိန်းကာလဆီက ဒီပင်္ကရာဘုရားရှင်ပွင့်တော်မူတဲ့ လက်ထက်တော်မှာ စခဲ့တာပါ။ အဲဒီတုန်းက အမျိုးကောင်းသားရဲ့အမည်က 'သုမေဓာ' တဲ့၊ မူလက္ခတော့ အလွန်ကြွယ်ဝတဲ့ သူဌေးလင်မယားတို့ရဲ့ တစ်ဦးတည်းသော သားပါပဲ။

မိဘများကွယ်လွန်သွားလို့ ဥစ္စာအမွေအနှစ်တွေ သူ့အတွက်ရလိုက်တဲ့အခါ ဘဏ္ဍာတိုက်ထဲမှာ "ပေးလို့မကုန် လှူလို့မခန်း" လို့ ဆိုရလောက်အောင် ဥစ္စာဘဏ္ဍာတွေ အများကြီး ကျန်ရစ်ခဲ့တာကို ကြည့်ပြီး ပထမတော့ မိဘတွေကို အတော်ကြီးအံ့ဩသွားတယ်။

http://www.dhammadownload.com



"ပစ္စည်းဥစ္စာတွေကို ဘယ်အတွက်ရှာကြတာလဲ၊ ကိုယ်ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေ ကိုယ့်နောက်မှာ အရိပ်သဖွယ် ကပ်ပါလာအောင် မယူမဆောင်တတ်ကြပါလား၊ ပစ္စည်းဥစ္စာဆိုတာ ဖက်တွယ်ထား ရင် ပစ္စည်းက ကိုယ့်နောက်မပါတဲ့အပြင် ကိုယ်က ပစ္စည်းဥစ္စာမှာ ငြိတွယ်ပြီး နိမ့်ကျနစ်မြုပ်သွားတတ်တယ်ဆိုတာ သံသရာခရီးမှာ ကိုယ့်နောက်က အရိပ်သဖွယ် ကပ်ပါနေတယ်ဆိုတာ ပစ္စည်းဥစ္စာ တွေကို ကုသိုလ်ကံစစ်စစ်ဖြစ်အောင် ပြောင်းလဲပစ်တဲ့နည်းပဲ ရှိတယ်ဆိုတာ မသိကြလေရော့ သလား" လို့ တအံ့တသြ တွေးတော ရင်း အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်တယ်။ "ဒီပစ္စည်းဥစ္စာတွေကို ကိုယ်ကျိုး ပြန်လည်တောင့်တတဲ့ တဏှာလောဘ လုံးဝအငြိအတွယ် မရှိစေဘဲ လွတ်လွတ်စွန့်ကြပြီး လှူဒါန်းမယ်" ဆိုတာပါပဲ။ ဆုံးဖြတ် ပြီးတာနဲ့ လက်တွေ့အကောင်အထည်ဖော်တော့တာပါပဲ။အားလုံး ကို အလိုရှိသူများ ယူကြပါလို့ ပုဂ္ဂိုလ်ယုတ်မြတ် ကန့်သတ်ပိုင်းခြား ခြင်း မရှိဘဲ လွတ်လွတ်ကြီး စွန့်လှူလိုက်ပါတယ်။

ဒီနေရာမှာ ကြားဖြတ်ပြီး နည်းနည်းပြောလိုတာကတော့ ကုသိုလ်မြောက်တဲ့စေတနာကို ပါဠိလို 'မုဉ္စစေတနာ' လို့ ခေါ်ပါ တယ်။ မြန်မာလိုတော့ 'စွန့်လွှတ်တဲ့စေတနာ' လို့ ခေါ်ပါတယ်။ 'စွန့်တယ်' ဆိုတာ ဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိကို တောင့်တခြင်းဆိုတဲ့ တဏှာလောဘနဲ့လည်း လုံးဝငြိတွယ်ခြင်းမရှိ။ 'ဒီလို လုပ်လိုက်ရင် ဒုက္ခလွတ်ငြိမ်းဖို့အတွက် ပြုဖွယ်ကိစ္စပြီးပြီ" ဆိုတဲ့ သုဒ္ဓိဒိဋ္ဌိနဲ့လည်း ငြိတွယ်ခြင်း မရှိစေဘဲ ပိုင်ဆိုင်မှု၊ ပိုင်ဆိုင်လိုမှု လုံးဝကင်းအောင် လွှတ်လိုက်တာပါ။ 'လွှတ်ချင်ရင် လွှတ်ရမယ်၊ မလွှတ်နိုင်ရင်

http://www.dhammadownload.com



မလွှတ်နိုင်ဘူး' ဆိုတဲ့ ဆရာမြတ်တို့ရဲ့ အဆုံးအမဟာ ဒီသဘောကို ပြောတာပါပဲ။

သုမေဓာသူဌေးသားဟာ ပစ္စည်းဥစ္စာတွေကို ပထမစွန့်လိုက်တယ်။ ဒါကို ဒါနကုသိုလ်လို့ ခေါ်ပါတယ်၊ ပြီးတော့ အိမ်ရာတည်ထောင်တဲ့ လူ့ဘောင်ရပ်ရွာကိုစွန့်ခွာပြီး တောထွက်တရားအားထုတ်ပါတော့တယ်။ ဒါကို နိက္ခမကုသိုလ်လို့ ခေါ်ပါတယ်။ နှစ်မျိုးလုံး 'စွန့်လွှတ်တဲ့ အလောဘ' ပြဋ္ဌာန်းတဲ့ကုသိုလ်မျိုး ဖြစ်ပါတယ်။

ဒါကိုကြည့်လိုက်ရင် အာဇာနည်တို့ရဲ့ လာရာလမ်း သို့မဟုတ် နိဗ္ဗာန်ကို ဦးတည်တဲ့လမ်းဆိုတာ စွန့်လွှတ်ခြင်းဆိုတဲ့ အလောဘနဲ့ စ,ရတယ်လို့ သဘောပေါက်စရာပါ။

သုမေဓာဟာ တောထွက်ပြီး ရသေ့အဖြစ်နဲ့ တွေ့ရတဲ့ဆရာများထံမှာ နည်းခံပြီး ဈာန်လမ်းစဉ်ကို ကြိုးစားလိုက်တာ ပါရမီဓာတ်ခံကောင်းရှိသူပီပီ မကြာမီပဲ ဈာန်အဘိညာဉ်ရတဲ့ ရသေ့တစ်ပါး ဖြစ်သွားပါတော့တယ်။

သုမေဓာရသေ့မှာ ဘုရားဖြစ်ဖို့ ဖြည့်ကျင့်တဲ့ ပါရမီဓာတ်ခံသာ ပြောပလောက်အောင် မရှိလှသေးပေမယ့် သာဝက အဖြစ်နဲ့တော့ ဂါထာဝက်လောက် ဆုံးမလမ်းညွှန်လိုက်ရုံနဲ့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်နိုင်လောက်အောင်အထိ ပါရမီဓာတ်ခံရှိပြီးသူ ဖြစ်ပါတယ်။ အဲဒီခေတ်ဟာ လူတွေရဲ့ သက်တမ်းကလည်း သိန်းတန်းမှာ ရှိနေတာဆိုတော့ အလွန်ရှည်တယ်။ သုမေဓာအမျိုးကောင်းသား တောထွက်ပြီး ရသေ့ပြုချိန်လောက်က 'ဘုရား'ဆိုတာ မပွင့်သေး

http://www.dhammadownload.com



ပေမယ့် သုမေဓာရသေ့ ဈာန်အဘိညာဉ်ရချိန်မှာတော့ ဒီပင်္ကရာ မြတ်စွာ ဘုရားရှင် ပွင့်တော်မူလာပါပြီ။

တစ်နေ့ သုမေဓာရှင်ရသေ့ ရမ္မဝတီမြို့ဘက်ဆီ အဘိညာဉ် ကောင်းကင်ခရီးနဲ့ကြွအလာ အောက်ဆီမြေပြင်မှာ လူတွေပျားပန်းခပ်မျှ လှုပ်ရှားနေတာကို တွေ့ရလို့ မြေပြင်ကို ဆင်းသက်ပြီး အကျိုး အကြောင်းမေးတဲ့အခါ ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ နောက်ပါရဟန်း လေးသိန်းတို့ ကြွလာမှာဖြစ်လို့ လမ်းများပြုပြင် မွမ်းမံနေတယ်ဆိုတာ သိရတယ်။ "ဘုရား" ဆိုတဲ့ အသံကြားရုံနဲ့ အားကျကြည်ညိုစိတ်က တစ်ကိုယ်လုံး လွှမ်းပြီး ပူဇော်လိုစိတ်ပြင်းပြတာနဲ့ "သူလည်း တစ်နေရာတာဝန်ယူပါရစေ" လို့ တောင်းဆိုပါတယ်။ လူတွေ ကလည်း သုမေဓာရသေ့အကြောင်း သိပြီးသားဖြစ်လို့ သာမန် လူတွေ ပြင်ဖို့ မစွမ်းနိုင်တဲ့ ဗွက်ညွန်ကြီးကို တာဝန်ယူဖို့ ပေးတယ်။ သုမေဓာရသေ့ကလည်း မငြင်းမဆန် လက်ခံတာဝန်ယူပြီး လူတွေထင်ထားသလို တန်ခိုးအဘိညာဉ်ကို အသုံးမပြုဘဲ မွေးရာပါ ပင်ကိုစွမ်းအားကို အသုံးပြုပြီး မြေသယ် ဗွက်ဖို့လုပ်ပါတယ်။

ဒီပင်္ကရာဘုရားရှင်နဲ့ နောက်ပါ သံဃာလေးသိန်းတို့ ကြွလာချိန် မှာတော့ တခြားပုဂ္ဂိုလ်တွေက မိမိတို့တာဝန်ပြီးဆုံးလို့ ဘုရားရှင် နဲ့ သံဃာတော်တို့ကို ရှိခိုးပူဇော် သာခုခေါ်သံတွေ မြိုင်နေကြပြီ၊ သုမေဓာရှင်ရသေ့ တာဝန်ယူထားတဲ့ ဗွက်ကြီးကတော့ မပြီးတတ် သေးဘူး၊ အများတကာ အုတ်အာသောင်းသဲ သာခု ခေါ်သံတွေ ကြားလို့ မော့ကြည့်လိုက်တော့မှ လက္ခဏာကြီးငယ် အသွယ်သွယ် တွေနဲ့ တင့်တယ်လှတဲ့ ဘုရားရှင်ကိုဖူးမြင်ပြီး ဘုရားဖြစ်ချင်တဲ့

http://www.dhammadownload.com



ဆန္ဒတွေလည်း ပေါ်လာတော့တယ်၊ နိယတဗျာဒိတ် မရသေးပေမယ့် အကြိုသဘောနဲ့ဖြည့်ခဲ့တဲ့ ပါရမီဓာတ်ခံအားကောင်းလို့ အခုလို ဖြစ်လာတာပါ။

အဲဒီအချိန်မှာပဲ "သုမိတ္တာ" ဆိုတဲ့ ပုဏ္ဏားပျို မိန်းမချောလေးကလည်း ဘုရားကိုပူဇော်ဖို့ ကြာပန်းခိုင်ရှစ်ခိုင်ကိုကိုင်ပြီး ဘုရားကြွမယ့် လမ်းထိပ်ဆီအလာ သုမေဓာရှင်ရသေ့ရဲ့ မျက်နှာကိုမြင်လိုက်တော့ (ယသော်ဓရာ ထေရီမကြီး ပြန်ပြောပြတဲ့ အတိုင်းပြောရရင်) ဘဝပေါင်းများစွာ ဘုရား, ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာ အရှင်ပေါင်းများစွာထံမှာ ဆုပန်တောင့်တခဲ့တဲ့ "ယောကျ်ားမြတ်အာဇာနည်" ဟာ ဒီအရှင်ရသေ့ ပါပဲကလားဆိုပြီး မေတ္တာပေမဓာတ်တွေနဲ့ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားသတဲ့၊ ဘယ်လောက်အထိလဲဆိုရင် ဘုရားရှင်ကို ပူဇော်ဖို့ ခူးယူလာတဲ့ ကြာပန်းခိုင်တွေနဲ့ အဲဒီ ရသေ့လေးကိုလည်း ပူဇော်လိုက်ချင်စိတ် ပေါ်လာတယ်။ ဒီအမျိုးကောင်းသားလည်း တစ်ချိန်မှာ အခုလိုပဲ သဗ္ဗညုဘုရားတစ်ဆူ ဖြစ်မယ့် အလောင်းအလျာပဲလို့လည်း အလိုလို သိမြင်ခံစား ရသတဲ့။

ဒါနဲ့ပဲ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် ကြာပန်းငါးခိုင်ကို ရသေ့လေးရဲ့ လက်ထဲထည့်ပြီး လျှုဒါန်းရင်း-

"အရှင်ရသေ့- မြတ်စွာဘုရားအား အရှင် အလိုရှိသလို လျှုဒါန်းဖို့ ကြာပန်းငါးခိုင်ကို အရှင့်အတွက် ပေးအပ်ပါတယ်။ ကျန်တဲ့ ကြာပန်းသုံးခိုင်ကတော့ ကျွန်ုပ် လျှုဒါန်းပါရစေ"

ပြီးတော့- "အရှင်ရသေ့- အရှင်သည် ဘုရားဖြစ်ဖို့ရန် ပါရမီတော်တို့ကို ဖြည့်ကျင့်နေသမျှ အရှင်နှင့်ကျွန်ုပ်တို့ အတူတကွ

http://www.dhammadownload.com



ညီမျှကြသူတို့ ဖြစ်ကြပါစေကုန်သတည်း” လို့လည်း ဆုပန်လိုက်ပါသတဲ့။

လက်ထဲမှာ ကြာပန်းငါးခိုင်ကိုကိုင်၊ ရသေ့တို့ အမြတ်တနိုး ဆောင်းတဲ့ ဒေါက်ချာကို ဘေးမှာချ၊ အပေါ်ပိုင်းမှာဝတ်ဆင်နေကျ သစ်နက်ရေ (သင်တိုင်း) ကို အောက်ကခင်း၊ ကိုယ်ကိုအလျားစင်း တံတားခင်းပြီး အသက်ကို မငဲ့မကွက်ဘဲ အလွန်ခဲယဉ်းလှတဲ့ ပူဇော်မှု (အဓိကာရ) ကို ပြုလုပ်နေတဲ့ သုမေဓာရှင်ရသေ့ရဲ့ လုပ်ရပ်နဲ့စိတ်ဓာတ်ကို သိမြင်တော်မူတဲ့ ဒီပင်္ကရာဘုရားရှင်က ရသေ့အတွက် ဖြစ်နိုင်တဲ့ အစွမ်းအစ နှစ်ခုကို မိန့်ကြားတော်မူတယ်-

၁။ သာဝကအဖြစ်နဲ့ တစ်ကိုယ်ရေ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုတယ် ဆိုရင် အခု ဂါထာဝက် (အက္ခရာ ဆယ့်ခြောက်လုံး) လောက် ဟောညွှန်ပြလိုက်ရုံမျှနဲ့ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်စွမ်းရယ်။

၂။ လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကာလကြာအောင် ဒါနစတဲ့ ပါရမီတော်တွေကို “အသက်စွန့်ရသည်တိုင်အောင် နောက်မတွန့်ဘူး” ဆိုတဲ့ ဇွဲနဲ့ဖြည့်ကျင့်မယ်ဆိုရင် သဗ္ဗညုဘုရားရှင်အဖြစ်နဲ့ သံသရာဒုက္ခသည်တွေကို ဒုက္ခနယ်က လွန်မြောက်အောင် ဟောညွှန် ကယ်မနိုင်စွမ်းရယ်တို့ ဖြစ်ပါတယ်။

ဒီစကားကို ကြားလိုက်ရတဲ့ သုမေဓာရှင်ရသေ့က “ကိုယ်စွမ်းကိုယ်စကို သိမြင်ပြီးဖြစ်တဲ့ ယောကျ်ားကောင်း အာဇာနည်တစ်ဦး ဖြစ်ပါလျက် တစ်ကိုယ်တည်း နိဗ္ဗာန်ကိုကူးမြောက်လို့ ဘာထူးမှာလဲ၊ သဗ္ဗညုဘုရား အဖြစ်ရောက်အောင် အားထုတ်ပြီး သတ္တဝါ

http://www.dhammadownload.com




အားလုံး ကို နိဗ္ဗာန်ကူးတို့ ဆောင်ပို့ကယ်တင်မယ်” လို့ ဆုံးဖြတ်ပြီး နိယတဗျာ ဒိတ်လို့ခေါ်တဲ့ သဗ္ဗညုဘုရားတစ်ဆူ (ဒီပင်္ကရာဘုရားရှင်) ကိုယ်တော်တိုင် သတ်မှတ်မိန့်ကြားတော်မူတဲ့ စကားကို ခံယူလိုက် ပါတယ်။

ဒါဟာ အာဇာနည်ယောကျ်ားမြတ်တို့ရဲ့ လာရာလမ်းအစပါ၊ ကိုယ်ကျိုးကို စွန့်လွှတ် အနစ်နာခံခြင်း၊ အများအကျိုး ဆောင်ရွက်ခြင်း၊ သတ္တဝါအားလုံးအပေါ်မှာ ကြီးမားတဲ့ ကရုဏာထားခြင်းတို့နဲ့ စခဲ့တယ်လို့ အကျဉ်းချုပ် မှတ်သားနိုင်ပါတယ်။

**အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၅၂။**

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း (၂)
## "သံသာလေကမ်းတိုင်(အစစ်)"

'ဘုရားဆုပန်တယ်' စကားလုံးကို ဗုဒ္ဓဘာသာဝင် တော်တော်များများ ကြားဖူးနားဝ ရှိကြပါတယ်။ အဓိပ္ပာယ်ကိုတော့ နားလည်ကြ သူလည်းရှိသလို သိပ်နားမလည်ဘဲ လုံးထွေးယောင်ဝါးဖြစ်နေကြပြီး 'ဘုရားဆုပန်တယ်' ဆိုတာ "ဘုရားဆုကို တောင်းတာပဲ" လို့ ထင်ကြသူလည်း ရှိပါတယ်။

"သုမေဓာရှင်ရသေ့ ဘုရားဆုပန်တယ်" ဆိုတာကို အသေအချာ လေ့လာကြည့်မယ်ဆိုရင်. . . ဟို . . . မြတ်စွာဘုရားရှင် အဘိဓမ္မာတရားဟောပြီးလို့ တာဝတိံသာက ကြွမြန်း ဆင်းသက်လာစဉ် တုန်းက ဘုရားရှင်ရဲ့ ဘုန်းတန်ခိုးအာနုဘော်တွေကို မျက်ဝါးထင်ထင် မြင်တွေ့ကြရတဲ့ ဗိုလ်ပါပရိသတ်တွေရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ "ဘုရားဖြစ်ချင်လိုက်တာ" ဆိုတဲ့ တောင့်တမှု၊ တောင်းခံမှုမျိုး မဟုတ်ပါဘူး။ သဗ္ဗညုဘုရားရှင်တစ်ဆူဖြစ်တဲ့ ဒီပင်္ကရာမြတ်စွာဘုရားရှင်က တစ်ကိုယ်တော်နိဗ္ဗာန်ကို အခုချက်ချင်း မျက်မှောက်ပြုနိုင်ခွင့်နဲ့ သတ္တဝါတို့ရဲ့ ဒုက္ခကိုကယ်မနိုင်တဲ့ သဗ္ဗညုဘုရားတစ်ဆူ ဖြစ်နိုင်ခွင့်

http://www.dhammadownload.com



ဆိုတဲ့ အခွင့်အရေးနှစ်ခုရှိတယ်၊ ကြိုက်ရာကိုရွေးနိုင်တယ်ဆိုတဲ့ နှုတ်မြွက် စကားကို ကြားနာရလို့ "ဘုရားဖြစ်ဖို့ ပါရမီတော်တို့ကို မဆုတ်မနစ် ဖြည့်ဆည်းအားထုတ်ပါမယ်" ဆိုပြီး လက်ခံပန်ဆင် လိုက်တာပါ။ "မတန်မရာကို တောင့်တတာမဟုတ်ဘူး၊ ထိုက်တန်စွာ ပေးအပ်တဲ့ အတွက် လက်ခံ ပန်ဆင်လိုက်တာ" လို့ အဓိပ္ပာယ်ရပါတယ်။

ဒီပင်္ကရာဘုရားရှင်က နှုတ်မြွက်ပြောဆိုရတာကလည်း အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး။ (၁) လူသားစင်စစ်ဖြစ်ခြင်း၊ (၂) ယောကျ်ားစင်စစ်ဖြစ်ခြင်း၊ (၃) လိုအပ်လျှင် အဲဒီဘဝမှာပဲ အရဟတ္တဖိုလ်အထိ ရောက်ရှိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း (ဒီနေ့ ငါးပါးသီလတောင် အစင်အကြယ် မမြဲကြဘဲ ဘုရားဆုပန်ဆိုပြီး ဖြီးဖြန်းညာဝါးလုပ်နေကြသူတို့ကို အကဲခတ်မိစရာ အင်္ဂါရပ်ပါပဲ)၊ (၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဒိဋ္ဌမျက်မှောက် ဖူးမြင်ရခြင်း၊ (၅) ကမ္မဝါဒီ (ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်သူ) ရှင်ရသေ့ဖြစ်ခြင်း၊ (၆) ဈာန်သမာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးနဲ့ ပြည့်စုံသူဖြစ်ခြင်း၊ (၇) အဓိကာရ (အရပ်စကား အခေါ် 'အထိကရ') ကုသိုလ်ထူးနဲ့ ပြည့်စုံခြင်း၊ (၈) မီးပင်လယ်ကြီးပဲဆီးဆီး၊ ဓားသွား၊ လှံသွား၊ ရှားမီးခဲ တံတားတွေပဲ ခြားခြား၊ မဆုတ်မနစ် ကူးခတ်သွားပြီး ဘုရားမဖြစ်သမျှ မလျှော့ဘဲ ဘုရားဖြစ်လိုတဲ့ဆန္ဒ ပြင်းပြခြင်း ဆိုတဲ့ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံလို့ မိန့်ကြားတာပါ။

ဒီအင်္ဂါရှစ်ပါးထဲမှာ နံပါတ် (၇) ဖြစ်တဲ့ အဓိကာရ (အထိကရ) ကုသိုလ်ဆိုတာ အသက်ကိုပင် ငဲ့ကွက်ထောက်ထားခြင်း မရှိဘဲ ပြုလုပ်ရဲတဲ့ ကုသိုလ်မျိုးကို ဆိုလိုတာပါ။ သုမေဓာရှင်ရသေ့ဟာ မိမိတာဝန်ယူထားတဲ့ ရွှံ့ဗွက်ကြီးဖို့လို့မပြီးခင်မှာပဲ ဒီပင်္ကရာဘုရားရှင်နဲ့

http://www.dhammadownload.com



နောက်ပါရဟန်းတော်လေးသိန်းတို့ ကြွလာတာကိုတွေ့ရပြီး ဘုရားရှင်ရဲ့ လက္ခဏာတော် ကြီးငယ်တို့ကို ဖူးမြင်ရတဲ့အခါ "မြတ်စွာဘုရားရှင်ကြီးတစ်ပါး ဖြစ်ပါလျက် ဒီလိုညွန်ပျောင်းပေါ်မှာ နင်းပြီး ဆင်းရဲစွာမကြွမြန်းစေသင့်ဘူး၊ ဒီနေ့ ငါဟာ မြတ်စွာဘုရားရှင်ထံမှာ အသက်ကို စွန့်သင့်တယ်လို့ သုံးသပ်ပြီးတော့မှ ဒီပင်္ကရာဘုရားရှင်နဲ့ ရဟန္တာလေးသိန်းတို့ ငါရဲ့ ကျောက်ကုန်း (ကျောပြင်)ကို နင်းပြီး ကြွတော်မူကြပါစေသတည်းလို့ ဆုံးဖြတ်ပြီး ကိုယ်ကို အလျားစင်း တံတားခင်းလိုက်တာပါ။ အဲဒီလို ကုသိုလ်မျိုးကို အဓိကာရ (အလွန် အကဲ) ကုသိုလ်၊ (တုနှိုင်းမရတဲ့ အထိကရ ကုသိုလ်) လို့ ခေါ်တာပါ။

ဒီပင်္ကရာဘုရားရှင်က သုမေဓာရှင်ရသေ့ရဲ့ အရည်အချင်း၊ အင်္ဂါရပ်ရှစ်ပါးနဲ့ ပြည့်စုံပုံကို သာမက သုမိတ္တာအမျိုးသမီးလေးရဲ့ အရည်အချင်း ဂုဏ်အင်္ဂါတွေကိုပါ သိမြင်တော်မူတဲ့ အတွက် -

"အို .. သုမေဓာရသေ့မြတ်၊ ဒီ သုမိတ္တာ အမျိုးသမီးဟာ ဘုရားဖြစ်ဖို့ အားထုတ်တဲ့ သင့်အတွက် စိတ်တူကံတူ အညီအမျှ ပြုလုပ်သူ၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံးချစ်ခင်အပ်သူ (ပါရမီဖြည့်ဖက်) ဖြစ်ပေလိမ့်မယ်။ နောက်ဆုံး ပစ္ဆိမဘဝမှာ သင့်ရဲ့ လောကုတ္တရာအမွေကို အရဟတ္တဖိုလ်ပေါက်ခံယူပြီး တန်ခိုးဣဒ္ဓိပါတ်နဲ့ ပြည့်စုံတဲ့ သာဝိကာမဖြစ်လိမ့်မယ်" အစရှိတဲ့ ဗျာဒိတ် စကားကို မိန့်ကြားတော်မူခဲ့ပါတယ်။

သုမေဓာရှင်ရသေ့က ဘုရားအလောင်း အာဇာနည်ယောက်ျားကောင်းအဖြစ် နိယတဗျာဒိတ်ကို ခံယူသလို သုမိတ္တာ အမျိုးသမီးကောင်းကလေးလည်း ပါရမီဖြည့်ဖက်အဖြစ် နိယတဗျာဒိတ် ရရှိတယ်လို့ပဲ ဆိုရမှာပါ။

**စာနဒီစာအုပ်တိုက်**

http://www.dhammadownload.com



ဒီနေရာမှာ ဒီနေ့ခေတ်မီတယ်၊ ဝိဘဇ္ဇဝါဒကို လက်ကိုင်ထားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တချို့ရဲ့ အူကြောင်ကြောင် စဉ်းစားဝေဖန်တွေးခေါ်ခေတ်မီကြပုံကလေးကို နည်းနည်းပြောပြချင်ပါတယ်။ သူတို့ပြောတဲ့စကားကို အရင် နားဆင်ကြည့်ပါဦး-

"ဘုရားအလောင်းတော်ဟာ ဝေဿန္တရာမင်းကြီးဘဝမှာ ပါရမီဖြည့်ဖို့ဆိုပြီး မဒ္ဒီဒေဝီကိုလည်း လှူပစ်တယ်၊ သားငယ်သမီးငယ်တို့ကိုလည်း လှူပစ်တယ်ဆိုတော့ ဒီကိစ္စဟာ ဒီနေ့ကမ္ဘာ့အလယ်မှာ ချပြလို့ (ပြောပြလို့) ဖြစ်ကို မဖြစ်နိုင်လောက်တဲ့ကိစ္စဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ အမျိုးသမီးများကို နိုင့်ထက် စီးနင်းပြုရာ ကျနေပါတယ်။ ကလေးငယ်များကို ကျွန်အဖြစ်ခိုင်းစေဖို့ ပေးလှူတယ် ဆိုတာဟာလည်း ဒီနေ့ ကလေးသူငယ်လူမှောင်ခိုကိစ္စတွေနဲ့ ပတ်သက်လို့ တစ်ကမ္ဘာလုံး လက်ခံထားတဲ့ မိခင်နဲ့ ကလေးသူငယ် စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေများနဲ့ ငြိနေလို့ ကမ္ဘာက လက်မခံနိုင်ပါဘူး" တဲ့။

ဒီလို ပုဂ္ဂိုလ်တွေနဲ့ ခဏခဏဆိုသလို တွေ့ရဖူးပါတယ်၊ ဒါကြောင့် လောကမှာ မိခင်နဲ့ကလေးတွေဟာ ဘာမှ ပြဿနာမတက်တတ်ဘူး။ လောကကြီးကို ပြဿနာတွေ ရှုပ်ထွေးအောင် လုပ်နေတာ၊ ရုံးပြင်ကနားမှာ အမှုတွေ စုပုံနေတာ၊ လက်ရှိ ကြုံတွေ့နေရတဲ့ ဒုက္ခအထွေထွေတို့ရဲ့ အဓိကလက်သည်ဟာ မိခင်နဲ့ကလေးများ မဟုတ်ကြဘူး၊ ဖခင်နဲ့လူကြီးတွေသာဖြစ်လို့ လောကကြီးငြိမ်းချမ်းသာယာဖို့အတွက်ဆိုရင် "ဖခင်နဲ့ လူကြီးများ စောင့်ရှောက်ရေး" အသင်းကြီးကမှ တကယ်လိုအပ်နေတာလို့တောင် စဉ်းစားမိခဲ့တာ အတော်ကြာနေပြီ။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



အခုလည်း တကယ့်ပါရမီရှင် အာဇာနည်ယောက်ျားမြတ်တို့ရဲ့ လုပ်ငန်းကို ခုကာလ ခေတ်မီဥပဒေတွေနဲ့ ငြိစွန်းတယ်တဲ့ဗျာ။ သူတို့ပြောပုံအရဆိုရင် အလောင်းတော်သူမြတ် ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေထဲက ဒါနပါရမီနဲ့ပတ်သက်လို့ အထွတ်အထိပ်ဖြစ်တဲ့ 'စွန့်ခြင်းကြီး ငါးပါး' ဆိုတာကိုတောင် "သားမယားကိုစွန့်ခြင်း" ဆိုတာကို နှုတ်ပယ်ပြီး စွန့်ခြင်းကြီးလေးပါးကိုသာ ပြုလုပ်ခဲ့ပါတယ်လို့ လိမ်ညာရတော့မယ့် ပုံမျိုး ဆိုက်နေတယ်။

သူတို့တစ်တွေရဲ့ ပြောပုံ ပြောပေါက်အရဆိုရင် ဒါဟာ ဒီနေ့ကမ္ဘာမှာ တကယ်ပဲ ကြုံတွေ့နေရတဲ့ ပြဿနာကြီးတစ်ခုလို အလေးအနက် ပြောနေကြတာပါ။ ဒါပေမယ့် တကယ့်လက်တွေ့ ကမ္ဘာကို သာသနာပြုတော်မူခဲ့တဲ့ ဆရာတော်အရှင်သေဋ္ဌိလရဲ့ ပြောပြချက်များအရဆိုရင် ကမ္ဘာကြီးဟာ အခုလို သူမြတ်လမ်းစဉ်တွေအပေါ်မှာ ပြဿနာရှာပြီး စွပ်စွဲလောက်အောင်အထိ အောက်ကျ နောက်ကျ ဖြစ်တဲ့ ပုဂ္ဂိုလ်မျိုး အလွန်ရှားပါတယ်တဲ့။ ဆရာတော်ကြီးက-

"လောကမှာ သေသေချာချာ လေ့လာ အကဲခတ်ကြည့်၊ အကျိုးကိုလိုလားတဲ့ ပုဂ္ဂိုလ်တွေက အကျိုးကိုကြည့်ပြီး အကျိုးကိုရှာကြတာ၊ အပြစ်ကို လိုလားတဲ့ ပုဂ္ဂိုလ်တွေက အပြစ်ကိုကြည့်ပြီး အပြစ်ရှာ၊ အပြစ်တင်လုပ်ကြတာပဲ၊ နောက်ဆုံးတော့ အကျိုးရှာသူတွေက အကျိုးကို တွေ့မြင်ပြီး အကျိုးရကြတယ်။ အပြစ်ရှာသူတွေကတော့ အပြစ်တွေ့မြင်ပြီး အပြစ်ရနေကြတာပေါ့။

သူတို့အနောက်နိုင်ငံတွေမှာ နားမလည်နိုင်တဲ့ ကိစ္စတစ်ရပ်အပေါ်မှာ သူတို့ရဲ့ သဘောထားကိုက အလွန်အထက်တန်းကျတဲ့

http://www.dhammadownload.com



ခံယူချက် ရှိတယ်။ ဥပမာ- 'ဗုဒ္ဓဘာသာအရ အမြင့်ဆုံးပန်းတိုင်ဟာ ဘာလဲ" လို့ မေးလာတဲ့အတွက် "နိဗ္ဗာန်" နဲ့ နိဗ္ဗာန် ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးကို ရှင်းပြတဲ့အခါ အသေအချာ စူးစူးစိုက်စိုက်ကို နားထောင်တယ်၊ ပြီးတော့ ဘာပြောလဲဆိုတော့ 'ကျွန်တော်တို့ ဉာဏ်မမီသေးဘူး၊ သိပ်ပြီးလေးနက်လွန်းတယ်' တဲ့။ ဒါဟာ အလွန်အဆင့်မီတဲ့ မှတ်ချက်ပဲ။ သူ့အတွက် နိဗ္ဗာန်တံခါး ဘယ်တော့မှ မပိတ်ဘူး။ တို့ဒီမှာ ခေတ်မီသလိုလို၊ ခေတ်ပညာတတ်လိုလို ကောင်လေးတွေ တစ်ခါတစ်ခါ လာမေးလို့ ပြောပြကြည့်တယ်၊ သူတို့ သဘောမပေါက် နားမလည်တဲ့ ကိစ္စမျိုးဆိုရင် "ဟာ . . ဒါတော့ လုံးဝကို မဖြစ်နိုင်ပါဘူး"တဲ့၊ မှတ်ချက်ချ ပုံချင်း ဘယ်လောက် အဆင့်အတန်းကွာသလဲ၊ သွားပြီ . . . သူ့အတွက် ဘာမှ မျှော်လင့်ချက်မရှိတော့ဘူး၊ သူဟာသူ အားလုံးကို တံခါးပိတ်ပစ်လိုက်ပြီလေ။ 'မဖြစ်နိုင်ပါဘူး' ဆိုမှတော့ ဒီကိစ္စကို သူဘယ်လိုလုပ် လေ့လာတော့မှာလဲ၊ ဒါဟာ အထက်တန်း ရောက်မယ့်သူနဲ့ အောက်တန်းကျမယ့် သူတို့ရဲ့ သဘောထားကွာခြားချက်ပဲ" လို့ ရှင်းပြဖူးပါတယ်။

အခုလည်း ဝေဿန္တရာမင်းကြီးကို မိခင်နဲ့ကလေးသူငယ် စောင့်ရှောက်ရေး ဥပဒေအရ အပြစ်ရှိမရှိဆိုပြီး ပြဿနာရှာလာတဲ့ ပုဂ္ဂိုလ်တွေကိုတွေ့ရတော့ ဆရာတော်ကြီးပြောတဲ့ အထက်တန်းစား စိတ်ထားနဲ့ အောက်တန်းကျတဲ့ စိတ်ထားဆိုတာကို ပြေးပြီး သတိရမိတယ်။ သူတို့ကိုတော့ အထွေအထူး မပြောလိုက်ပါဘူး။ "ဒီကိစ္စက ယသောဓရာထေရီမကြီး အသိဆုံးပါ။ သူ့ကို မေးလျှောက် ကြည့်သင့်တယ်" လို့ပဲ ပြောလိုက်ပါတယ်။

စာနုဒီစာအုပ်တိုက်

http://www.dhammadownload.com



ယသောဓရာ ရဟန္တာထေရီမကြီးအဖြစ် ရောက်တဲ့အခါမှာတော့ ဘုရားရှင်ထက် နှစ်နှစ်စောပြီး သက်တော် ၇၈ နှစ်အရွယ်မှာ ပရိနိဗ္ဗာန်ပြုပါတယ်။ ပရိနိဗ္ဗာန်ပြုခါနီးမှာ အခြံအရံ ဘိက္ခုနီမများနဲ့ အတူ မြတ်စွာဘုရားထံ ဝင်ရောက်ပြီး အတိတ်ဘဝ တစ်စိတ်တစ်ပိုင်းတို့ကိုလည်း ပြန်ပြောင်းလျှောက်ထားတယ်။ ပြီးတော့ အဲဒီလို ပါရမီဖြည့်ဖက်အဖြစ် ဘဝကို အရှင့်အတွက် သက်သက် စွန့်လွှတ်ဖြည့်ကျင့်ခဲ့တဲ့ ကာလတစ်လျှောက်မှာ ချွတ်ယွင်းချက်များ ရှိရင်လည်း ခွင့်လွှတ်ဖို့ လျှောက်ထားတာပါ။ အဲဒီထဲမှာ ထေရီမကြီးက ဘယ်လောက်အထိ ပွင့်လင်းသလဲ ဆိုရင်-

"ဒီပင်္ကရာမြတ်စွာဘုရားကို ပူဇော်ဖို့ ကြာပန်းရှစ်ခိုင်ကို ယူပြီး အလာ ပရိသတ်ဗိုလ်ပုံအလယ်မှာ ထင်ရှားတဲ့ သုမေဓာရသေ့ကို ဖူးမြင်လိုက်ရတယ်။

ကာလချိန်ကြာ ချစ်ကြင်နာခဲ့ရသူ၊ စိတ်နှလုံးကို သိမ်းကျုံးဆွဲဆောင်နိုင်စွမ်းရှိတဲ့ ရှင်ရသေ့ကို ဖူးမြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် 'ငါဟာ အသက်ရှင်ရကျိုးနပ်ပြီ' လို့ ခံစားလိုက်ရပါတယ်။ [ထေရီအပဒါန် (၃၆၅-၆)]

ဒီစကားအရ သုမေဓာနဲ့ သုမိတ္တာတို့ ဘဝမတိုင်မီကတည်းက စိတ်တူကိုယ်တူ ကုသိုလ်ပြုဖက် ချစ်ကြင်နာဖက်များ ဖြစ်ကြသလို သုမိတ္တာဘဝမှာ သုမေဓာရှင်ရသေ့ကို တွေ့ရတော့လည်း သူကပဲ မြင်မြင်ချင်း မေတ္တာပေမစိတ်ဖြစ်ခဲ့ပြီး ပါရမီဖြည့်ဖက် အဖြစ် ခံယူခဲ့တယ်ဆိုတာကိုလည်း ပွင့်ပွင့်လင်းလင်း ဝန်ခံတယ်။

ဒီလို ပါရမီဖြည့်ဖက်ဖြစ်ဖို့ ဘုရားအဆူဆူနဲ့ ပစ္စေကဗုဒ္ဓါတွေ ရဟန္တာအရှင်မြတ်တွေထဲမှာလည်း ဆုတောင်းခဲ့ဖူးတယ် ဆိုတာကို

http://www.dhammadownload.com



ထောက်ဆရင် ပါရမီဖြည့်ဖက်တစ်ယောက်ရဲ့ လှူဖွယ်ဝတ္ထုတစ်ခုနဲ့ မခြားနားတဲ့ ဘဝကိုလည်း နားလည်ပြီးဖြစ်သလို ဒီလို သဘောထား ပြီး စိတ်တူကိုယ်မျှ ပါရမီဖြည့်ရတဲ့ အစွန့် အလှူခံဘဝကိုလည်း ကိုယ်တိုင်ကျကျနန သိပြီးမှ ကျေကျေနပ်နပ် ခံယူခဲ့တယ်ဆိုတဲ့ သဘောကိုလည်း ပြနေပါတယ်။

ဒါကြောင့်လည်း အခြားတစ်နေရာမှာ-

"ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား . . . ဘဝပေါင်းကုဋေအထောင်မက မယားပြုဖို့အတွက်ကော၊ အစားအစာ ပြုဖို့အတွက်ပါ အကျွန်ုပ်ကို သူတစ်ပါးအား ပေးလှူခဲ့ပေမယ့် အရှင်ဘုရား (သဗ္ဗညုတဉာဏ်ရရှိနိုင်ရေးကို ရှေးရှုပြီး) စိတ်ဖောက်ပြန် ငြိုငြင်ခြင်း လုံးဝမဖြစ်ခဲ့ပါ။

အရှင်ဘုရား၏ သဗ္ဗညုတဉာဏ်ရနိုင်ရေးကို ရှေးရှုပြီး တပည့်တော်ရဲ့ ကိုယ်အင်္ဂါတွေ၊ အဝတ်တန်ဆာတွေ၊ အမျိုးသမီး တို့ရဲ့ တန်ဆာတွေကို ဘာမျှမလျှို့ဝှက်ခဲ့ပါ။

အရှင်ဘုရားအကျိုးအတွက် ချမ်းသာခြင်းနဲ့ကြုံရတဲ့အခါ ဝမ်းမြောက်ခဲ့သလို ဆင်းရဲမှုနဲ့ ကြုံရတဲ့အခါမှာလည်း စိတ်မချမ်းမသာ မဖြစ်ခဲ့ပါ။ ချမ်းသာနဲ့ ဆင်းရဲနှစ်မျိုးလုံးမှာ ချိန်ခွင်လျှာ ပမာညီမျှခဲ့ပါတယ်" (ထေရီအပဒါန်) စတဲ့ ဂါထာပေါင်းများစွာနဲ့ လျှောက်ထားပြီးတော့မှ-

ပါရမီဖြည့်စဉ် သံသရာခရီးတစ်လျှောက် ချွတ်ချော် မှားယွင်းမှုများ ရှိခဲ့ရင်လည်း အပြစ်ကို သည်းခံတော်မူပါ" လို့ လျှောက်ထားပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်ကတော့-

"ပရိနိဗ္ဗာန်စံဝင်ခါနီးဆဲဆဲဖြစ်တဲ့ သင့်ကို ဘာများ အထူး ပြောစရာရှိပါတော့မလဲ ချစ်သမီး . . ." လို့ မိန့်ကြားတော်မူ လိုက် ပါတယ်။

မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်းပါပဲ၊ "ပရိနိဗ္ဗာန် စံဝင်ခါနီးဆဲဆဲ ရောက်နေခါမှ အတိတ်ကဖြစ်ကြောင်းတွေ ဘာလို့ များ ပြန်ပြောင်းလျှောက်ထားနေရပါလိမ့်" လို့ ထင်ခဲ့မိပါတယ်။


အခုကာလပေါ် ခေတ်မီပုဂ္ဂိုလ်များရဲ့ စွပ်စွဲချက်ကို ကြားရတော့ မှ သြော် . . . ထေရီမကြီးဟာ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို ကြိုမြင် လိမ့်မယ်၊ ဒါကြောင့် "ဒီလို အစွန့်အလှူခံဘဝ" ကို ဘုရား အလောင်းက တိုက်တွန်းပြီး အသုံးချခဲ့တာ မဟုတ်ဘူး၊ သူကိုယ်တိုင် က ကိုယ့်သဘောဆန္ဒနဲ့ကိုယ်ရယူခဲ့တာ ဖြစ်တယ်ဆိုတာ ထင်ရှား အောင် လျှောက်ထားနေတာပဲလို့ သဘောပေါက်လိုက်မိတယ်။

တစ်နည်းပြောရမယ်ဆိုရင်တော့ ဘုရားရှင်အတွက် ပါရမီ ဖြည့်စဉ် ဘဝတွေမှာသာ လိုလေသေးမရှိအောင် ဆောင်ရွက် ဖြည့် ဆည်းခဲ့တာ မဟုတ်ဘူး၊ အခု ပရိနိဗ္ဗာန်စံဝင်ခါနီးဆဲဆဲမှာပင် နောင် အနာဂတ်မှာ ဘုရားရှင်အပေါ် စွပ်စွဲကဲ့ရဲ့ အပြစ်တင်ကြမယ့် အဖြစ် တွေ မကြုံရအောင် "အရာရာဟာ သူ့ဆန္ဒအတိုင်းသာဖြစ်တယ်" ဆိုတာကို အများတကာ ကြားသိခွင့်ရအောင် လျှောက်ထားသွား လေသလားလို့တောင် အောက်မေ့ကြည်ညိုလေးစားမိပါတယ်။

တကယ့် သံသာလေကမ်းတိုင် အစစ်ပါတကား။ ။

အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၅၄။

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း(၃)
## "အတ္တကို တစ်လှည်းချင်း ခွာချဖြန့်ကြဲခြင်း"

**တစ်စတစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝ**
**နောက်နှောင်း၊ တာရှည်ကောင်း၏။**

**(တောင်မြို့-မဟာဂန္ဓာရုံဆရာတော်)**

လောကမှာ တာဝန်သိပြီး တာဝန်ကျေသူများကို မင်္ဂလာနှင့် ပြည့်စုံသူ၊ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံတဲ့ လူတော်လူကောင်းစတဲ့ လောကရဲ့ ဂုဏ်သိက္ခာများနဲ့ ချီးမွမ်းခြင်း ခံရပါတယ်။

မိဘက မိဘတာဝန်ကိုသိပြီး မိဘတာဝန် ကျေပွန်ရင် မိကောင်းဖခင်များလို့ ဆိုရသလို သားသမီးက သားသမီးတာဝန်သိပြီး ကျေပွန်ရင်လည်း မိကောင်းဖခင်သားသမီးပီသတဲ့ သားသမီးကောင်းရတနာများအဖြစ် လောကဂုဏ်နဲ့ ချီးမွမ်းထိုက်သူများ ဖြစ်ကြပါတယ်။ ဆရာနဲ့ တပည့်ကစပြီး ရပ်ရွာနဲ့ရပ်သူရပ်သား၊ နိုင်ငံနဲ့

http://www.dhammadownload.com



နိုင်ငံသား၊ လူနဲ့ပတ်ဝန်းကျင်အထိ တာဝန်သိပြီး တာဝန်ကျေသူ မှန်သမျှ လူကောင်း သူကောင်းများအဖြစ် ယဉ်ကျေးတဲ့ လူ့ပတ်ဝန်းကျင်အားလုံးက အသိအမှတ်ပြုကြတာချည်းပါပဲ။

ဒီလိုပုဂ္ဂိုလ်များဟာ ကိုယ့်မှာရှိတဲ့တာဝန်ကိုသာသိပြီး တာဝန်ကျေကြသူများဖြစ်လို့ "လူကောင်းသူကောင်းများ" လို့သာ ဆိုကြရပြီး "အာဇာနည်" လို့တော့ မဆိုနိုင်သေးဘူးဆိုတာလည်း အားလုံးသဘောပေါက်ကြမှာပါ။ ဒီလို လူမျိုးက အလွန်ရှားပါးလှတာမှ မဟုတ်ဘဲ။ ယဉ်ကျေးတဲ့လူ့ပတ်ဝန်းကျင်မှာ မိကောင်းဖခင်တွေ၊ သားသမီးကောင်းရတနာတွေ၊ ဆရာကောင်း တပည့်ကောင်းတွေ ဒုနဲ့ဒေးလို့ ဆိုရလောက်အောင် ရှိနေပါသေးတယ်။

"အာဇာနည်ပုဂ္ဂိုလ်" ဆိုတာ ကိုယ့်မှာမလွဲ မသွေ ကျရောက်နေတဲ့ တာဝန်မဟုတ်ပေမယ့် လောကရဲ့လိုအပ်ချက်ကိုကြည့်ပြီး တာဝန်ယူစိတ်နဲ့ တာဝန်ယူပြီး တာဝန်ကျေအောင် ဆောင်ရွက်သူများ ဖြစ်ပါတယ်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ ဘဝကို ကြည့်မယ်ဆိုရင် ရမ္မဝတီမြို့ကို ဒီပင်္ကရာမြတ်စွာဘုရားနဲ့ နောက်ပါ သံဃာတော်တို့ ကြွလာမယ့်ခရီးအတွက် အများတကာစုပေါင်းပြီး လမ်းခရီးကို သန့်ရှင်းပြုပြင်တဲ့ပွဲမှာ အလွန်ပြုပြင်ဖို့ ခဲယဉ်းတဲ့ ရွံ့ညွန်ဗွက်ကြီးကို တာဝန်ယူဖို့တဲ့ ကိစ္စမှာ ဘာပဲဖြစ်ဖြစ် သူဟာ ရမ္မဝတီမြို့သား တစ်ဦးအနေနဲ့ဖြစ်စေ၊ ဘုရားရှင်ကိုကြည်ညိုတတ်တဲ့ သဒ္ဓါတရားနဲ့ ပါရမီဓာတ်ခံရှိသူတစ်ဦး အနေနဲ့ဖြစ်စေ ဒီလိုပွဲမှာ မလွှဲမရှောင် တာဝန်ယူရမယ့် တာဝန်ရှိသူတစ်ဦး

http://www.dhammadownload.com



ဖြစ်တယ်ဆိုရင် မမှားပါဘူး။ ဒါကြောင့် ရှံ့ညွှန်ဗွက်ကြီးကို တာဝန်ယူပြီး မြေဖို့ပြုပြင်တာကအစ နောက်ဆုံး ကိုယ်ကို အလျား စင်းပြီး တံတားခင်း လှူလိုက်တဲ့အထိ တာဝန်သိပြီး တာဝန်ကျေသူ လူကောင်းသူကောင်းအဆင့်လို့သာ ဆိုရပါလိမ့်မယ်။

ဒီပင်္ကရာဘုရားရှင်က မိမိအတွက် နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်ခွင့်နဲ့ သတ္တဝါအပေါင်းတို့ကို ဒုက္ခနယ်က ကယ်တင်နိုင်စွမ်းတဲ့ သဗ္ဗညု ဘုရားဖြစ်နိုင်ခွင့်ဆိုတဲ့ အခွင့်နှစ်ခုကို မိန့်ကြားတော် မူတဲ့အခါ "လောကကျိုးအတွက် ဘုရားဖြစ်ခွင့်" ဆိုတဲ့လမ်းကို ရွေးချယ်လက်ခံလိုက်တာကတော့ သူ့အပေါ်မှာကျရောက်နေတဲ့ တာဝန်မဟုတ်ဘဲ လောကရဲ့လိုအပ်ချက်ကို ကြည့်ပြီး တာဝန်ယူ လိုက်တာဖြစ်လို့ အဲဒီလို တာဝန်ယူလိုက်ချိန်ကစပြီး ပါရမီဖြည့်စဉ် ကာလတစ်လျှောက်လုံးမှာတော့ ဘယ်လို ဘဝမျိုးကိုပဲရောက်နေနေ "အာဇာနည်ပုဂ္ဂိုလ်" လို့သာ ဆိုရမှာပါ။ တစ်ရာတစ်ယောက် မဆိုထားနဲ့ တစ်လောက တစ်ယောက် မွေကာန္တောက်လည်း တစ်ယောက်ရဲရဲ တွေ့နိုင်ခဲတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။

ဒါကြောင့် အာဇာနည်ပုဂ္ဂိုလ်ဆိုတာ "တာဝန်ယူလိုစိတ်နဲ့ တာဝန်ယူပြီး တာဝန်ကျေသူလို့ ဆိုရတာပါ။ ဘုရားအလောင်းတော် နည်းတူပဲ ရှည်လျားလှတဲ့ လေးအသင်္ချေကမ္ဘာတစ်သိန်း ကာလကြီး တစ်လျှောက်လုံးမှာ ကြင်ဖက်သက်လျာအဖြစ်သာမက အစွန့် အလှူခံ လှူဖွယ်ဝတ္ထုနဲ့မခြား ရင်ဆိုင်ကြုံတွေ့ရမယ့်အရေးကို သိသိကြီးနဲ့ပဲ ပါရမီဖြည့်ဖက်အဖြစ် ဘယ်သူကမှ တိုက်တွန်း တာဝန်ပေးလို့လည်းမဟုတ်၊ တာဝန်ရှိနေလို့လည်း မဟုတ်ဘဲ ကိုယ့်

http://www.dhammadownload.com



သဘော ဆန္ဒအလျှောက်ခံယူခဲ့တဲ့ သုမိတ္တာအမျိုးသမီးကောင်းလေးဟာလည်း တာဝန်ယူစိတ် အပြည့်ရှိတဲ့ အာဇာနည်ပဲ ဖြစ်ပါတယ်။

မိမိမှာတာဝန်ရှိတယ် မရှိဘူးရယ်လို့ မတွက်ဘဲ လောကရဲ့လိုအပ်ချက်ကိုကြည့်ပြီး တာဝန်ယူစိတ်နဲ့ အနစ်နာခံစွန့်လွှတ်စွန့်စားကြိုးစားအားထုတ်တဲ့ အလောင်းတော်သုမြတ်များကို အာဇာနည်လို့ခေါ်ရတာကို အကြောင်း ပြုပြီးတော့ပဲ မိမိနေထိုင်ရာ ပတ်ဝန်းကျင်အတွက်ဖြစ်စေ၊ ရပ်ရွာနိုင်ငံအတွက်ဖြစ်စေ လိုအပ်ချက်ကိုကြည့်ပြီးစွန့်လွှတ်စွန့်စားပြုသူများကိုလည်း အာဇာနည်ပုဂ္ဂိုလ်လို့ ခေါ်ရတာပါ။

[စွန့်လွှတ်စွန့်စားပြုလုပ်သူတို့ရဲ့ လုပ်ရပ်နဲ့ စွန့်လွှတ်စွန့်စားခြင်းရဲ့ ရသကို စွန့်လွှတ်စွန့်စား သူများသာ နားလည်ခံစား နိုင်ပါတယ်။ ရယူသိမ်းပိုက်ခြင်းကိုသာ အားသန်ကြသူများအနေနဲ့ နားလည်ခံစားဖို့ အလှမ်းမမီနိုင်ပါဘူး။ ဒါကို သဘောမပေါက်ကြတဲ့အခါ "လုံ့ဖျားမှာ ပုစဉ်းကောင်နားတာကိုကြည့်ပြီး ကျီးကန်းက ကြက်သီးထသလို" မဆီမဆိုင် ကြားထဲက တုန်လှုပ်ကြတာ၊ ပုံပြင်ထဲမှာစပျစ်သီးမှည့်ကို မမီတဲ့အတွက် "ငါမမီပါကလား" လို့ အမှန်အတိုင်းလက်မခံဘဲ "စပျစ်သီးမှည့် ဆိုတာ ချဉ်စုတ်စုတ်တွေပါ" လို့ အပြစ်တင်သလို အပြစ်တင်ချင်ကြတာ၊ (ဥပမာ-ဝေဿန္တရာမင်းသားသမီးနဲ့ဇနီးကို စွန့်လှူတာမျိုးကို အပြစ်တင်ချင်တာ) အဲဒါမျိုးပြစ်မှားတာတွေ မဖြစ်မိကြဖို့ အထူးသတိပြုသင့်ကြပါတယ်။]

အလောင်းတော်သုမြတ်ဟာ လောကအတွက် တာဝန်ယူပြီးသဗ္ဗညုဘုရားရှင်ဖြစ်သည်အထိ ကြိုးစားမယ်လို့ ဒီပင်္ကရာ ဘုရားရှင်ရှေ့မှောက်မှာ ဝန်ခံပန်ဆင် တာဝန်ယူပြီးတဲ့ အခါမှာတော့ အမြင့်

http://www.dhammadownload.com



မြတ်ဆုံး ဘုရားရှင်အဖြစ် ရောက်ရာရောက်ကြောင်း လုပ်ငန်းစဉ် (ပါရမီ) တွေကို ဆင်ခြင်စဉ်းစားပါတယ်။

ဟုတ်ပါတယ်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့က တကယ်ဘုရားဖြစ်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ကို ဗျာဒိတ်ပေးတယ်ဆိုတာ "ကြိုးစားရင် ဘုရားဖြစ်နိုင်မယ့်သူ ကေန်ဖြစ်တယ်" ဆိုတဲ့ သဘောလောက်ကိုသာ မိန့်ကြားတာပါ။။ ဘုရားဖြစ်ကြောင်း ပါရမီလုပ်ငန်းစဉ်တွေကို အသေးစိတ် မိန့်ကြားခြင်း မရှိပါဘူး။ အလောင်းတော် စစ်စစ်များဆိုတာကလည်း ဘုရားဖြစ်ဖို့အတွက်သာ အခုမှ စရမှာ ဖြစ်ပေမယ့် တစ်ကိုယ်ရေ လွတ်မြောက်မှုအတွက်သာဖြင့် အခုချက်ချင်းတောင် ရဟန္တာဖြစ်နိုင်လောက်သည်အထိ သာဝက ပါရမီဓာတ်ခံက အရင့်အမာစားကြီး ဖြစ်နေလေတော့ ဘုရားဖြစ်ကြောင်း လုပ်ငန်းစဉ်တွေကို ကိုယ်တိုင်ဆင်ခြင် စဉ်းစားလုပ်ဆောင် နိုင်စွမ်း ရှိကြပါတယ်။ (အခုကာလပါရမီဆယ်ပါး အပြားသုံးဆယ်ဆိုတာတောင် မှန်ကန်အောင် မရေတွက်နိုင်ဘဲ ဘုရားဆုပန် အမည်ခံကြသူများကို အကဲခတ်ကြည့်နိုင်ဖို့ပါ။)

လက်ရှိပုထုဇဉ်ဘဝဆိုတာ "ငါ၊ ငါ့ဥစ္စာ၊ ငါ့အစွမ်းအစ" ဆိုတဲ့ "အတ္တ" ကို ဗဟိုပြု လှုပ်ရှားနေတဲ့ နယ်ပယ်သား ဖြစ်တယ်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဖြစ်ဖို့ဆိုတာ "အတ္တ" လုံးဝ ကင်းဆိတ်သုဉ်းရာ နယ်မြေကိုရောက်မှ ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်မျိုး။ ဒီနယ်မြေကိုရောက်တဲ့ ပုဂ္ဂိုလ်ဆိုတာတောင် နှယ်နှယ်ရရ ဖြစ်ကာမတ္တ ပုဂ္ဂိုလ်မျိုးမဟုတ်ဘူး။ ကိုယ်တိုင် အနတ္တ နယ်သား စစ်စစ်ဖြစ်သလို တခြား အတ္တ နယ်သားများကိုလည်း အနတ္တနယ်သားဖြစ်အောင် စည်းရုံးသိမ်းသွင်း

http://www.dhammadownload.com



ဟောညွှန်နိုင်တဲ့ အထိကရ (အဓိကာရ) ပုဂ္ဂိုလ်ဖြစ်ရမှာ။ ဒီတော့ "အတ္တ နယ်" ကနေ "အနတ္တနယ်" ကို ကူးရာမှာ ကြေးပိုက်ဆံပြားကို ခေါင်းပန်းလှန်သလို ဟိုဘက်ဒီဘက်ပြောင်းလိုက်ရုံနဲ့ မဖြစ်နိုင်ဘူး။ တဖြည်းဖြည်းချင်း လေ့ကျင့်ကြိုးစားပြီး ကူးပြောင်းရမှာ။

အဲဒီတော့ အတ္တနယ်ကနေ အနတ္တနယ် ရောက်နိုင်ဖို့အတွက် ကြားခံလေ့ကျင့်ရေးကွင်း လိုတယ်။ အဲဒါဘာလဲ၊ ဒီလို စဉ်းစားလိုက်တဲ့အခါ လေ့ကျင့်စရာကြားခံနယ်ကို သိမြင်လိုက်ပါတယ်။ အဲဒါကတော့ "ပရ" ဆိုတာပဲ ဖြစ်ပါတယ်။

သံသရာတစ်လျှောက်လုံး 'အတ္တ' ကိုဗဟို ပြုပြီး "ငါ၊ ငါ့အကြိုက်၊ ငါ့ဥစ္စာ၊ ငါ့ရဲ့အစွမ်းအစ၊ အတွေးအမြင်၊ အယူအဆ" ဆိုတဲ့ "အထင်စွဲ" ကို အခြေခံပြီး ငါကျိုးတွေကို ရှာဖွေရင်း တောင့်တ၊ လိုချင်၊ စွဲလမ်းကပ်ငြိတဲ့ "တဏှာ" တွေ၊ ငါမှငါ ဆိုပြီး ထောင်လွှားတဲ့ မာနတွေ၊ ငါ့အတွေးအထင် အယူအဆများနဲ့ ငါလုပ်သမျှတွေကို ဟုတ်လှပြီဆိုပြီး ထင်မှတ်စွဲလမ်းတဲ့ ဒိဋ္ဌိတွေကိုပွားရင်း သံသရာနယ်ကြီး ကျယ်သည်ထက် ကျယ်လာနေခဲ့တာတွေ ရပ်တန်းက ရပ်ပြီး၊ တဏှာမာန ဒိဋ္ဌိအရင်းခံတဲ့ သံသရာ နယ်ချဲ့မှုတွေ ရပ်တန်းက ရပ်သွားစေဖို့အတွက် အဲဒီအတ္တကို တစ်လွှာချင်းခွာပြီး 'ပရ' ဆိုတဲ့ နယ်ထဲမှာ ဖြန့်ကြဲပစ်ဖို့ လိုအပ်တယ်။ ဒါမှ 'အတ္တ' ဟာ တဖြည်းဖြည်း လုံးပါးပါးရာကနေ လုံးဝ ဆိတ်သုဉ်းပျောက်ကွယ်သွားမယ်။ အဲဒီအခါမှာ 'အတ္တ' ဗဟိုပြုမှုကင်းတဲ့ အမြင်မှန်နဲ့ အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်ကြီးကိုရရှိပြီး ကိုယ်တိုင်လည်း တဏှာ၊ မာန၊ ဒိဋ္ဌိတို့ရဲ့ ရစ်မြှေးရှုပ်ထွေး ဒုက္ခပေးခြင်းမှ ကင်းဝေးသလို သူတစ်ပါး

http://www.dhammadownload.com



တို့ကိုလည်း အလားတူ ကင်းဝေးစေနိုင်မယ်လို့ သဘောပေါက်လာပါတယ်။

ပထမဦးဆုံး 'အတ္တ' နယ်ကနေ 'ပရ' နယ်ထဲကို ပြောင်းရွှေ့ပြီး လေ့ကျင့်ရမယ့် လုပ်ငန်းစဉ် (၁၀) ခုနဲ့ အဆင့် သုံးဆင့်စီကို ဆင်ခြင်မိပါတယ်။

လုပ်ငန်းစဉ် (၁၀) ခု ဆိုတာကတော့-

(၁) ငါ, ငါ့အတွက်, ငါ့ဥစ္စာလို့ ထင်မှတ် စွဲလမ်းထားတဲ့ အရာတွေကို သူတစ်ပါးအတွက် စွန့်လွှတ်လှူဒါန်းတဲ့ ဒါန။

(၂) ငါကိုးအတွက် သူတစ်ပါးအပေါ် ဒုက္ခပေးသလို ပြောဆိုပြုမူခဲ့သမျှတွေကို စွန့်လွှတ်ရှောင်ကြဉ် စောင့်ထိန်းတဲ့ သီလ။

(၃) ငါနဲ့ ငါ့အသိုက်အဝန်းလို့ သတ်မှတ်စွဲလမ်းထားတဲ့ လူများစုကြီး စုဝေးနေထိုင်ရာ မြို့ရွာဒေသဝန်းကျင်ကို စွန့်လွှတ်ရှောင်ခွာရတဲ့ နေက္ခမ္မ။

(၄) အကြောင်းအကျိုး၊ အကောင်းအဆိုး အမှားအမှန်တို့ကို ခွဲခြမ်းဝေဖန် သိမြင်တတ်တဲ့ပညာ။

(၅) အမှားကင်းကွာ အမှန်တိုးပွားရေးအတွက် ကြိုးစား အားထုတ်တဲ့ ဝီရိယ။

(၆) အမှားကို သည်းခံချုပ်တည်း၊ အမှန်ကိုသည်းခံကြိုးစားတဲ့ ခန္တီ။

(၇) အမှားကိုပယ်လှန်၊ အမှန်လက်ခံတဲ့ သစ္စာ။

(၈) အမှားကိုပယ်လှန်၊ အမှန်ကိုလက်ခံဖို့ ချမှတ်ထားတဲ့

http://www.dhammadownload.com



ဆုံးဖြတ်ချက်ကို အသက်နဲ့လဲပြီး ဆောက်တည်တဲ့ အဓိဋ္ဌာန်။

(၉) 'ပရ' ဆိုတဲ့ သူတစ်ပါးတို့အပေါ်မှာ ချမ်းသာစေရေးဆိုတဲ့ စိတ်ထားမြတ် မေတ္တာ။

(၁၀) သူတစ်ပါးတို့ရဲ့ ကောင်းမှုဆိုးမှုတို့ အပေါ်မှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ မိတ်ဖွဲ့ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ချစ်ခြင်း မုန်းခြင်း မထားဘဲ လျစ်လျူရှုတဲ့ ဥပေက္ခာလုပ်ငန်းတို့ ဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ် (၁၀)ခုတို့ဟာ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ရာကို ရောက်စေတဲ့အတွက်ပါရမီလုပ်ငန်းလို့ ခေါ်ပါတယ်။

ဒီလိုလုပ်ငန်းစဉ် (၁၀) ခုနဲ့ ပရနယ်ထဲမှာ လေ့ကျင့်တဲ့အခါ ပထမဆုံး အခြေခံအဆင့် အနေနဲ့ အပြင်ဗဟိဒ္ဓမှာရှိတဲ့ ကိုယ်ပိုင်ဆိုင်ရာ ပစ္စည်းဉစ္စာ အတွယ်အတာတို့ကို စွန့်လွှတ် လေ့ကျင့်ရတဲ့ ရိုးရိုး 'ပါရမီ' အဆင့်။

အဲဒီနောက် ခြေလက်အင်္ဂါစတဲ့ ခန္ဓာကိုယ်နဲ့ ဆက်စပ်ရာရာ အတွင်းအင်္ဂါရပ်တွေကို စွန့်လွှတ်လေ့ကျင့်ရတဲ့ 'ဥပပါရမီ' အဆင့်။

ကိုယ်နဲ့အသက်ကို စွန့်လွှတ်ရသည့်တိုင် မိမိရဲ့ လုပ်ငန်းစဉ် (၁၀) ရပ်တို့ကို လစ်ဟင်း ပျက်ကွက်ခြင်း မရှိစေဘဲ လေ့ကျင့်ရတဲ့ အဆင့်အမြင့်ဆုံးလေ့ကျင့်မှု "ပရမတ္ထပါရမီ" အဆင့် ဆိုပြီး အဆင့်သုံးဆင့် ရှိပါတယ်။

သာမန် အဂ္ဂသာဝက၊ မဟာသာဝက အဖြစ်ကို ရည်မှန်း လေ့ကျင့်သူများအနေနဲ့ ပထမအဆင့်ဖြစ်တဲ့ ရိုးရိုး 'ပါရမီ' လောက်ပဲ လေ့ကျင့်ရတာပါ။

http://www.dhammadownload.com




ဒီထက် တစ်ဆင့်မြင့်တဲ့ "ပစ္စေကဗုဒ္ဓ" အဖြစ် ရည်မှန်း လေ့ကျင့်တဲ့ ပုဂ္ဂိုလ်များဆိုရင်တော့ ပထမဆင့်နဲ့ ဒုတိယဆင့်ဆိုတဲ့ ပါရမီ (၁၀) ပါး အပြား (၂၀) တို့ကို လေ့ကျင့်ရပါတယ်။

သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရည်မှန်းလေ့ကျင့်တဲ့ ပုဂ္ဂိုလ်များ ကတော့ အဆင့် သုံးဆင့်လုံးကို အလျဉ်းသင့်သလို မညည်းမညူ မတွန့်မဆုတ်၊ မပျက်မကွက် လေ့ကျင့်ရပါတယ်။ သမ္မာသမ္ဗုဒ္ဓ ဘုရားအလောင်းတို့ရဲ့ ပါရမီလေ့ကျင့်မှု ပြည့် မပြည့်ဆိုတာ ဒီ ပါရမီ (၁၀) ပါး အပြား (၃၀) လုံးနဲ့ မှတ်ကျောက်တင် ကြည့်ရတာပါ။ ဒီ (၁၀) ပါးလုံးကို ကိုယ်နဲ့အသက်ပါ စွန့်လွှတ်နိုင်စွမ်း အထိ မတွန့်မဆုတ် ပြုလုပ်နိုင်စွမ်းရှိပြီဆိုရင် ပါရမီပြည့်ပြီလို့ ဆိုလိုပါတယ်။

ပါရမီ (၁၀) ပါးတို့ရဲ့ အဓိပ္ပာယ် အသေးစိတ်ကိုတော့ ရဝေနွယ်(အင်း၀) က "မြင့်မြတ်သူတို့ရဲ့ အလုပ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဘုရားရှင်တို့ရဲ့ ပါရမီဂုဏ်တော်ကို မှန်းဆကြည်ညိုနိုင်ဖို့ကော၊ ကိုယ်တိုင်တတ်စွမ်းသမျှ အားကျလိုက်နာတတ်ဖို့ကော အသုံးချ ပါရမီဖြစ်အောင် ရေးသားထားပြီဖြစ်လို့ ဒီမှာ အထူးမပြောတော့ ပါဘူး။ ပါရမီဖြည့်စဉ်ကာလ အာဇာနည်တို့ရဲ့ လာရာ လမ်းကြောင်း တစ်လျှောက် ထားရှိတဲ့ မြင့်မြတ်စိတ်ထားများ အကြောင်းကိုပဲ ဆက်လက်ပြောပါဦးမယ်။

အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၅၅။

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း (၄)

## "အကာပစ် အနှစ်ဖွံ့ဖြိုးစေ"

အလောင်းတော်သူမြတ်တို့ ပါရမီဖြည့်တယ် ဆိုတာ စွန့်နိုင်စွမ်းအားတွေ ပြည့်ဝလာအောင် လေ့ကျင့်တာပါပဲ။ လုပ်ငန်းဆယ်ခု အဆင့်သုံးဆင့်ထားပြီး လေ့ကျင့်ရတယ်ဆိုတာလည်း သဘောပေါက်လောက်ပါပြီ။

ပါရမီဖြည့်တယ်ဆိုတာ စွန့်နိုင်စွမ်းအားပြည့်ဖို့ လေ့ကျင့်တာဖြစ်တယ်ဆိုရင် "ပါရမီပြည့်တယ်" ဆိုတာဟာ စွန့်နိုင်စွမ်းအား အပြည့်အဝရှိလာတာဖြစ်တယ်ဆိုတာလည်း သဘောပေါက်လောက်ပါတယ်။

စွန့်တဲ့အလေ့အကျင့်ဆိုတာလည်း အလောင်းတော်တို့မှာ သိပ်ပြီးခဲခဲယဉ်းယဉ်းကြီး ဟုတ်လှမယ်မထင်ပါဘူး။ ကိုယ်တွယ်တာနေတဲ့ အရာဝတ္ထုတစ်ခုရဲ့ လားရာနိဂုံးကို သတိထား ဆင်ခြင်ကြည့်မယ် ဆိုရင် ကိုယ်နဲ့ အတွယ်အတာတွေဆိုတာ ကိုယ်ကမစွန့်ရင်လည်း သူတို့က ကိုယ့်ကိုစွန့်ပယ်သွားကြမှာပဲ။ ဘယ်လိုမှ မစွန့်ဘူး ဆိုရင်

http://www.dhammadownload.com



တောင် နောက်ဆုံးမှာ ကိုယ်ကစွန့်ကို စွန့်ခဲ့ရမှာတွေပဲဆိုတာ သဘောပေါက်သွားရင် မစွန့်ရက်စရာ၊ မစွန့်နိုင်စရာရယ်လို့ ဘာမှ မရှိတော့ဘဲ စွန့်နိုင်သွားတာပါပဲ။

မြန်မာစကားပုံထဲမှာ "ကျွဲနို့အိုး ကွဲမယ်မှန်းသိရင် ရွှေတိဂုံဘုရား လှူပစ်မှာပေါ့" လို့ ပြောလေ့ရှိကြတယ်မို့လား။ ခန္ဓာကိုယ် ဆိုတဲ့ ကျွဲနို့အိုးကြီးပဲဖြစ်ဖြစ်၊ အတွယ်အတာစည်းစိမ် ဥစ္စာရာထူး အာဏာ ဆိုတဲ့ ကျွဲနို့အိုးတွေပဲ ဖြစ်ဖြစ် နောက်ဆုံးမှာ ကွဲကို ကွဲကြရမှာဆိုတာ သေချာနေတာပဲဟာ။ ကျွဲနို့အိုး သေချာပေါက် ကွဲမယ်မှန်းသိလျက်နဲ့ မစွန့်နိုင်ဘူးဆိုရင် နောက်ဆုံးမှာ တကယ် ကွဲချိန်ရောက်တော့ မြေကြီး ထဲ စိမ့်ဝင်ပြီး အောက်ကိုပဲ နစ်သွားကြမှာပေါ့။

အလောင်းတော်သူမြတ်ကတော့ သုမေဓာ သူဌေးသားဘဝမှာ ကတည်းက မိဘနှစ်ပါး ဒီအတိုင်းချန်ထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို ကြည့်ပြီး ကျွဲနို့အိုးဖြစ်စေ၊ နို့အိုးပိုင်ရှင်ဖြစ်စေ အရင်ကွဲနဲ့ နောက်ကွဲပဲ ကွာမယ်၊ မုချကွဲရမယ့် အမျိုးဖြစ်တယ်။ ကွဲရပြီဆိုကတည်းက ခွဲရမှာ လည်း သေချာတယ်ဆိုတာ သဘောပေါက်ပြီး သူကွဲချိန်အထိ မဆိုင်း ဘဲ ကိုယ်ကစပြီး ခွာခဲ့တာပါ။ ဒါကြောင့်လည်း ဘယ်လိုဘဝ ရောက် ရောက်၊ ဘယ်လောက်တွယ်တာတဲ့ အာရုံပဲဖြစ်ဖြစ်၊ ဘယ်လောက် ကြီးမားတဲ့ ကျွဲနို့အိုးကြီးပဲဖြစ်စေ အလောင်းတော်ဟာ မကွဲမီက စွန့်လှူခွာချဝံ့တာချည်း ဖြစ်ပါတယ်။

ပါရမီလုပ်ငန်းစဉ် ဆယ်မျိုးရှိတဲ့အနက် ဘယ်လုပ်ငန်းကိုပဲ လုပ်လုပ် စွန့်လွှတ်မှုကို အခြေခံရတာချည်းပါပဲ။ သီလပါရမီပဲဆိုပါ တော့၊ အဲဒီ သီလမြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရာမှာ ပစ္စည်း

http://www.dhammadownload.com



ဥစ္စာကိုပဲ စွန့်ရစွန့်ရ၊ ခြေလက်အင်္ဂါကိုပဲ စွန့်ရစွန့်ရ၊ ကိုယ့်အသက်ကိုပဲ စွန့်ရစွန့်ရ သီလကိုတော့ လုံးဝမစွန့်ဘဲ စောင့်ထိန်းရတာဖြစ်လို့ ဘယ်ပါရမီလုပ်ငန်းမဆို စွန့်လွှတ်မှုကို အခြေခံမှ ပါရမီဖြစ်တယ်လို့ ဆိုရတာပါ။ ဒါကြောင့်လည်း ပါရမီလုပ်ငန်းတွေထဲမှာ တိုက်ရိုက်စွန့်လွှတ်မှုဖြစ်တဲ့ ဒါနပါရမီကို အဦးဆုံး ကျင့်သုံးတယ်လို့လည်း သဘောပိုက်မိပါတယ်။

"ပါရမီဖြည့်တယ်ဆိုတာ စွန့်လွှတ်နိုင်စွမ်း ပြည့်ခြင်းဖြစ်တယ်။ စွန့်လွှတ်နိုင်စွမ်း ပြည့်မပြည့်ကို ပါရမီဆယ်ပါးနဲ့ မှတ်ကျောက်တင်ကြည့်ရမယ်" လို့အထက်မှာ ပြောခဲ့ပါတယ်။ ပါရမီဆယ်ပါးနဲ့ မှတ်ကျောက်တင်တယ်ဆိုတာ မှတ်ကျောက်ပေါ်မှာ ပါရမီဆယ်ပါးဆိုတဲ့ အက်ဆစ်ဆယ်မျိုးနဲ့ 'တို့' ကြည့်ရမယ်လို့ ဆိုလိုတာပါ။ ဆယ်မျိုးလုံးနဲ့တို့ကြည့်လို့ လုံးဝတုန်လှုပ် ပျက်ပြယ်ခြင်းမရှိဘဲ အခိုင်အမြဲ တည်တံ့နေမှသာ စွန့်နိုင်မှုအရည်ပြည့်ပြီ (ပါရမီပြည့်ပြီ) လို့ ဆိုရမှာပါ။

တစ်ခုခုကြောင့် တုန်လှုပ်ပျက်ပြယ်သွားရင် စွန့်နိုင်ရည် မပြည့်သေးဘူးလို့သာ ဆိုရမှာပါ။ ဂေါတမဘုရား အလောင်းတော်ဟာ ဝေဿန္တရာမင်းအဖြစ် ရောက်တဲ့အခါ အခြားပါရမီတွေနဲ့ စမ်းသပ်တဲ့အခါ ကိုယ်နဲ့အသက်ကို စွန့်ရတဲ့အထိ တုန်လှုပ်မှုမရှိပေမယ့် သားတော်နဲ့ သမီးတော်ကို ဇူဇကာပုဏ္ဏားက အလှူခံပြီးလို့ မိမိရှေ့မှာတင် ရက်ရက်စက်စက် ပြုမူဆက်ဆံတာကိုတွေ့ရတဲ့ အခါမှာတော့ သန်လျက်ကို ဆွဲလိုက်မိသေးသတဲ့။ နောက်တော့မှ "ဩော် . . . ငါ့မှာ ခန္တီပါရမီ အရည်မပြည့်သေးပါလား" လို့ ဆင်ခြင်

http://www.dhammadownload.com



ပြီး ခန္တီပါရမီပြည့်အောင် ဖြည့်ရတယ်လို့ ပြောစမှတ်ပြုကြတာရှိတယ်။

ငယ်ငယ်တုန်းက ဖတ်ရဖူးတဲ့ ရသေ့ဦးအောင်ဆိုတဲ့ပုဂ္ဂိုလ်ရေးတယ်လို့ ထင်ပါတယ်။ အင်္ဂရတ်စာအုပ်ပါ။ အဲဒီမှာ အင်္ဂရတ်လုပ်ငန်းမှာ ခန္တီစာတ်အရေးကြီးပုံနဲ့ ပတ်သက်လို့ရေးထားတဲ့ စာပိုဒ်တစ်ခုထဲက တစ်ပိုင်းတစ်စ မှတ်မိသေးတယ်။

"တို့ ဘုရား(အလောင်းတော်) တော်မှု၊ ဝက်ပါတောင်ထဲ၊ လင်းတတွေဝဲတော့မည်၊ တဲတဲသာလို၊ တို့တစ်ကိုယ်၊ မဆိုသာဘိ တိတိကွာပါရမီအရေး၊ အလွန်ပင်ဝေးလှသည်" လို့ ထင်ပါရဲ့။

"ဝက်ပါတောင်ထဲ လင်းတတွေဝဲတော့မည်၊ တဲတဲသာလို" ဆိုတာ သားသမီးတွေကို ချစ်တဲ့ဇောစိတ်က ပြင်းထန်လှတော့ ပုဏ္ဏားမိုက်ကို သတ်လိုက်မိတော့မလောက် ခန္တီစာတ် ပျောက်သွားခဲ့ရသေးတယ်လို့ ဆိုချင်တာပါ။

ဒီလို 'စွန့်လွှတ်နိုင်ရည်' ကို ပါရမီတို့နဲ့ စမ်းသပ်ရာမှာ ဒါနပါရမီနဲ့ စမ်းသပ်ပုံက ပိုပြီး ပြင်းတယ်လို့ဆိုလိုတဲ့ သဘောလည်း ပါပါတယ်။

ဟုတ်ပါတယ်။ စွန့်လွှတ်နိုင်စွမ်းအတွက် တိုက်ရိုက်မုချ လုပ်ငန်းလည်းဖြစ်၊ ကျန်ပါရမီ အားလုံးတို့ရဲ့ အခြေခံပဓာနလည်းဖြစ်တဲ့ ဒါန ပါရမီနဲ့ပတ်သက်လို့ သီးခြားစမ်းသပ်မှုအဖြစ် "စွန့်ခြင်းကြီးငါးပါး" ဆိုတာ ရှိပါတယ်။

(၁) ပဒေသရာဇ်၊ ကေရာဇ်၊ စကြာဝတေးမင်းတို့ရဲ့ စည်းစိမ်ဥစ္စာရတနာကို စွန့်ခြင်း၊

(၂) သားသမီးကိုစွန့်ခြင်း၊

http://www.dhammadownload.com



(၃) မယားကိုစွန့်ခြင်း၊
(၄) ခြေ၊ လက်၊ နား၊ နှာခေါင်းစတဲ့ အင်္ဂါကြီးငယ်ကိုစွန့်ခြင်း၊
(၅) ကိုယ်အသက်ကို စွန့်ခြင်းတို့ပဲ ဖြစ်ပါတယ်။

'စွန့်တယ်' ဆိုတာ 'ငါနဲ့ငါ့အတွက်' ဆိုတဲ့ စွဲလမ်းသိမ်းပိုက်ထား လိုမှုတွေကို တဖြည်းဖြည်း လျှော့ချတာပါပဲ။ ဒီလို လျှော့ချရာမှာ အစွဲ အနည်းဆုံးဖြစ်တဲ့ အပေါ်ယံဆုံးအလွှာကစပြီး စွန့်ပယ်လျှော့ချ တဲ့ အလေ့အကျင့်ပြုလုပ်တဲ့ သဘောပါပဲ။

ပထမဆုံး ဗဟိဒ္ဓပစ္စည်းဝတ္ထုဖြစ်တဲ့ စည်းစိမ်ဥစ္စာတွေကို စွန့်တယ်။ ဒီလိုစွန့်တဲ့ အတွက် ဘာမှ ဆင်းရဲချို့တဲ့သွားတယ်ဆိုတာ မရှိဘဲ မိမိကစွန့်လို့ သူတစ်ပါးတွေကောင်းကျိုး ရသွားတာကို ကြည့် ပြီး ဝမ်းသာကြည်နူးရတာ၊ ပစ္စည်းအပေါ် အတွယ်အတာ နည်းသွား လို့ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားတာစတဲ့ စွန့်လွှတ်မှုရဲ့ အရသာ ကို ခံစားတတ်တဲ့ ကျင့်သားရလာတဲ့အခါမှာ ပဒေသရာဇ်တို့ရဲ့ အာဏာစည်းစိမ်၊ ပြီးတော့ ဧကရာဇ်တို့ရဲ့ အာဏာစည်းစိမ်၊ ပြီးတော့ စကြာဝတေးမင်းတို့ရဲ့ အာဏာစည်းစိမ်တွေအထိ တစ်စ တစ်စ စွန့်ဝံ့ လာသလို စွန့်လွှတ်ခြင်းရဲ့ အရသာကိုလည်း တိုးတိုးပြီး သိတတ် ခံစားတတ်လာတယ်။ ဒါက အပြင်ဗဟိဒ္ဓစစ်စစ်အလွှာပဲ ရှိပါသေးတယ်။

အဲဒီနောက်မှာတော့ အပြင်လွှာဖြစ်ပေမယ့် အတွင်းသားနဲ့ မခြား စွဲလမ်းရတဲ့ သားသမီးတို့ ဇနီးတို့ကိုစွန့်တဲ့ လေ့ကျင့်ခန်းအထိ တစ်ဆင့်တိုးလေ့ကျင့်ပါတယ်။ ဒီအဆင့်မှာ စွန့်လှူရတာနဲ့ ပတ်သက် လို့ ငယ်ငယ်တုန်းက ဝိဇ္ဇောဒယဆရာတော်ဘုရားကြီး တရားဟော ခါနီး ဘုရားရှိခိုးတာ ကြားရဖူးတယ်။ "နှလုံး သည်းပွတ်နှင့်

http://www.dhammadownload.com



ပမာညီသည့် ကဏ္ဍာ၊ ဇာလီတို့ကဲ့သို့သော သမီးသား၊ မဒ္ဒီဒေဝီကဲ့သို့သော ဇနီးမယားကိုလည်း မငဲ့မကွက် စွန့်ကြဲတော်မူနိုင်စွမ်းထသော . . . " တဲ့။ "သားသမီး ဇနီး မယား" တို့ဆိုတာ မိမိခန္ဓာကိုယ်ရဲ့ အပြင်မှာရှိလို့သာ "ဗဟိဒ္ဓဝတ္ထု" လို့ ခေါ်ဆိုရပေမယ့် ခန္ဓာကိုယ်ရဲ့ အတွင်းအကျဆုံးဖြစ်တဲ့ "နှလုံးသည်းပွတ်" နဲ့ မခြားတဲ့ အတွယ်အတာများဖြစ်လို့ ဒီအလှူကို စွန့်ခွာဖို့ဆိုတာ တော်တော့လူစဉ်းတောင်မစဉ်းစားဝံ့လောက်ပါဘူး။

ဒီအဆင့်ကို ခံနိုင်ရည်ရှိပြီဆိုတော့မှ ခန္ဓာကိုယ်နဲ့ တစ်သားတည်းဖြစ်တဲ့ ခြေ၊ လက်၊ နား၊ နှာ၊ မျက်စိစတဲ့ အင်္ဂါအစိတ်အပိုင်းတွေ၊ ဆဒ္ဒန်ဆင်မင်းဘဝ စသည်မှာတော့ အစွယ်လိုအင်္ဂါ အစိတ်အပိုင်းတွေကို စွန့်လွှတ်လေ့ကျင့်ပြီး အစမ်းသပ်ခံတယ်။ နောက်ဆုံး အဆင့်မှာတော့ ကိုယ်နဲ့အသက်ကို မငဲ့မကွက် စွန့်လွှတ်အစမ်းသပ်ခံတာပါ။ ဘာကိုပဲ စွန့်ရစွန့်ရ လုံးဝတုန်လှုပ်မှု မရှိတော့ဘူးဆိုတဲ့အခါ "စွန့်နိုင်စွမ်းအား ပြည့်တယ်" လို့ ဆိုရပါတယ်။ စွန့်နိုင်စွမ်းအား ပြည့်ဝခြင်းသည်ပင် ပါရမီ ပြည့်တဲ့ သဘောလည်း ဖြစ်ပါတယ်။

"ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ" ဆိုရင်တော့-

ဘုရားဖြစ်တော်မူပြီးနောက် တရားဦးကို ဟောတော်မူတဲ့အခါ ဘုရားအစရှိတဲ့ အရိယာ သူတော်ကောင်းတို့ရဲ့ အမြင့်ဆုံးရည်မှန်းချက် ပန်းတိုင်ဖြစ်တဲ့ 'နိဗ္ဗာန်' ဆိုတာကို 'နိရောဓ သစ္စာ" အဖြစ် ဟောတော်မူပါတယ်၊ အဲဒီမှာ "နိရောဓ = ချုပ်ငြိမ်းတယ်" ဆိုတာ "ဒုက္ခ" လို့ သတ်မှတ်ထားတဲ့အရာတွေ လုံးဝမရှိဘဲ ချုပ်ငြိမ်းသွားတာကို ဆိုလိုတာ မဟုတ်ဘူး၊ အဲဒီလို သတ်မှတ်စွဲလမ်းတဲ့

http://www.dhammadownload.com



တဏှာ၊သမုဒယကလွတ်မြောက်သွားခြင်းသာ ဖြစ်တယ်။ ဒါကြောင့် "ဒုက္ခချုပ်တယ်" ဆိုတာ တကယ်တမ်းက သမုဒယကျော့ကွင်းက လွတ်မြောက်သွားတဲ့ (မုတ္တိ) သာ ဖြစ်တယ်လို့ ဟောတော်မူပါတယ်။

ဒီလို "လွတ်" ဖို့အတွက် ဘာလုပ်ရမလဲ ဆိုတော့ "ပဋိနိဿဂ္ဂ" တဲ့။ လွတ်ချင်ရင် "လွှတ်"ရမယ်လို့ ဆိုလိုက်တာပါ။ ဒါဖြင့် လွှတ်နိုင်အောင် ဘာလုပ်ရမလဲဆိုတော့ "စာဂ" တဲ့။ လွှတ်နိုင်အောင်စွန့်တဲ့ အလေ့အကျင့် လုပ်ရမယ်။ "စာဂေါပဋိနိဿဂ္ဂေါမုတ္တိ" ဆိုပြီး ဟောတော်မူပါတယ်။

ဒါကြောင့် ပါရမီဖြည့်တယ်ဆိုတာ စွန့်ကြဲတဲ့ "စာဂ" တွေ တစ်စတစ်စ တိုးတိုးပြီး စွန့်ရဲအောင်၊ တစ်လွှာပြီးတစ်လွှာ (ပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်သိန်၊ သားသမီး၊ ဇနီး၊ ခြေလက် အင်္ဂါ၊ ကိုယ့်အသက်အထိ) တိုးတိုးပြီး စွန့်နိုင် စွမ်းအားတက်လာအောင် လေ့ကျင့်တာပါ။ ကိုယ်နဲ့ အသက်ကိုပင် မငဲ့မကွက် စွန့်ရဲပြီဆိုတဲ့ အဆင့်ကို ရောက်လာပြီဆိုရင် ပါရမီပြည့်ပြီလို့ ဆိုခဲ့တာပါ။

နောက်ဆုံးဘဝ သိဒ္ဓတ္ထမင်းသား ဖြစ်လာတဲ့အခါ စကြာဝတေးမင်းအဖြစ်ဆိုတဲ့ စည်းစိမ်တွေ၊ သားတော်ရာဟုလာနဲ့ ယသောရော မိဖုရားတို့ကိုစွန့်ပြီး တောထွက်နိုင်ခဲ့တာ၊ ဉရုဝေလတောထဲမှာလည်း ခြောက်နှစ်တိတိ သေလောင်းမြောင်းဝ ရောက်သည့်တိုင်အောင် အသက်ကို ငဲ့ကွက်စိတ်နဲ့ တစ်စက်ကလေးမျှ နောက်မတွန့်ခဲ့တာတွေဟာ စွန့်နိုင်တဲ့ စာဂစွမ်းအားအပြည့်နဲ့ ပါရမီတော်တွေကို ဖြည့်ပြီးခဲ့လို့ပဲ ဖြစ်ပါတယ်။

ပါရမီတော်တွေထဲမှာ စွန့်နိုင်စွမ်းအား အပြည့်ပါတဲ့ ပညာပါရမီကိုလည်း ပြည့်စုံအောင် ဖြည့်ဆည်းခဲ့တဲ့အတွက် နောက်ဆုံး ဘဝမှာ

http://www.dhammadownload.com



ခြောက်နှစ်လောက်ကြာအောင် အပြင်းအထန်ကြိုးစားလို့ အမှားရဲ့ အဆုံးစွန်အထိ ရောက်တဲ့အခါမှာလည်း အမှားနဲ့အမှန်ကို အချိန်မီ ချင့်ချိန်ခွဲခြား ဝေဖန်နိုင်စွမ်းရှိသလို အမှားကို ရဲရဲကြီးပယ်လှန်စွန့်ခွာ ပြီး အမှန်ကို လက်ခံရဲတဲ့သတ္တိ အပြည့်ရှိလာတာပါ။ အချိန်အခါ၊ နေရာဒေသ၊ အခြေအနေတို့နဲ့အညီ လိုအပ်တဲ့ အချက်အလက် တွေကို လိုအပ်သလို အသုံးပြုနိုင်စွမ်းရှိပြီး ရည်မှန်းတဲ့အဆင့်အထိ ရောက်ရှိပြည့်စုံခဲ့တာကတော့ ပါရမီလုပ်ငန်းဆယ်မျိုး အဆင့်အလွှာ အပြား သုံးဆယ်လုံးကို အပြည့်အဝကျင့်သုံး ဖြည့်ဆည်းခဲ့လို့ပဲ ဖြစ်ပါတယ်။

ဒါဟာ "တစ်မိုးအောက်တွင်၊ တစ်ယောက် ရဲရဲ၊ တွေ့နိုင်ခဲ" ဆိုတဲ့ အာဇာနည်တို့ရဲ့ လာရာလမ်းကြောင်းပါ။

ဒီလမ်းကြောင်းအကြောင်းကို ဒီလောက်ထိ ရေးပြနေရတာ ကတော့ ဒီနေ့ သာသနာတော်ကို သက်ဝင်ယုံကြည်ကြ ပါတယ်ဆို သူတွေ၊ နိဗ္ဗာန်ကို ဦးတည်ပြီး ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကုသိုလ် ကောင်းမှု ပြုနေကြသူတွေအတွက် . . .

မိမိတို့ရဲ့ လုပ်ဆောင်ချက်၊ မိမိတို့ရဲ့ စေတနာများဟာ ရည်မှန်း ချက်နဲ့ ကိုက်ညီပါရဲ့လား၊ နိဗ္ဗာန်ကို တကယ်ဦးတည် ရည်မှန်းကြတဲ့ အလောင်းတော်သူမြတ် အာဇာနည်စစ်စစ်တို့အနေနဲ့ လုပ်ဆောင် ချက်နဲ့ ရည်မှန်းချက် ထိကပ်နီးစပ်အောင် ဘယ်လိုစေတနာမျိုး ထားပြီး တွန်းပို့စေ့စပ်ပေးတယ်ဆိုတာ သတိထား အသိပွားနိုင်ကြ စေဖို့ပါ။

လက်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင် အများစုကြီးဟာ မိမိတို့ ယုံကြည်မှုကို အကြောင်းပြုပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ပစ္စည်း ဝတ္ထု

http://www.dhammadownload.com



စွမ်းအားတွေလည်း အများကြီးစိုက်ထုတ် ကြပြီး အချိန်တွေလည်း အများကြီးပေး ကြိုးစားနေကြတာကို တွေ့ရပေမယ့် "ပိုးသာကုန်၊ မောင်ပုံစောင်းမတတ်" ဆိုသလိုပဲ၊ လုပ်သက်တွေကသာ တဖြည်းဖြည်း ရင့်လာနေကြတယ်။ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာတရားတွေကတော့ ရင့်ကျက်လာတဲ့ပုံမတွေ့ရသလိုပဲ။

တူသားလိုရင်းနှီးနေတဲ့ လူငယ်တစ်ဦးက မေးဖူးတယ်။ "အဖေတို့ အမေတို့ဟာ အရင်က ခွန်းကြီးခွန်းငယ် အော်တာဟစ်တာ တောင် သိပ်မကြားမိခဲ့ဖူးဘူး၊ အခု နှစ်ယောက်လုံး အဘိဓမ္မာ သင်တန်းတွေတက်၊ ရိပ်သာစခန်းတွေ ဝင်ကြပြီးမှ ညနေတိုင်းလိုလို ပူညံပူညံကြားနေရတယ်။ ဒီတရားတွေ နားလည်လာတဲ့အခါ လူတွေ ပိုပိုပြီး စိတ်တို (ဒေါသကြီး) တတ်သလား" တဲ့။

ရုတ်တရက် သူ့မေးခွန်းကို ဘယ်လိုဖြေ လိုက်ရမှန်းမသိအောင် ဖြစ်သွားတယ်။ ပြီးတော့မှ ရယ်စရာလိုလိုနဲ့ "တို့ငယ်ငယ်တုန်းက ရွာမှာ လူငယ်တွေ ရပ်ရွာကာကွယ်ရေး အတွက်ဆိုပြီး သိုင်းတွေ သင်ကြတယ်ကွ၊ ညပိုင်းမှာသင်ထားတဲ့အကွက်တွေ မေ့မသွားရအောင် နေ့လယ်နေ့ခင်း နွားကျောင်းရင်း၊ ပေါင်းပေါက်ရင်း ဆိုသလို အချိန်ရရင် ရသလိုလည်း လေ့ကျင့်ကြတာ တွေ့ရဖူးတယ်။ အခု မင်းတို့ အဖေတို့ အမေတို့လည်း အဲဒီလိုနဲ့ပဲ တူပါတယ်ကွာ။ သူတို့ သင်ယူမှတ်သားထားတဲ့ လောဘတွေ၊ ဒေါသတွေ၊ မာနတွေဆိုတာ လက်တွေ့သဘောပေါက်အောင် လေ့ကျင့်ပေးနေတာ ဖြစ်မယ် ထင်ပါတယ်" လို့ ပြောလိုက်တော့ လူငယ်လေးကလည်း သဘောပေါက်သလို ရှိပုံရပါတယ်။ "ဟဲ . . . ဟဲ . . . တကယ်ဖြစ်တာ

http://www.dhammadownload.com



မဟုတ်ဘဲ ရီပဟာဇယ်လောက်ဆိုရင်တော့ တော်သေးပါရဲ့ဘုရား" တဲ့။


"ရည်မှန်းချက်ဆိုတာ လုပ်ဆောင်ချက်များ နဲ့ အကောင်အထည် ဖော်ရတယ်" ဆိုတဲ့နေရာမှာ လုပ်ဆောင်ချက်များဟာလည်း အများ သိသာ မြင်သာတဲ့ အသွင်အပြင်ထက် မိမိရင်ထဲမှာ ထားရှိတဲ့ စေတနာက ပိုအဓိကကျပါတယ်။ "ကံဟူသမျှကို စေတနာကသာ အဆုံးအဖြတ်ပေးတယ်" ဆိုတဲ့ ဘုရားအမိန့်တော် အတိုင်းပါပဲ။

ပန်းတိုင်ကို ရောက်ရှိသွားကြတဲ့ အာဇာနည်တို့ရဲ့ လာရာ လမ်းကြောင်းကို အတုယူ အားကျလိုက်နာနိုင်ကြပါစေသော်။ ။

**အတွေးသစ်ဗျာနယ်၊ အတွဲ ၈၊ အမှတ် ၃၅၉၊ ၃၅၇။**

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လားရာလမ်း(၅)

## "စီးသူနှင့် ရှန်းသူ"

လောကီအာရုံ ကာမဂုဏ်တွေဆိုတာ စွန့်နိုင်ရင် ကိုယ်က
'စီးသူ' ဖြစ်ရတယ်။
မစွန့်နိုင်ရင် ကိုယ်က 'ရှန်းသူ' ဖြစ်ရတယ်။

**တောင်မြို့ - အောင်ခြင်းရှစ်ပါးဆရာတော်ကြီး**

စာသင်သားအဖြစ်နဲ့ တောင်မြို့ခေါ် အမရပူရမြို့ကို စရောက်ချိန်က အမရပူရမြို့မှာ ထင်ရှားတဲ့ ဆရာတော်ကြီးလေးပါးရှိတယ်။

တောင်မြို့ညဝါအကျော် တူမောင်းဆရာတော်ကြီး (ဘဒ္ဒန္တနန္ဒိယ) ရယ်၊ ဘာသာငြိကာ ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်ကြီး (အရှင်ဇနကာဘိဝံသ)ရယ်၊ မိုးကုတ်ဝိပဿနာ အာဒိကမ္မဌာနာစရိယ (ဘဒ္ဒန္တဝိမလ) ဆရာတော်ကြီးရယ်၊ အောင်ခြင်းရှစ်ပါးဆရာတော်ကြီးရယ်တို့ ဖြစ်ပါတယ်။

စာနုဒိစာအုပ်တိုက်

http://www.dhammadownload.com



တခြားဆရာတော်ကြီးသုံးပါးက စာချ၊ စာရေး၊ တရားဟော၊ တရားပြဆိုတဲ့ ပရိယတ်၊ ပဋိပတ်လုပ်ဆောင်ချက်များကြောင့် ရဟန်းရှင်လူတို့ရဲ့ လေးစားခြင်းကိုခံရသလို အောင်ခြင်းရှစ်ပါး ဆရာတော်ဘုရားကြီးကတော့ တောင်သမံ အင်းစောင်းမှာရှိတဲ့ သုသာန်နားက ကျောင်းမှာနေပြီး ညတိုင်း သုသာန်ဓုတင်ဆောင်ပြီး ပဋိပတ် ကျင့်သုံးတော်မူတာရယ်၊ ရသမျှပစ္စည်းလေးပါးတို့ကို တပည့်များအား လိုအပ်သလောက် စွန့်ကြဲပြီးတာနဲ့တစ်ပြိုင်နက် မိမိနားမှာ လုံးဝမထားဘဲ မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲကျင်းပရာ ဗဟိုဌာနဖြစ်တဲ့ တူမောင်းတိုက်ကို ချက်ချင်းပို့လှူလေ့ရှိတာရယ်၊ သွားလာနိုင်သေးသမျှ အချိန်အထိ ကိုယ်တိုင် ဆွမ်းခံတဲ့ ပိဏ္ဍပါတ်ဓုတင်ဆောင်လေ့ ရှိတာရယ်တို့ကြောင့် ထင်ရှားပါတယ်။

ဆရာတော်ကြီးရဲ့ ပဋိပတ်ဂုဏ်သတင်းကြောင့် ဟိုက ဒီက လာရောက်လှူဒါန်းသူတွေလည်း အတော်လေးရှိပါတယ်။ တချို့ကတော့ ဘယ်လောက်အဖိုးတန်တဲ့ ပစ္စည်းတွေပဲဖြစ်ဖြစ် ဆရာတော်ကြီးက သူ့နားမှာသိမ်းမထားဘူး။ ချက်ချင်းစွန့်လှူ ပစ်လေ့ရှိတယ်ဆိုတာ သိထားလေတော့ သူတို့လှူတဲ့ပစ္စည်း အကောင်းစားလေးတွေဆိုရင် ဆရာတော်ဘုရားကြီးကိုယ်တိုင် အသုံးပြုစေချင်တဲ့ သဘောနဲ့ “ဒါလေးတော့ ဆရာတော်ဘုရားကြီး ကိုယ်တိုင်အသုံးပြုတော်မူပါဘုရား၊ ဘယ်မှ စွန့်လှူမပစ်ပါနဲ့” ဆိုပြီး လျှောက်ထားတတ်ကြတယ်။ အဲဒီလို အခါမျိုးမှာ ဆရာတော်ကြီးမိန့်လေ့ရှိတဲ့စကားက-

“လောကီအာရုံ ကာမဂုဏ်တွေဆိုတာ စွန့်နိုင်ရင် ကိုယ်က ‘စီးသူ’ ဖြစ်ရတယ်၊ မစွန့်နိုင်ရင် ကိုယ်က ‘ရှုန်းသူ’ ဖြစ်ရတယ်”တဲ့။

http://www.dhammadownload.com



ဆရာတော်ကြီးသက်တော်ထင်ရှားရှိစဉ်က လေးငါးနှစ်လောက်မှီလိုက်ရသလို ဆရာတော်ကြီးရဲ့ မိန့်ကြားချက်များကိုလည်း ကြားဖူးနားဝရှိခဲ့ပေမယ့် အဲဒီတုန်းက ဆိုလိုရင်းကို သိပ်ပြီး သဘောမပေါက်ခဲ့ဘူး၊ အခုအချိန်မှာ ဘုရားအလောင်းရဲ့ ပါရမီဖြည့်ခဲ့ပုံဖြစ်တော်စဉ်ဘဝတွေကို လေ့လာကြည့်တဲ့အခါကျတော့မှ ဆရာတော်ကြီးရဲ့စကားဟာ ဘယ်လောက်အထိ လေးနက်ထိရောက်တယ်ဆိုတာ သဘောပေါက်လာရတယ်။

ဟုတ်တယ်၊ ဘုရားအလောင်းတော် အာဇာနည်ယောကျ်ားမြတ်တို့ရဲ့ လာရာလမ်းတစ်လျှောက်ကို လေ့လာကြည့်မယ်ဆိုရင် သုမေဓာ သူဌေးသားဘဝကစပြီး ဝေဿန္တရာမင်း ဘဝအထိ စွန့်လွှတ်ခြင်း သက်သက်နဲ့ ဗောဓိဉာဏ်အဆောက်အအုံကို မြင့်မြတ်သည်ထက် မြင့်မြတ်အောင် တည်ဆောက်ခဲ့တာ။ ငါးရာ့ငါးဆယ်လို့ခေါ်တဲ့ ဖြစ်တော်စဉ်ဘဝတွေကို ကြည့်မယ်ဆိုရင်လည်း ကိုယ်ရေး ကိုယ်တာ အတွက် ပစ္စည်းဥစ္စာကို တွယ်တာခြင်းကြောင့် ဒုက္ခကြုံရတဲ့ ဘဝရယ်လို့ မရှိဘူး။ အမြဲတမ်း စွန့်လွှတ်တဲ့ ဘက်ကချည်း နေခဲ့တယ်။

စွန့်လွှတ်တယ်ဆိုတာတောင် အများမြင်သာတဲ့ ရုပ်ပိုင်းဆိုင်ရာ စွန့်လွှတ်မှုရိုးရိုး မဟုတ်ဘူး။ ရုပ်ပိုင်းစိတ်ပိုင်း နှစ်ပိုင်းလုံးကို ပြတ်ပြတ်သားသား စွန့်လွှတ်ခဲ့တာပါ။ တချို့က ရုပ်ပိုင်းဆိုင်ရာအရ 'စွန့်လွှတ်တယ်'လို့ ထင်ရပေမယ့် သူတို့ရဲ့စိတ်က အာရုံမပြတ်ဘူး။ လောကဂုဏ်သိန်ကိုဖြစ်စေ၊ စည်းစိမ်ဥစ္စာကိုဖြစ်စေ တောင့်တပြီး ရင်းနှီးမြှုပ်နှံတဲ့သဘောမျိုးနဲ့ စွန့်ကြတာ။ ဘုရားအလောင်းတော် အာဇာနည်တို့ရဲ့ စွန့်လွှတ်မှုမှန်သမျှကတော့ ကိုယ်ကျိုးတောင့်တမှု

http://www.dhammadownload.com



လုံးဝမဖက်ဘဲ အလှူခံတို့ရဲ့ အကျိုးအတွက်သာ ငဲ့ကွက်စွန့်လွှတ်ခဲ့တာပါ။

ဒါကြောင့်လည်း တောင်မြို့ ဂန္ဓာရုံဆရာတော်ဘုရားကြီးက-

**"လောကဂုဏ်သိန်၊ စည်းစိမ်မဖက်၊ သက်သက်အလှူခံယူသူသာ၊ ချမ်းသာစေကြောင်း၊ ငဲ့ညှာရှောင်း၊ အလောင်းတော်တို့ ဒါနမှတ်"** လို့လင်္ကာစာပိုဒ်နဲ့ မှတ်ချက်ချတော်မူခဲ့တာပါ။

ရာထူးဂုဏ်သိန်ပဲဖြစ်ဖြစ်၊ စည်းစိမ်ဥစ္စာပဲဖြစ်ဖြစ်၊ တခြားအတွယ်အတာတွေပဲဖြစ်ဖြစ် ကိုယ်က သိမ်းပိုက်စွဲလမ်းထားမယ်ဆိုရင် အစွဲပြင်းသလောက် အခွာခက်လာတယ်။ သင်္ခါရတို့ရဲ့ ထုံးစံအရ မလွှဲမသွေခွဲခွာကြရပြီ ဆိုရင်လည်း ကိုယ်က ခွာတာမဟုတ်ဘဲ သူက ကွာသွားတာဖြစ်လို့ ခံစားရချက်ပြင်းကြမြဲပါ။

**ကိုယ်ကခွာတယ်ဆိုတာ အနာတစ်ခုကို တဖြည်းဖြည်း ရင့်ရာက မှည့်၊ မှည့်ရာက ပြည်သွေးစင်ပြီး ခြောက်ကွာကျတာနဲ့ တူတယ်၊ ကိုယ်က မခွာချင်ဘဲ သူက ကွာကျတယ်ဆိုတာ အနာမမှည့်ဘဲ ဆွဲခွာလိုက်တာနဲ့ တူတယ်လို့ ဆရာများက မိန့်ကြားဖူးပါတယ်။**

အောင်ခြင်းရှစ်ပါး ဆရာတော်ကြီး မိန့်ကြားတဲ့ "မစွန့်နိုင်ရင် ကိုယ်ကရုန်းသူဖြစ်ရတယ်" ဆိုတာလည်း ဒီသဘောကို ရည်ညွှန်းတယ်လို့ ထင်ပါတယ်။

အလောင်းတော်တို့မှာတော့ အစွန့်သက်သက်နဲ့သာ လျှောက်လှမ်းခဲ့တဲ့အတွက် အတွယ်အတာဝန်ကို ထမ်းရတယ်ဆိုတာ မရှိခဲ့ဘူး။ တောင့်တမှုဆိုတာ လုံးဝမရှိခဲ့တဲ့အတွက် အလိုမပြည့်လို့ ကြုံရတဲ့ ဒုက္ခ ဆိုတာလည်း လုံးဝမရှိခဲ့ဘူး။ ဒီဒုက္ခမျိုး မကြုံရရုံမျှမကသေးဘူး

http://www.dhammadownload.com



လိုအပ်တဲ့ အရာမှန်သမျှကိုလည်း အထူးအထွေ တောင့်တနေစရာ မလိုဘဲ အလိုရှိကာမျှနဲ့ ပြည့်စုံရတယ်လို့ (ဥဒါန်း-ဥဒပါန သုတ်မှာ) ဟောတော်မူပါတယ်။ "စွန့်နိုင်ရင်စီးသူဖြစ်ရတယ်" ဆိုတာ ဒီသဘောပဲ ဖြစ်ပါလိမ့်မယ်။

အချို့ ရှေးဆရာတော်ကြီးများကတော့ "မစွန့်နိုင်ရင် ဝန်ထုပ်၊ စွန့်နိုင်ရင် ရိက္ခာထုပ်" လို့လည်း မှတ်ချက်ချကြပါတယ်။

အားလုံးကိုခြုံငုံပြီး ကောက်ချက်ချမယ် ဆိုရင်တော့-

"မစွန့်နိုင်သူ (သိမ်းပိုက်ထားသူ) များဟာ ဝန်ထုပ်ပိပြီး နစ်နေကြရတယ်၊ စွန့်နိုင်သူများကတော့ ရိက္ခာထုပ်စီးပြီး တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်နေကြရတယ်၊ နောက်ဆုံးမှာ အမြင့်ဆုံး အရိယာအဆင့်အထိ ရောက်ရှိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနေကြရတယ်" လို့သာ ဆိုရပါလိမ့်မယ်။

ဒီနေရာမှာ စဉ်းစားကြည့်စေချင်တာကတော့-

"ဒီနေ့ 'ဗုဒ္ဓဘာသာဝင်သူတော်စင်များ' လို့ ဆိုကြသူတွေအနေနဲ့ ဘုရားသွား၊ ကျောင်းတက်၊ အလှူရေစက်လက်နဲ့မကွာ၊ ဒါန, သီလ, ဘာဝနာမလွတ်" လို့ဆိုရလောက်အောင် ကုသိုလ်ကောင်းမှု အမျိုးမျိုးကို လုပ်နေကြတာ၊ ပစ္စည်းဥစ္စာကော၊ ကိုယ်စွမ်းဉာဏ်စွမ်းပါ စိုက်ထုတ်နေကြတာကတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။

ဒါပေမဲ့ အဲဒီကုသိုလ်ရှင်များအနေနဲ့တို့ဟာ "စီးသူတွေလား၊ ရှုန်းသူတွေလား၊ ဝန်ထုပ်ပိနေကြသူတွေလား၊ ရိက္ခာထုပ် စီးနေကြသူတွေလား" ဆိုတာကတော့ စိစစ်သုံးသပ်စရာ ဖြစ်နေပါသေးတယ်။

"စီးသူ" ဆိုတာ အာဇာနည်တို့ထုံး နှလုံးမူပြီး ကုသိုလ်ကောင်းမှု မှန်သမျှ ကိုယ့်ကောင်းကျိုးကို မမျှော်ကိုး မတောင့်တဘဲ အလှူခံ

http://www.dhammadownload.com



သူတို့ရဲ့ ကောင်းကျိုးသက်သက်ကိုသာ ရှေးရှုပြီးပြုတဲ့ ကုသိုလ်မျိုး ပြုလုပ်သူများကို ဆိုလိုတာပါ။

တစ်နည်းပြောရရင်တော့ ကောင်းမှုကို ကောင်းချင်လို့ပြုတာ မဟုတ်ဘဲ ကောင်းစေချင်လို့ ပြုသူများဖြစ်မှသာ 'စီးသူ' များ ဖြစ်ကြရမှာပါ။

■

မိမိငယ်စဉ်ကတည်းကနေခဲ့လို့ မိမိရဲ့အရပ်ဒေသလို့ပဲဆိုရမယ်။ တောင်မြို့(အမရပူရ) မှာ အများသိကြတဲ့အတိုင်း ဦးပိန်တံတားခေါ် တောင်သမံတံတားကြီးရှိပါတယ်။ "အင်းရယ်၊ တံတားရယ်၊ ဝန်းကျင်ရှုခင်းရယ်၊ မယ်ဇယ်တန်းရယ်"စတဲ့ သဘာဝ အလှကြောင့် ရပ်ဝေးရပ်နီး အပန်းဖြေသူများသာမက နိုင်ငံခြားသား ခရီးသွား များပင် လာရောက်ကြည့်ရှု အပန်းဖြေ ကြပါတယ်။

အဲဒီမှာ အဝေးရှုခင်းက လှပသာယာသလောက် အနီးကပ်မှာ အကျည်းတန်တဲ့ မြင်ကွင်းများအဖြစ်နဲ့ 'ငှက်' အကြီးအသေး မျိုးစုံတို့နဲ့ ငါးအရှင်လေးတွေကို ဖမ်းလှောင်ပြီး ကုသိုလ်ဖြစ်လွှတ်ကြဖို့ ရောင်းချနေကြတာကို မိုးတွင်းမှာဆိုရင် မမြင်ချင်အဆုံး တွေ့နေရ တာပါပဲ။

တချို့က ငှက်ကလေးတွေ၊ ငါးကလေးတွေကို သနားတဲ့အတွက် ဝယ်ပြီးလွှတ်ကြပါတယ်။ အမှန်ကတော့ ဈေးကောင်းကောင်းပေးပြီး ဝယ်လွှတ်နေကြသူတွေရှိလို့လည်း ဖမ်းလှောင်ပြီး ရောင်းချနေတဲ့ ကိစ္စက ဖြစ်ပေါ်နေတာပါ။ သူတော်စင်တို့ ကုသိုလ်ရဖို့အတွက် အပြစ်မဲ့ငှက်နဲ့ငါးတို့ ဖမ်းလှောင်ခံနေရတယ်လို့ ဆိုရမှာပါပဲ။

http://www.dhammadownload.com



"ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူမကောင်းမှု ဝေစုအမျှယူ" ဆိုတဲ့ ဘုရားရှင် အဆုံးအမအတိုင်းဆိုရင်တော့ ဖမ်းသူ၊ လွှတ်သူ အားလုံးဟာ "အပေါင်းပါများ" လို့သာ ဆိုရမှာ ဖြစ်ပါတယ်။

အဲဒီမှာ အနီးကပ် အေးအေးဆေးဆေး စောင့်ကြည့်မယ်ဆိုရင် ဘယ်လိုထူးခြားချက်တွေ တွေ့ရဦးမလဲဆိုတော့-

နိုင်ငံခြားသားအချို့လည်း ငှက်တွေ၊ ငါးတွေကိုဝယ်ပြီး လွှတ်ကြတယ်။ သူတို့ကတော့ ပါးစပ်ကဘာဆုတောင်းတွေမှ ဆိုမနေကြပါဘူး၊ ငှက်ကလေးတွေကိုလည်း လေထဲမြှောက်ပြီးလွှတ်လိုက်လို့ ငှက်ကလေးတွေ ကောင်းကောင်းမွန်မွန် ပျံတက်သွားနိုင်တာကို တွေ့လိုက်ရင် လက်ခုပ်တီးပြီး ပျော်လိုက်တာပဲ။ သိပ်ပြီး ခြေတွေ ညောင်းလို့ မပျံနိုင်တဲ့ ငှက်ကလေးတွေကျတော့ ပြန်ကောက်ယူပြီး အသာအယာ ဆုပ်နယ်ပေးတယ်။ ပြီးတော့ လေထဲကို နည်းနည်း ပိုမြှောက်ပြီး လွှတ်လိုက်တယ်။ အောင်အောင် မြင်မြင်ပျံတက်သွားရင် လက်ခုပ်တီး၊ ဩဘာပေးလိုက်ကြပါတယ်။ ငါးကလေးတွေကို လွှတ်တဲ့အခါမှာလည်း ဒီအတိုင်းပါပဲ။

အဲ - မဟာကရုဏာရှင် ဗုဒ္ဓဘာသာဝင်သူတော်စင်များကတော့ ဝယ်ခါနီးမှာ ဈေးဆစ်တယ်၊ အကောင်ရေများများရအောင် ဈေးအသက်သာဆုံးကို ရွေးဝယ်ပါတယ်။ ဈေးကြီးတဲ့ အကောင်ကြီးတွေကိုတော့ သူတို့ရဲ့ ကရုဏာက အမီမလိုက်နိုင်သေး လို့ထင်ပါရဲ့၊ ဒီအတိုင်းပဲ ကြည့်နေလိုက်ပါတယ်။ ဝယ်ပြီးပြီဆိုတော့ လွှတ်တော့မယ်။ ဒီအတိုင်းလွှတ်မှာတော့ မဟုတ်သေးဘူး၊ ပါးစပ်ကဆုတောင်းသေးတယ်-

http://www.dhammadownload.com



"နင့်အသက်တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်၊ ဟေး . . " တဲ့။

တူသောအကျိုးကို ပေးတတ်တယ်ဆိုရင်တော့ ငှက်ကလေးတွေ၊ ငါးကလေးတွေအနေနဲ့ "တောင်းတဲ့ဆု ခုချက်ချင်း ပြည့်စေသား" လို့များ ဆုပေးကြမလားပဲ။

စဉ်းစားကြည့်ရင် အတော်ကြက်သီးထလောက်တဲ့ ဆုတောင်းပါ။ ဘာသာစကားကို စနစ်တကျတတ်ကျွမ်းသူများသာ ဒီဆုတောင်းကို ကြားလိုက်ရင် "ဒီလူ စိတ်များမနှံ့လို့လား" နဲ့ ထင်လောက်တယ်။

ဟုတ်တယ်လေ။ 'လွှတ်' ဆိုတဲ့ကြိယာ စကားက သဘာဝတရားမဟုတ်ဘူး၊ လူက ဖန်တီးမှုကိုအကြောင်းပြုပြီး ပြောဆိုတဲ့စကား။ ပြီးတော့ ဒီစကားက သူချည်းအဦးဆုံး ပြောဆို သုံးစွဲရတဲ့စကားလည်း မဟုတ်ဘူး။ သူ့ရှေ့မှာ ရှေ့ပြေးကြိယာ (ပုဗ္ဗကာလကြိယာ) တစ်ခုခု ရှိရတယ်။ ဖမ်းခြင်း၊ ချုပ်ခြင်း၊ ငြိခြင်းစတဲ့ကြိယာတစ်ခုခု ဖြစ်ပေါ်ပြီးမှ သုံးရတဲ့စကားမျိုး။ "လွှတ်တယ်" ဆိုတာဖြစ်ဖို့အတွက် "ဖမ်းတယ်၊ ချုပ်တယ်၊ တုပ်နှောင်တယ်" စတဲ့ကြိယာတစ်ခုခု အရင်ဖြစ်ပေးရဦးမှာ။

ဒီတော့ "ငါ့အသက်ဆယ်ခါလွှတ်" ဆိုတဲ့ တောင်းဆိုမှုဟာ "ငါ ဆယ်ခါ အဖမ်းအဆီး၊ အချုပ်အနှောင်ခံရပါလို၏" ဆိုတဲ့ တောင်းဆိုမှုလည်း အလိုလိုတွဲပါနေပြီ။ ဒီရှေ့ပြေးကြိယာတွေ မရှိဘဲ လွှတ်ခြင်းကြိယာက ဖြစ်မှမဖြစ်နိုင်ဘဲကိုး။ တွေးကြည့်ရင် ဘယ်လောက်အထိဝန်လေးအောင်ရုန်းနေရမယ့် တောင့်တမှုကြီးလည်းဆိုတာ သတိပြုစရာပါ။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



ဒါဟာ ကိုယ်ကျိုးကိုငဲ့လို့ ကြုံရတဲ့ ကမောက်ကမနိုင်မှုကြီးပါ။ အာဇာနည်တို့ပြုတဲ့ ကုသိုလ်ဆိုတာ ခံယူသူရဲ့ အကျိုးသက်သက်ကို သာငဲ့ပြီး ပြုလုပ်ရတာဖြစ်လို့ခံယူသူ အကျိုးကို တကယ်ငဲ့ကွက်မယ် ဆိုရင် သူ့ဟာသူ သဘာဝအလျောက် လွတ်လွတ်လပ်လပ် နေကြတဲ့ ငှက်ကလေး၊ ငါးကလေးတွေကို အစကတည်းက ဖမ်းဆီးချုပ်နှောင် သိုလှောင်ထားခြင်း ဆိုတာကို ရှိမှာမဟုတ်ပါဘူး။

ဒီကိစ္စမှာ ဝယ်ပြီးလွှတ်သူများအနေနဲ့ "ဖမ်းသူတွေက ဖမ်းထား တာကို ကိုယ်က စေတနာနဲ့ လွှတ်တာပဲဟာ၊ ကိုယ့်မှာ ဘာအပြစ် ရှိမလဲ" လို့ ဆင်ခြေပေးကောင်းပေးကြမယ် ထင်ပါတယ်။

အဝေးပြေးကားလမ်းဘေးမှာရှိတဲ့ တချို့ တောရွာကလေးတွေ မှာ မူလက ရိုးရိုးပဲ။ ကျေးလက်ကလေးများပီပီ ခရီးသည်တွေကို လက်ပြနှုတ်ဆက်ကြတာပါပဲ၊ ခရီးသည်တွေက မုန့်ပဲသရေစာတို့၊ သကြားလုံးတို့၊ ပိုက်ဆံတို့ ပစ်ချပြီးပေးခဲ့ကြရာက ကျေးလက် ကလေးငယ်တွေဟာ ရိုးရိုးနှုတ်ခွန်းဆက်သူများအဖြစ်ကနေ တောင်း ရမ်းကြသူလေးတွေ ဖြစ်လာကြတယ်။ နောက်တော့ ကားအောက် အထိဝင်လုကြရာက အသက်အန္တရာယ်ပါရှိလာလို့ သက်ဆိုင်ရာက ခရီးသည်များကို တားမြစ်ထားရပါတယ်။

အခုလည်း ဖမ်းဆီးသိုလှောင်ကြတယ်ဆိုတာ ဝယ်ယူပြီး လွှတ်သူတွေရှိလို့ ဖြစ်နေကြတာပါ။ 'အပေါင်းပါများ' အဖြစ်နဲ့ အကုသိုလ်ဝေစု၊ ဝဋ်ကြွေးဝေစုကတော့ ငြင်းမလွတ်ပါဘူး။ အဲ- သူတို့လောဘဇောနဲ့ အတိုးကြီးတောင်းသလို ဆယ်ဘဝဆယ်ခါ လောက်တောင် က,ချင်မှ ကပါလိမ့်မယ်။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



ဘာပဲဖြစ်ဖြစ် ဒါဟာ ရိုးရာဓလေ့ထုံးစံပဲ၊ လွှတ်မြဲလွှတ်ရမှာပဲ၊ ဆုလည်းတောင်းမြဲ တောင်းရမှာပဲဆိုရင်တော့-

"တောင်းသောဆု ယခုချက်ချင်းပြည့်စေသော" လို့သာ ဆုပေးလိုက်ရတော့မှာပါ။

အကျိုးအပြစ်ကိုသိမြင်ကြသူများအနေနဲ့တော့ အံ့ဩစုတ်သပ်ကရုဏာသက်ရင်းက သက်ပြင်းချနေကြမယ်ထင်ပါတယ်။

"ဩော်-လူ့ပြည်မှာ ကိုယ်ကျိုးကိုသာလုနေကြသူတွေ မနည်းပါကလားနော်" . . လို့။

အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၅၈။

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း(၆)

## "စွန့်စားခြင်းနဲ့ စောင့်စားခြင်း"

အာဇာနည်တို့လာရာလမ်းဖြစ်တဲ့ ပါရမီကျင့်စဉ် ၁၀ ပါးနဲ့ ပတ်သက်လို့ လယ်တီ ဆရာတော်ဘုရားကြီးက-

"အမိဝမ်းမှ မွေးဖွားလာတဲ့ ကလေးသူငယ်ဟာ အမိအဖတို့က ကောင်းစွာ စောင့်ရှောက်ပေးမှသာ အသက်ရှည်ပြီး လူလားမြောက်နိုင်သလို၊ ပါရမီတော်များဟာလည်း ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီနှစ်ပါး ခိုင်လုံမှ ချောမောပြည့်စုံမယ်။ ခန္တီပါရမီက အမိနဲ့တူတယ်။ ဥပေက္ခာပါရမီက အဖနဲ့တူတယ်။

မွေးဖွားလာတဲ့ သူငယ်ဟာ အမိအဖတို့က ဘယ်လိုပင် စောင့်ရှောက်ကြပေမယ့် သမားတော် (ဆေးပညာရှင်) ရဲ့ အစောင့်အရှောက်မရှိပြန်ရင်လည်း အညှော်, အသင်း, အစားအသောက်များယွင်းမှုအတွက် ရောဂါဥပဒ်ကပ်ရောက် ပျက်စီးတတ်သလို၊ ခန္တီနဲ့ ဥပေက္ခာနှစ်ပါး အခြေခံစုံတဲ့အတွက် ပါရမီလမ်းစဉ်ချောမွေ့နေသော်လည်း နိက္ခမပါရမီ စောင့်ရှောက်မှု ပြုသမျှကုသိုလ်တွေ ပါရမီ

http://www.dhammadownload.com



အဖြစ် ရောက်နိုင်တယ်။ ဒါကြောင့် နိက္ခမပါရမီဟာ ဆေးသမား တော်နဲ့ တူတယ်လို့ မိန့်ကြားပါတယ်" (ဥတ္တမပုရိသ)

ဒီပါရမီသုံးပါးထဲမှာ ခန္တီပါရမီဆိုတာ ကိုယ်တွင်းမှာခံစားရတဲ့ မကျေနပ်မနှစ်သက်ဖွယ်ရာ ဒုက္ခဓမ္မများနဲ့ ကိုယ်အပြင်ပမှာ ဖြစ်ပေါ် တွေ့ကြုံရတဲ့ အချမ်းအပူမှက်ခြင်စတဲ့ ဒုက္ခဓမ္မတို့ကြောင့် စိတ် ညစ်ညူးခြင်း၊ နှလုံးမသာခြင်း၊ လူးလွန့်ညည်းညူ မျက်နှာမသာခြင်း များ မရှိဘဲ ပြုမြဲတိုင်း ကုသိုလ်ကို အလစ်အလတ်မရှိအောင် ကြံ့ကြံ့ ခိုင်ခိုင်ပြုလုပ်တဲ့ "အဒေါသစေတနာ" ပြဋ္ဌာန်းတဲ့ ပါရမီဖြစ်ပါတယ်။

ဥပေက္ခာပါရမီ ဆိုတာကတော့ မိမိအပေါ် လေးမြတ်ကော်ရော် ပူဇော်ချီးမွမ်းသူ ဆိုပြီးတော့လည်း သာယာခင်မင်စိတ် အထူးမရှိ။ ပြစ်တင်ပြစ်မှား ညှဉ်းပန်းနှိပ်စက်သူဆိုပြီးတော့လည်း မုန်းတီး ငြိုးတေးခြင်း မရှိဘဲ ဒီပုဂ္ဂိုလ်နှစ်မျိုးလုံးအပေါ်မှာ စိတ်ဓာတ်ကို တစ်သားတည်းထားပြီးကျင့်တဲ့ ပါရမီဖြစ်ပါတယ်။

နိက္ခမပါရမီ ဆိုတာကတော့ ရပ်ရွာထဲမှာ နေသော်လည်း တွယ်တာစရာ ဝတ္ထုအာရုံ ကာမဂုဏ်တို့အပေါ်မှာ မတင့်တယ်တဲ့ သဘော စွဲလမ်းတပ်မက်ဖွယ်မရှိတဲ့ သဘောတို့ကို နှလုံးသွင်းပြီး စွန့်လွှတ်ပယ်ရှားနေခြင်း၊ ဒီထက်ပိုစွမ်းနိုင်ရင်တော့ အိမ်ရာ တည်ထောင် လူ့ဘောင်စွန့်ခွာပြီး ရသေ့ရဟန်းပြုခြင်းကစလို့ ဈာန် မဂ်ဖိုလ်အထိ လောဘတဏှာကို စွန့်လွှတ် ကြိုးစားမှု မှန်သမျှဟာ နိက္ခမကုသိုလ်ချည်း ဖြစ်ပါတယ်။

ပါရမီဆယ်ပါးမှာ ဒီပါရမီသုံးပါးက အရင်းခံပဓာနကျတယ် ဆိုရင်၊ ဒီပါရမီသုံးပါးထဲမှာကော ဘယ်ပါရမီက ပိုပြီး ပဓာန ကျမလဲ လို့ စဉ်းစားကြည့်စရာပါ။

http://www.dhammadownload.com



သားသမီးတို့ဟာ "မိဘရဲ့စောင့်ရှောက်မှုပေးမှ အသက်ရှည်ပြီး လူလားမြောက်နိုင်တယ်" လို့ ဆိုတဲ့နေရာမှာ မိဘများ ကိုယ်တိုင်ကလည်း ကျန်းမာနေမှသာစောင့်ရှောက်နိုင်စွမ်းရှိကြမှာပါ။ ကိုယ်က မချိပြီ ဆိုရင်တော့ "အမိသော်လဲ၊ သားသော်ခဲ" ဆိုသလိုပဲ ဘယ်လောက်ပဲ မေတ္တာတရားကြီးမားတယ်ဆိုဆို စောင့်နိုင်စွမ်း ရှိကြမယ် မဟုတ်ပါဘူး။ "ရသမျှလာဘ်တွေထဲမှာ ကျန်းမာခြင်းက အသာဆုံး၊ အရေးအပါဆုံး" ဆိုတဲ့အတိုင်း ကျန်းမာခြင်းက အရေးအကြီးဆုံး ဖြစ်လို့ ကျန်းမာခြင်းကို စောင့်ရှောက်ပေးနိုင်တဲ့ သမားတော် သဖွယ် ဖြစ်တဲ့ နိက္ခမပါရမီက ပဓာနအကျဆုံးလို့ ဆိုရပါလိမ့်မယ်။

အလောင်းတော် အာဇာနည်ယောက်ျားမြတ်ရဲ့ ပါရမီဖြည့်ခဲ့တဲ့ ဖြစ်စဉ်ကို ကြည့်မယ်ဆိုရင်လည်း သံသရာဝဋ်ဒုက္ခ နယ်အတွင်းမှာ နစ်မွန်းမျောပါနေရတဲ့ သတ္တဝါအားလုံးတို့အပေါ်မှာ မိတ်ဆွေနဲ့ ရန်သူ၊ ဆိုးသူနဲ့ ကောင်းသူ၊ ကျေးဇူးရှိသူနဲ့ ကျေးဇူးမဲ့သူရယ်လို့ မခွဲခြားဘဲ (ကျော်သား ရင်သားမခွဲခြားဘဲ) တစ်သားတည်း ရှုမြင်တဲ့ ဥပေက္ခာစိတ်ဓာတ်ရယ်၊ ကိုယ်ကျိုးနဲ့ ပတ်သက်လို့ "ယခုချက်ချင်း အာသဝေါကုန်ခန်းတဲ့ ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်တယ်" ဆိုတဲ့ အမြတ်ဆုံး လောကုတ္တရာ အကျိုးကိုပင် မငဲ့ကွက် ဘဲ စွန့်လွှတ်တဲ့ နိက္ခမဓာတ်ရယ်။

သတ္တဝါတို့ရဲ့ ဒုက္ခကို အပြည့်အဝ ကယ်တင်နိုင်မယ့် သဗ္ဗညု ဘုရားရှင်ဖြစ်ဖို့ဆိုရင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလကြာအောင် ပါရမီတော်တွေကို မတွန့်မဆုတ် ဖြည့်ရလိမ့်မယ်ဆိုတဲ့ ရေရှည်လုပ်ငန်းကြီးကိုလည်း ယနေ့လား နက်ဖြန်လားလောက်

http://www.dhammadownload.com



သဘောထားပြီး အချိန်ကိုရော ကြုံတွေ့ရမယ့် သုခဒုက္ခ အဝဝတွေကိုပါ သည်းခံတဲ့ ခန္တီဓာတ်ရယ်၊ ဒီပါရမီဓာတ်သုံးပါးနဲ့ စခဲ့တာပါ။

နိက္ခမနဲ့ ဥပေက္ခာဆိုတဲ့ စွန့်စားနိုင်စွမ်း ပါရမီနှစ်ပါးရယ်၊ ခန္တီဆိုတဲ့စောင့်စားနိုင်စွမ်း ပါရမီရယ်တို့နဲ့ ဒီပါရမီလုပ်ငန်းစဉ်ကို စတင်ခဲ့တယ်လို့ သဘောပေါက်နိုင်ပါတယ်။

စွန့်စားခြင်း၊ စောင့်စားခြင်းဆိုတဲ့ ပါရမီ အားလုံးတို့ရဲ့ အခြေခံစိတ်ဓာတ်နှစ်မျိုးနဲ့ ပတ်သက်လို့ မန္တလေးမြို့ ဘုရားကြီးတိုက်မှာ ဓမ္မာစရိယ စာဝါလိုက်စဉ်က ကျေးဇူးရှင်ဘုရားကြီးတိုက် အမရပူရဆရာတော်မိန့်ကြားဖူးတဲ့ ဆရာတော်ဦးရန်ကုန်နဲ့ ဝါးချက်မင်းကျောင်း ဆရာတော်ကြီးတို့အကြောင်းကလည်း သင်ခန်းစာကောနမူနာပါယူစရာ ကောင်းလှပါတယ်။

မန္တလေးမြို့ ဘုရားကြီးတိုက်မှာ "ဆရာတော်ဦးရန်ကုန်" ဆိုတာ သူ့ခေတ်သူ့အခါမှာတော့ စာပေတော်တာကော၊ ဒူပေနာပေခံနိုင်ရည်ရှိတာကော၊ ဖွဲ့လုံ့လကြီးမားတာကော၊ ရိုးသားပွင့်လင်းပြီး ရှင်းရှင်းဘွင်းဘွင်း ပြောဆိုတတ်တာကော အဘက်ဘက်က နာမည်ကြီးပါတယ်။ "နိုးကြားနေသမျှ စာထဲမှာပဲ စိတ်ရောက်နေတယ်" ဆိုရလောက်အောင် စာပေ ဝါသနာကြီးသလို အပြိုင်အဆိုင်လည်း ဝါသနာပါသတဲ့။ သူ့ကိုယ်သူလည်း ဘယ်သူနဲ့ပြိုင်ပြိုင် အနိုင်မခံဆိုတဲ့ အရည်အချင်းနဲ့ ပြည့်စုံအောင် ကြိုးစားသလို သူနဲ့တန်းတူတို့ သူ့ထက်သာသူတို့နဲ့ တွေ့ရင်လည်း တစ်ခုခုပြိုင်လိုက်ရမှ ကျေနပ်သတဲ့။

ပြောရဦးမယ်- တစ်ခါတော့ မန္တလေးကနေ ပုဂံကို သင်္ဘောနဲ့ ခရီးသွားကြတုန်း သင်္ဘောပေါ်မှာ ပခုက္ကူက နာမည်ကြီး ဆရာတော်

http://www.dhammadownload.com



ကြီးများနဲ့ တစ်ခရီးတည်း ဆုံမိကြသတဲ့။ ဆရာတော် ဦးရန်ကုန်က ဒီအတိုင်း ဝတ်ပြုကန်တော့ မပြုသေးဘဲ ဆရာတော်ကြီးများ နားနေတဲ့နေရာ ရှေ့ကနေ "စာတတ်စာတော်ဆိုတဲ့ ဆရာတော်စစ်စစ်များနဲ့ တွေ့ရမယ်ဆိုရင် ရန်ကုန်တို့က ကြေးမရှောင် ပြိုင်လိုက်ချင်စမ်းလှ" လို့ ပြောရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေပါသတဲ့။

ပထမ တစ်ခါနှစ်ခါလောက်တော့ ဆရာတော်ကြီးများက မကြားဟန်ပြုပြီး နေသေးတယ်။ သုံးကြိမ်မြောက်လည်းရောက်ရော အဲဒီအထဲက ခပ်ဆတ်ဆတ် ဆရာတော် တစ်ပါးက "ဟေ့ . . . ကိုယ်တိုင်ကြေး ပြိုင်မလား၊ လာခဲ့" လို့လည်း ပြောလိုက်ရော ဆရာတော်ဦးရန်ကုန်က ဆရာတော်ကြီးများ ရှေ့မှာဒူးတုပ်တဲ့ပြီး "ဒီလောက်ဆို ဆရာတော်တို့ရဲ့ သတ္တိနဲ့ဗျတ္တိ နှစ်မျိုးလုံးကို သဘောပေါက်ပါပြီ ဘုရား" ဆိုပြီး ဝတ်ပြုကန်တော့လိုက်တော့ ဆရာတော်ကြီးများကလည်း ပြုံးတဲ့ပြီး "ကိုရန်ကုန်တို့က ပြိုင်ဆိုင်တဲ့ဝါသနာကြီးပေမယ့် မာန်မာနတော့ ကင်းသကိုးဗျ" ဆိုပြီး အနုမောဒနာစကား မိန့်ကြားတော်မူပါသတဲ့။

ဆရာတော် ဦးရန်ကုန်နဲ့ ခေတ်ပြိုင် စစ်ကိုင်းဘက်ကမ်းက ဝါးချက်ရွာမှာ မင်းကျောင်းဆရာတော်ဆိုတာလည်း ပရိယတ်ပဋိပတ်ဘက်စုံထူးချွန်လို့ ဂိုဏ်းစုံသံဃာများကပါ အလေးထားခြင်းခံရတဲ့ ဆရာတော်တစ်ပါးအဖြစ် ထင်ရှားပါသတဲ့။

မင်းကျောင်းဆရာတော်က ပရိယတ်သာမက ပဋိပတ်ပါ ထင်ရှားပြီး ဆရာတော် ဦးရန်ကုန်နဲ့ စရိုက်ချင်းက ဆန့်ကျင်ဘက်သဘော ရှိပါတယ်။ ပြိုင်ဆိုင်လိုစိတ်နဲ့ စိန်ခေါ်တာမျိုး လုံးဝ ဝါသနာမရှိပေမယ့် ကြုံလာတဲ့ ပြဿနာများကို ခမ္မခိဋ္ဌာန်ကျကျ ကိုင်တွယ်

http://www.dhammadownload.com



လေ့ရှိပြီး "ကောက်ပင်ရိတ်လှီးပမာ" အချက်ပိုင်ပိုင် ဆုပ်ကိုင် ဆုံးဖြတ်ရာမှာ ကာယကံရှင် နှစ်ဦးနှစ်ဖက်လုံးက လေးစားလက်ခံရတဲ့ ဆရာတော်တစ်ပါးပါ။

လယ်တီဆရာတော်ရဲ့ ဋီကာတော်ရှုတ်ချပွဲမှာ "အဋ္ဌကထာ စကားကို သီဟိုဠ်ဆရာတော်များ ဝေဖန်တာကိုတော့ ဘာမှ မပြောဝံ့ ဘဲ၊ သီဟိုဠ်ဆရာတော်ရဲ့အမှားကို မြန်မာ ဆရာတော်တစ်ပါးက ထောက်ပြ ဝေဖန်တာကိုတော့ ဝံ့ရသလား" ဆိုတဲ့စကားနဲ့ ရပ်တန့် စေခဲ့သလို၊ ကမ္ဘဝါစာမှာ ရှေးဟောင်းမှုနဲ့ နောက်ပြင်မှုသစ်တို့ ဘယ်မှုနဲ့ ဖတ်သင့်သလဲဆိုတဲ့ ငြင်းခုံမှုများလည်း "ကမ္ဘဝါမှုသစ်ကို ပြင်ဆင်တဲ့ ဆရာတော်ကို ရဟန်းအဖြစ်ရောက်အောင် ပို့ဆောင် ပေးတဲ့မှုနဲ့ပဲ ဖတ်ကြပါစို့" ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ နှစ်ဦးနှစ်ဖက်လုံးကို ကျေအေးစေခဲ့တဲ့ ဆရာတော်ပဲဖြစ်ပါတယ်။

ဒီလို လေးစားထိုက်တဲ့ သီလသမာဓိ ပညာဂုဏ်တို့ကြောင့်ပဲ ဝါးချက်မင်းကျောင်း ဆရာတော်ကိုတော့ ဆရာတော်ဦးရန်ကုန်က လေးစားရုံသာမက ခင်မင်ကြည်ညိုတဲ့ သဘောမျိုးအထိ တရင်း တနှီးစိတ်ထားလည်း ရှိတယ်။ အခါအခွင့်ကြုံသလို သူ့ကသာ ဝါးချက်ဘက်ကိုကူးပြီး သွားရောက်တွေ့ဆုံ ဆွေးနွေးလေ့ရှိတယ်။ လေးစားခင်မင်တယ်ဆိုပေမယ့် သူ့ဝသီအတိုင်း အတို့အထောင် အရိအခတ် အပြိုင်အဆိုင်ကိစ္စလေးတွေကတော့မပါမပြီး ကြုံရမြဲ ဖြစ်သလို ကြုံသမျှမှာလည်း (စာပေ ဆွေးနွေးမှုကလွဲရင်) ဆရာတော် ဦးရန်ကုန်က အရှုံးဘက်ကချည်း ကြုံရသတဲ့။

သူတို့ ပြိုင်ဆိုင်ကြပုံကလည်း ကြည့်ဦး-

http://www.dhammadownload.com



ဝါးချက်မင်းကျောင်း ဆရာတော်က ဆရာတော်ဦးရန်ကုန်ကို "မြို့ပေါ်မှာ အဆီအအိမ့်တွေချည်း ဘုဉ်းပေးနေရတာ ငြီးငွေ့ပြီ ဆိုရင် ဝါးချက်က ဒကာဒကာမတွေကိုလည်း ချီးမြှောက်ရာကျအောင် တောဆွမ်းတောဟင်း လေးဘုဉ်းပေးဖို့ကြွပါဦး" လို့ ဆွမ်းစားပင့်တယ်။ ဆွမ်းပွဲမှာ တောအရပ်အစားအစာဖြစ်တဲ့ ချိုး၊ ခါ၊ ယုန်၊ ဖွတ်၊ ပုတတ်စတဲ့ သားငါးမျိုးစုံ အသီးအရွက် ဆွမ်းဟင်းမျိုးစုံတို့နဲ့ ဆက်ကပ်ကြလို့ ဆရာတော် ဦးရန်ကုန်က "တစ်သက်မှာ တစ်ခါ၊ ဒီလောက်ဟင်းမျိုးစုံတာ ခုမှပဲ တွေ့ဖူးပါသဗျာ" လို့ အောချပြီး အနုမောဒနာပြုရသတဲ့။ ပြီးတော့ မင်းကျောင်းဆရာတော်ကိုလည်း သူ့ဆီကြွရောက်ပြီး ဒကာဒကာမတွေကို ချီးမြှောက်ရင်း ဆွမ်းဘုဉ်း ပေးဖို့ ပင့်ပါသတဲ့။

မင်းကျောင်းဆရာတော်ကြွရောက်မယ့်နေ့မှာ ဆရာတော်ဦး ရန်ကုန်က "မြို့ပေါ်မှာ ရဟန်းနဲ့အပ်စပ်သမျှ ဘာမှလိုလေသေး မရှိရအောင် စီမံထားကြ"လို့ အမိန့်ပေးထားလို့ ဒကာဒကာမတွေက လည်း သား၊ ငါး၊ သီးရွက်၊ အချိုပွဲ၊ အချဉ်ပွဲပါ စုံပေ့ဆိုတာဖြစ်အောင် စီမံထားကြပါသတဲ့။

မင်းကျောင်းဆရာတော်နဲ့ နောက်ပါ ဒကာများရောက်လာပြီး ဆွမ်းစားဝိုင်းကြွတဲ့အခါ မင်းကျောင်းဆရာတော်က အိုးကြီး အိုးငယ် တွေနဲ့ ဖွယ်ဖွယ်ရာရာတွေ မကုန်မခန်း စီမံထားတာကို စောင်းငဲ့ ကြည့်ရှုရင်း ဆွမ်းပွဲထိုင်မိတဲ့အခါ တို့စရာဖြစ်တဲ့ ဘူးသီးနုပြုတ်က တော့ နောက်မှာလည်း လိုက်စရာမမြင်၊ ပွဲပေါ်မှာလည်း တစ်စိတ် သာ ရှိတာကို သတိပြုမိတယ်။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



ဝါးချက်ဆရာတော်က တခြားဟင်းမယ်တွေကို လုံးဝ ထိမကြည့်ဘဲ ဘူးသီးပြုတ်တစ်ပိုင်း ဆွမ်းတစ်လုတ်နဲ့ ဘုဉ်းပေးလိုက်တာ လေးငါးလုတ်လည်းပြီးရော ဘူးသီးပြုတ်က ကုန်ပါရော၊ "ဘယ်လိုမှ မထင်မှတ်တဲ့အတွက် ဘူးသီးပြုတ်ကတော့ အပိုလိုက်စရာ မရှိတော့ပါဘုရား" လို့ ဒကာများက လျှောက်ထားတဲ့အခါ ဆရာတော်က "ဘုရားကြီးဆရာတော် 'ဦးရန်ကုန်၊ ဦးရန်ကုန်' နဲ့ နာမည်ကလည်းဟည်း၊ ဘုန်းမီးနေလကလည်း တောက်ပနဲ့ဆိုတော့ ဒီမှာလာပြီး ဆွမ်းဘုဉ်းပေးတဲ့အခါ ဝဝလင်လင် ဘုဉ်းပေးရတန်ကောင်းရဲ့လို့ အောက်မေ့ပါတယ်၊ ဒီတောဘုန်းကြီး ကြိုက်တတ်တဲ့ ဘူးသီးစိတ်ကလေးတောင် လောက်ငအောင် မကပ်နိုင်ကြဘဲကိုးဗျ" လို့ မိန့်ကြားရင်း ဆွမ်းပွဲကို လက်စသတ်လိုက်တော့၊ ဆရာတော်ဦးရန်ကုန်လည်း ဘာမှမတတ်နိုင်တော့ဘဲ "ကျုပ်တို့က . . . တောင်ထိပ်ကနေ ခေါင်းပေါ်များထုချ လိုက်မလားလို့ မော့ကြည့်နေတုန်း၊ ဆရာချက်တို့က တောဘုန်းကြီးပီပီ ချောက်ကြားထဲကနေ ဝါးရင်းတုတ်နဲ့ မယ်တရိုးရိုက်လှဲလိုက်သကိုးဗျ" လို့ မခိုတင်ကဲပြောရင်း "အချို့ပွဲလေးတော့ အာဟာရ ပြည့်လောက်အောင် ဘုဉ်းပေးပါ" လို့ တောင်းပန်လိုက်ရသတဲ့။

လပြည့်နေ့တစ်နေ့မှာတော့ ဘုရားကြီး ဆရာတော်က နံနက်စောစောကတည်းက ဝါးချက်ဘက်ကို ကူးသွားပြီး ဆွမ်းဘုဉ်းပေးတယ်၊ နေ့ခင်းဆွမ်းဘုဉ်းပေးပြီးကတည်းက စာပေအကြောင်းပြောလိုက်ကြတာ နှစ်ပါးစလုံး ပေချပ်လှန်ကြည့်ရတယ်ကို မရှိဘူး။ နှုတ်တက်အာဂုံကော သဘာဝယုတ္တိပါ ရေပက်မဝင် ကျွမ်းကျင်

http://www.dhammadownload.com



တော်မူကြလို့ လာရောက်နာယူကြတဲ့ ဒကာကြီးတွေဆို အံ့အား တသင့် ငေးမောနားထောင်ရင်း ပီတိတွေ ဖြစ်ကြရသတဲ့။

စာပေအကြောင်းပြောရင်း မိုးချုပ်သွားတော့ ဘုရားကြီး ဆရာတော်က ပြန်မကြွတော့ဘဲ မင်းကျောင်းမှာပဲ ညအိပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ညဦးဘုရားဝတ်ပြုပြီးတဲ့ အခါမှာတော့ မင်းကျောင်းဆရာတော်က "ခါတိုင်းတော့ ကိုရန်ကုန်ကချည်း စိန် ခေါ်ခဲ့တာကို ကျုပ်တို့က လက်ခံရသဗျာ၊ ဒီတစ်ခါတော့ ကျုပ်တို့က တစ်လှည့်လောက် စိန်ခေါ်ပါရစေ၊ ဒီည တစ်ပွဲတစ်လမ်းလောက် ပဋိပတ်အလုပ်ကလေး လုပ်စမ်းကြည့်ဖို့များ မစွမ်းနိုင်လောက် ဘူးလား" ဆိုတော့ ဆရာတော် ဦးရန်ကုန်က သူ့ထုံးစံအတိုင်း "ရန်ကုန်တို့ မဝံ့တာရယ်လို့ ဘာမှမရှိဘူး" ဆိုပြီး ဆိုးဆိုးဆတ်ဆတ် ပြန်လျှောက်လိုက်ပါသတဲ့။

တကယ်တမ်း တရားထိုင်ကြပြီဆိုတော့ ခြင်တွေကလည်း တဝီဝီ ကိုက်၊ ထိုင်ကျင့်ကလည်းမရှိနဲ့ နာရီဝက်လောက်အထိတော့ ပေ အောင့်ပြီး ခံနိုင်သေးတယ်၊ နောက်တော့ ဘယ်လိုမှ သည်းခံနိုင်ရည် မရှိတော့တဲ့အတွက် "ကဲ . . . ဆရာချက်ရေ . . . ဆရာချက်နဲ့ ဝါးချက်ခြင်တွေက ရင်းနှီးပြီးသားဆိုတော့ ဆရာချက်သာ မကျက် မချင်း ဆက်ချက်နေပေရော့၊ ရန်ကုန်တို့တော့ စိတ်ကုန်လို့ ပြန်ပြီဗျို့" ဆိုပြီး ထလာပါတော့သတဲ့။

ဆရာတော်နှစ်ပါးတို့ကို ပါရမီရှုထောင့်ကနေကြည့်ပြီး ခန့်မှန်းရ မယ်ဆိုရင်-

**စာနဒီစာအုပ်တိုက်**

http://www.dhammadownload.com



မင်းကျောင်း ဆရာတော်ဘုရားကြီးက နဂိုကတည်းက တောရပ်မှီခိုတဲ့ နိက္ခမပါရမီ ဓာတ်ခံလည်းရှိတယ်၊ အိပ်ရာခြင်ထောင် စတဲ့ သုခအာရုံများနဲ့ ပတ်သက်လို့ စွန့်နိုင်ပြီ ဖြစ်နေတယ်။

အိပ်ရာခြင်ထောင်စသည်နဲ့ နေရတဲ့သုခနဲ့ အိပ်ရာခြင်ထောင် စသည် ကင်းမဲ့ခြင်းကြောင့် ကြုံရတဲ့ဒုက္ခတို့ကို သတ်မှတ်ခွဲခြားခြင်း မရှိဘဲ ရှိခြင်း၊ မရှိခြင်းနှစ်မျိုးလုံးကို ထပ်တူထပ်မျှ သဘောထားနိုင်တဲ့ ဥပေက္ခာဓာတ်ခံလည်း အားကောင်းတယ်။

ကောင်းဆိုးနှစ်တန် လောကဓံကို မခွဲမခြား တစ်သားတည်း လက်ခံနိုင်စွမ်းဖြစ်တဲ့ ဥပေက္ခာ ဓာတ်ခံအားကောင်းတဲ့အတွက် ကြောင့်ပဲ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူစတဲ့ အတွေ့အာရုံကြမ်းတို့ ကြောင့်ပဲ ဖြစ်ဖြစ်၊ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်တဲ့ ညောင်းညာကိုက်ခဲ စတဲ့ ဖောက်ပြန်မှုကိုပဲဖြစ်ဖြစ် သည်းခံနိုင်တဲ့ ခန္တီဓာတ်ခံလည်း အားကောင်းပြီးလိုအပ်တဲ့အချိန်ထိအောင်သည်းခံစောင့်စားနိုင်စွမ်း ရှိရှိနဲ့ ဘာဝနာအလုပ်ကို ဣန္ဒြေမပျက် အားထုတ်နိုင်တယ်လို့ မှန်းဆမိပါတယ်။

ဆရာတော်ဦးရန်ကုန်မှာတော့ ဒီအခြေခံ ပါရမီစွမ်းအား သုံးမျိုးတို့ အလေ့အကျင့်နည်းသေးတဲ့အတွက် အချိန်ပြည့်အောင် မစောင့်နိုင်ဘူး။ ခြင်ထောင်နဲ့ လုံလုံခြုံခြုံနေရရင် ချမ်းသာတယ်ဆိုတဲ့ ငဲ့ကွက်မှုရှိနေတဲ့ အတွက် နိက္ခမဓာတ်နဲ့ ဥပေက္ခာဓာတ် အားနည်းပြီး စွန့်နိုင်စွမ်း ချို့တဲ့တယ်။ အချိန်တန်အောင် စောင့်နိုင်တဲ့ ခန္တီစွမ်းအားလည်း နည်းသွားတယ်လို့ ဆိုရမှာပါ။ ဒီစွမ်းအားသုံးပါး ချို့တဲ့ပြီဆိုရင် အချိန်ဆွဲတာတို့ ယောင်ဝါးလုပ်တာ ဆင်ခြေပေးတာတို့နဲ့ လုပ်သင့်

http://www.dhammadownload.com



တဲ့ အလုပ်တွေ ချို့တဲ့ပြီး ညံ့ဖျင်း ဖင့်နွှေးမှုတွေနဲ့ လုံးချာလိုက်တတ်တာဟာ ဓမ္မတာပါပဲ။

ဘေးပွဲရယ်ကြုံ၊ အေးသဲတုံ ကိုယ်စီကုတ်ပါလို့ အားထုတ်သင့်သား။

သို့ပါကို. . . ဘယ်တော့ ဘာလိုလိုနဲ့


များထိုထို. . . ဘာဝနာ သည်ခေါင်လွင့်တယ် ဖျင်းဖင့်အများ။ ဆိုတဲ့ ပထမရွှေကျင်ဆရာတော်ရဲ့ သံဝေဂဒွေးချိုးကလည်း ဒီသဘောကို ညွှန်းဆိုနေတယ်လို့ ထင်မိပါတယ်။

"ဘယ်တော့, ဘာလိုလို" ဆိုတဲ့ အချိန်ဆွဲမှု၊ ရောယောင်ယိမ်းလိုက်တွေဝေမှု၊ ဘယ်သို့ ဘယ်နှယ်ဆင်ခြေပေးမှုတွေနဲ့ အချိန်ဖြုန်းနေကြတာဟာ နိက္ခမ၊ ခန္တီ၊ ဥပေက္ခာဆိုတဲ့ အခြေခံ ပါရမီဓာတ်ကောင်းသုံးပါး ချို့တဲ့ခြင်း လက္ခဏာများပါပဲ။

"ဖျင်းဖင့်အများ" ထဲက လွန်မြောက်အောင် ကြိုးစား ရုန်းထွက်နိုင်ကြပါစေသော်။

အတွေးသစ်ကျာနယ်၊ အတွဲ ၈၊ အမှတ် ၃၅၉၊ ၃၆၀။

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း (၇)

## "အေးမြထိန်လင်းတဲ့ နှလုံးသားပိုင်ရှင်"

မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးဂုဏ်တွေကို သိမ်းကျုံးခြုံငုံမိအောင် ဂုဏ်ထူးနှစ်ခုတည်းနဲ့ အကျဉ်းချုံးပြောပြပါဆိုရင်-

**"ကရုဏာသီတလ ဟဒယံ၊ ပညာပဇ္ဇောတ ဝိဂတ မောဟတမံ"**

"မဟာကရုဏာတော်ဓာတ်ဖြင့် အေးမြတဲ့ နှလုံးသားပိုင်ရှင်၊ အဝိဇ္ဇာအမှောင်ထုကို ဖြိုခွင်း နိုင်စွမ်းတဲ့ ပညာ အလင်းရောင်သခင်" ဆိုတဲ့ အဋ္ဌကထာဆရာတော်ရဲ့ ရှိခိုးပူဇော်တဲ့ စကားကိုပဲ ထုတ်ပြရပါလိမ့်မယ်။

"မဟာကရုဏာနှလုံးသားသခင်၊ မဟာပညာ" တဲ့။

"မဟာကရုဏာ၊ မဟာပညာ" ဆိုတဲ့ ဒီ ဂုဏ်ပုဒ်နှစ်ခုဟာ အာဇာနည်ယောကျ်ားမြတ်ရဲ့ လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကာလ ကြာတဲ့ ပါရမီဖြည့်စဉ်ကာလတစ်လျှောက်နဲ့ ၄၅ ဝါ ကာလကြာတဲ့ သဗ္ဗညုဘုရားရှင်အဖြစ်နဲ့ လောကရဲ့အကျိုးကို ဆောင်ရွက်မှု (လောကတ္ထ စရိယ)၊ ဆွေမျိုးတို့ရဲ့အကျိုးကို ဆောင်ရွက်မှု (ဉာတတ္ထ

http://www.dhammadownload.com



စရိယ) နဲ့ ဘုရားအဖြစ်ရောက်အောင် ကျင့်ဆောင်မှု (ဗုဒ္ဓတ္တစရိယ) တို့ကို သိမ်းကျုံး ခြုံငုံမိစေတယ်လို့ သဘောပေါက် ကြည်ညိုစရာပါ။

ဟုတ်ပါတယ်၊ အလောင်းတော် အာဇာနည် ယောက်ျားမြတ်ဟာ သုမေဓာ ရှင်ရသေ့အဖြစ်နဲ့ ဒီပင်္ကရာဘုရားရှင်ကို ဖူးမြော်ပူဇော်ခွင့်ရစဉ်က ရယူနိုင်တဲ့ အခွင့်ထူးနှစ်ခုကို ဘုရားရှင်က ညွှန်ပြပါတယ်။

(၁) မိမိတစ်ကိုယ်တည်း အေးငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့်နဲ့ (၂) သဗ္ဗညု ဘုရားရှင်အဖြစ်နဲ့ သတ္တဝါတို့ရဲ့ဒုက္ခတွေကို ငြိမ်းအေးအောင် ကူညီကယ်မနိုင်ခွင့်တို့ ဖြစ်ပါတယ်။

အချိန်ကာလအားဖြင့်တော့ မိမိအကျိုးဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ဆိုရင် "ဂါထာ၀က် (အက္ခရာဆယ့်ခြောက်လုံး) လောက် ဟောညွှန်ပြတာကို နှလုံးသွင်းပွားများလိုက်ရုံနဲ့ ကိစ္စပြီးမယ်" ဆိုတဲ့အတွက် လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက် မျက်စိ တစ်မှိတ်စာ လောက်ပဲ အချိန်ကြာမယ်၊ ဘာမှ ခက်ခဲပင်ပန်းစရာလည်း မရှိဘူး။

သဗ္ဗညုဘုရားရှင်အဖြစ် ရောက်ရှိပြီး သတ္တဝါတို့ရဲ့ ဒုက္ခကို ကယ်မနိုင်ဖို့ဆိုရင်တော့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလကြာမယ်။ ပစ္စည်းဥစ္စာ၊ စည်းစိမ်အာဏာ၊ သားမယားတို့သာမက အင်္ဂါခြေလက်၊ ကိုယ်၊ အသက်ပါ မကျန်စွန့်လွှတ်ပြီး ပါရမီတွေကို ဖြည့်ကျင့်ရမှာဖြစ်လို့ ကိုယ်ရောစိတ်ပါ အပင်ပန်း အဆင်းရဲခံရမယ်။ ဒီနှစ်မျိုး ကြိုက်ရာရွေးချယ် နိုင်ခွင့်ရှိကြောင်း ဟောညွှန်ပြပါတယ်။

ဒီနေရာမှာ ပညာတရားသက်သက်နဲ့သာ ဆုံးဖြတ်ရမယ်ဆိုရင်တော့ လူတစ်ယောက်အတွက် အမြင့်မြတ်ဆုံးဖြစ်တဲ့ အရဟတ္တဖိုလ်

http://www.dhammadownload.com



ပေါက် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ခွင့်ဆိုတာကို ရွေးချယ်ဖို့ အလွန်ကောင်းပါတယ်။

သုမေဓာ ရှင်ရသေ့ကတော့ ကိုယ်ကျိုး သက်သက်သာဖြစ်တဲ့ တစ်ကိုယ်တော် လွတ်မြောက်ရေးလမ်းကို စွန့်လွှတ်ပြီး သတ္တဝါအားလုံးကို ဒုက္ခနယ်က လွတ်မြောက်အောင် ကယ်မပေးနိုင်မယ့် ဒုတိယလမ်းကို ရဲရဲဝံ့ဝံ့ ရွေးချယ်ခဲ့တာပါ။ ဒုက္ခနယ်သား သတ္တဝါအများကို အာရုံပြုရွေးချယ်တာဖြစ်လို့ ဒီရွေးချယ်မှုဟာ ကရုဏာပြဋ္ဌာန်းတဲ့ ရွေးချယ်မှုဖြစ်ပါတယ်။

အာဇာနည်တို့လာရာလမ်းကို ကရုဏာနဲ့ ရှေးရှုရွေးချယ်ပြီး ဒါန,သီလ,နိက္ခမစတဲ့ လုပ်ဆောင်ချက် ဆယ်မျိုးတို့နဲ့ အကောင်အထည်ဖော်ခဲ့တဲ့ သဗ္ဗညုတဉာဏ်ပညာတော် ကြီးကို ရရှိတဲ့အခါမှာ အထွတ်အထိပ်ရောက်တယ်လို့ အကျဉ်းချုပ်ဆိုနိုင်ပါတယ်။

သဗ္ဗညုဘုရားရှင်အဖြစ် ရောက်တော်မူတယ်ဆိုတာ ပညာတရားက အကြီးအမှူး ဦးစီး အဓိပတိဖြစ်သွားတာပါပဲ။ ဒါပေမယ့် ဝေနေယျတို့နဲ့ပတ်သက်လို့ ကယ်မဆောင်ရွက်ရာမှာတော့ ပညာတရားက ရှေ့သွားမပြုပါဘူး။ ကရုဏာတရားကို ရှေ့သွားပြုပြီး ပညာတရားနဲ့ ဆုံးဖြတ်အကောင်အထည်ဖော်ခဲ့တာပါ။ ဒါကြောင့်လည်း ဝေနေယျတို့ရဲ့ ပါရမီဓာတ်ခံ၊ စရိုက်ဝါသနာ၊ အလေ့အထုံ အားလျော်စွာ သုတ္တန်ဒေသနာတွေ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့သာ ပညာတရား သက်သက်နဲ့ချည်း သုံးသပ်ဆုံးဖြတ်ပြီး ဟောကြားမယ်ဆိုရင်တော့ ပဋ္ဌာန်းဒေသနာတော်ကြီးတစ်ခုတည်းနဲ့ ၄၅ ဝါ ပြည့်သွားနိုင်ပါတယ်။ ဝေနေယျ သတ္တဝါတွေလည်း ဓမ္မသဝန

http://www.dhammadownload.com



ကုသိုလ်လောက်သာရရှိပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်တော့မှာ မဟုတ်တော့ပါဘူး။

ဟုတ်တယ်၊ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိပြီးတဲ့နောက် သတ္တလောကကြီးကို ကြည့်ရှု သုံးသပ်တော်မူတဲ့အခါ ဟောညွှန်ရမယ့် တရားဒေသနာတော်ဟာ "အနာနဲ့ဆေး လိုက်အောင်ပေး" ဆိုတဲ့အတိုင်း ဝေနေယျတို့အတွက် သစ္စာတရား ထိုးထွင်းသိရုံမျှလောက်သာဖြစ်တဲ့ သုတ္တန်ဒေသနာကလေးများသာ ဖြစ်နေလို့ သဗ္ဗညုတဉာဏ်တော်ဟာ စွမ်းအားရှိသလောက် ကွန့်မြူးခွင့်မရပါဘူး။ ဒါကြောင့်လည်း စတုတ္ထမြောက်သတ္တာဟမှာ ဝေနေယျတို့ရဲ့ စရိုက်ဝါသနာအလေ့အထုံကို ဆံခြည် တစ်မျှင်မျှ ငဲ့ကွက်ခြင်းမပြုဘဲ သဗ္ဗညုတ ဉာဏ်တော်သက်သက်နဲ့ သုံးသပ်တော်မူတဲ့အခါ ဝေနေယျတို့ရဲ့ အသိဉာဏ်နဲ့ ဘယ်လိုမှ အလှမ်းမမီနိုင်တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးဆိုတာ ဉာဏ်တော်အစဉ်မှာ ဖြစ်ပေါ်လာတာပါ။ ဒီအခါမှာ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဟာလည်း အစွမ်းကုန်ဖြန့်ကြက် အသုံးချခွင့် ရသွားလို့ သမုဒ္ဒရာရေအပြင်မှာ အစွမ်းကုန်ကူးခပ်ပျော်မြူးခွင့်ရတဲ့ ငါးကြီးများလို ကွန့်မြူးပျော်ရွှင် ကြည်လင်သွားပါသတဲ့။ ဉာဏ်တော် အစွမ်းကုန် ကွန့်မြူး ကြည်လင်သွားတဲ့အခါ ဉာဏ်တော်ရဲ့ တည်မှီရာ နှလုံးအိမ်နဲ့အတူ နှလုံးသွေးတို့ဟာ ကြည်လင်တောက်ပပြီး နှလုံးသွေးလှည့်ပတ်ရာ ခန္ဓာကိုယ်နဲ့ ဆက်စပ်သမျှ အားလုံးတို့လည်း ကြည်လင်တောက်ပလာကြလို့ ရောင်ခြည်တော်တွေ ကွန့်မြူးခဲ့တာပါ။

သဗ္ဗညုတ ဉာဏ်တော်စွမ်းပြရာ ပဋ္ဌာန်းဒေသနာတော်ကို သုံးသပ်ချိန်ကလွဲလို့ ဝေနေယျတို့နဲ့ပတ်သက်တဲ့ ကိစ္စတိုင်းမှာတော့

http://www.dhammadownload.com



ဒေသနာတော်တိုင်းဟာ မဟာကရုဏာတော် ရှေ့သွားပြု သုံးသပ်ပြီး ဉာဏ်ပညာတော်က လိုအပ်သလောက်သာ ပါဝင်အကောင် အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

ဒီကျေးဇူးဂုဏ်တွေကို ခြုံငုံအာရုံပြုပြီး အဋ္ဌကထာဆရာတော် ကြီးက "မဟာကရုဏာတော် နှလုံးသားပိုင်ရှင်၊ ပညာအလင်းရောင် သခင်" လို့ ဆိုလိုက်တာပါ။

■

မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့မှာ သဗ္ဗညု ဘုရားအဖြစ် ရောက်တော်မူပြီးနောက် ခုနစ်ရက်ခုနစ်လီ (၇×၇=၄၉) ရက်စေ့ပြီးတဲ့ နောက်မှာတော့ မြတ်စွာဘုရားရှင်ရဲ့ မဟာကရုဏာ ခရီးစဉ်ကို စတင်တော်မူပါတယ်။

ပထမဆုံးခရီးစဉ်ကတော့ တရားဦးဖြစ်တဲ့ ဓမ္မစကြာ ဒေသနာ တော်ကို နာယူဖို့ ပါရမီဓာတ်ခံ ရှိကြတဲ့ ပဥ္စဝဂ္ဂီငါးဦးတို့ရှိရာ မိဂဒါဝုန် ခရီးပါပဲ။ ဒီခရီးဟာ မဟာဗောဓိပင်ကနေ (၁၈) ယူဇနာ ကွာဝေး တယ်လို့ ဆိုပါတယ်။ ဒီနေ့ ခရီးမိုင်နဲ့ တွက်ကြည့်တဲ့ အခါမှာတော့ ၁၅၅ ကီလိုမီတာ ဝေးပါတယ်။ မိုင်တစ်ရာဝန်းကျင်လောက်ပေါ့။

ဒီခရီးသွားရမယ့်အချိန်ဟာ ရာသီဥတုအရ ကြည့်မယ်ဆိုရင် နွေရာသီရဲ့ နောက်ဆုံးပက္ခထဲ ရောက်နေပြီဖြစ်လို့ အပူပြင်းဆုံး အချိန်ပါပဲ။

သာမန်ကြည့်မယ်ဆိုရင် "ခရီးကလည်း မနီးလှဘူး၊ ရာသီက လည်းပြင်းတယ်၊ ဘုရားရှင်မှာ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ အတူ

http://www.dhammadownload.com



တန်ခိုး ဣဒ္ဓိပါဒ်တွေလည်း ပြည့်စုံနေပြီဖြစ်လို့ အဘိညာဉ်ကို အသုံးပြုပြီးတော့သာ ကြွသွားလိုက်ရရင် ပင်ပန်းမှုလည်း သက်သာမယ်၊ မိဂဒါဝုန်ရောက်တဲ့အခါ အံ့ဖွယ်သရဲတန်ခိုးတော်ကို တွေ့မြင်လိုက်ရရင် ပဉ္စဝဂ္ဂီငါးဦးတို့လည်း အလိုလို ဒူးထောက်သွားကြလိမ့်မယ်" လို့ တွေးစရာပေါ့။

ဘုရားရှင်ကတော့ ဒီခရီးကို ပညာစွမ်း လုံးဝအသုံးမပြုပါဘူး။ ကရုဏာစွမ်း သက်သက်နဲ့ ခြေကျင်ပဲ ကြွတော်မူတာပါ။ လမ်းခရီးမှာ ဥပကတက္ကတွန်းနဲ့ တွေ့တော့ သူလို ကိုယ်လိုတွေထဲက ရုပ်ရည်နဲ့ အရွယ် ထူးခြားတင့်တယ်သူတစ်ဦး အဖြစ်နဲ့ နှုတ်ဆက်တာကိုလည်း သူလို ကိုယ်လိုပဲ စကားတုံ့ပြန်ပြီး မိတ်ဆက်စကားလောက်ပဲ ဆိုပါတယ်။ ဥပကဟာ တရားဦးကို နာယူသိမြင်နိုင်တဲ့ ပါရမီဓာတ်ခံ မရှိဘူး။ ဘုရားရှင်တို့ရဲ့ ဓမ္မတာထုံးစံအရကလည်း တရားဦးကို မဟောရသေးသမျှ တခြား ဘာတရားကိုမှ ဟောရိုးထုံးစံမရှိလို့ အမည်ကို ပြောပြီး မိတ်ဆက်ခံရုံကလွဲလို့ ဘာတရားစကားမှ မပြောပါဘူး။

မိဂဒါဝုန်တော ရောက်တဲ့အခါ သူလိုကိုယ်လို ခြေကျင်ကြွလာတဲ့ ဘုရားရှင်ကို ပဉ္စဝဂ္ဂီတို့က တယ်ပြီး အမြင်မကြည်လင်ကြပါဘူး။ တရားနာဖို့တောင် ငြင်းဆန်နေကြပါသေးတယ်။ နောက်တော့မှ ဘုရားရှင်ရဲ့ တည်ကြည်လေးနက်တဲ့ အမူအရာနဲ့ မဟုတ်မမှန်တဲ့ စကားမျိုးကို ဘယ်တုန်းကမှ ဝါကြွားလှည့်စား ပြောကြားခြင်းမရှိခဲ့တဲ့ ဂုဏ်သိက္ခာကို အကြောင်းပြုပြီး တရားကို နာယူကြတာပါ။

တရားဦးဒေသနာတော်ကို လေ့လာကြည့်မယ်ဆိုရင် ပဉ္စဝဂ္ဂီတို့အတွက် "အနာနဲ့ဆေး" သင့်မျှလောက်ရုံသာ ပေးထားတဲ့ ကရုဏာ

http://www.dhammadownload.com



ဒေသနာတော်ဆိုတာ ထင်ရှားပါတယ်။ တရားသဘောကို ရေရေလည်လည် သိကြတဲ့အခါမှာတော့ ပဉ္စဝဂ္ဂီငါးဦးတို့ဟာ ပုဂ္ဂိုလ်ခင်လို့ တရားမင်ကြသူတွေမဟုတ်ဘဲ တရားကို မင်ပြီးလို့ ပုဂ္ဂိုလ်ကိုပါ လေးစားကြည်ညိုသွားကြတဲ့ တပည့်ဦးကြီးတွေအဖြစ် ခံယူကြပါတယ်။

ပဉ္စဝဂ္ဂီတို့ရဲ့ ပင်ကိုစိတ်ဓာတ်ကို ကြည့်မယ်ဆိုရင် ဥရုဝေလတောမှာ အာဇာနည် ယောကျ်ားမြတ် အခဲယဉ်း အခေါင်းပါးဆုံး အကျင့်တွေကို ကျင့်သုံးနေစဉ်က အလောင်းတော်သူမြတ်အနားမှာ မျှော်လင့်ချက်နဲ့ လုပ်ကျွေး စောင့်စားနေကြသူတွေ ဖြစ်ပါတယ်။ အလောင်းတော် ကျင့်သုံးနေတဲ့ တရားတွေဟာ ဘယ်လိုတရားတွေလဲ၊ ဘာဖြစ်မလဲဆိုတာ ဘာမှမသိကြပါဘူး။ ပုဂ္ဂိုလ်ကိုခင်ပြီး တရားကို ဘုမသိဘမသိ မင်နေကြတာပါ။

တကယ်လို့သာ မိဂဒါဝုန်ခရီးကို တန်ခိုးအဘိညာဉ်တွေ အသုံးပြုပြီး ကောင်းကင်ခရီးကနေ သူတို့ရှေ့မှာ ဘွားခနဲ ကိုယ်ထင်ပြလိုက်မယ်ဆိုရင် နဂိုကမှ ပုဂ္ဂိုလ်ကိုးကွယ်တတ်တဲ့ စရိုက်ဓာတ်ခံ ရှိကြသူများပီပီ ဘုရားရှင်ရှေ့တော်မှောက်မှာ ချက်ချင်း ဒူးထောက်ကြမှာကတော့ သေချာပါတယ်။

ဒါပေမဲ့ တရားနည်းလမ်းကိုလိုက်နာဖို့ ဟောညွှန်တဲ့အခါမှာတော့ "ဒီလောက်နက်နဲတဲ့ တရားမျိုးဟာ အရှင်ဘုရားလို တန်ခိုးပါဋိဟာရိနဲ့ ပြည့်စုံသူများသာ စွမ်းနိုင်မယ့်တရားမျိုးဖြစ်တယ်" ဆိုပြီး တရားထက် တန်ခိုးပါဋိဟာရိကို အလေးထားကြမှာပါ။ ပါဋိဟာရိကို အလေးထားရင် တရားအပေါ် အလေးမထားတတ်ကြောင်း နောက်ကျမှ တေဝိဇ္ဇသုတ် (ဒီ-၁) မှာ ဟောတော်မူပါတယ်။

http://www.dhammadownload.com



ဘုရားရှင်ရဲ့ကျေးဇူးဂုဏ်တွေကို အာရုံပြုတဲ့အခါ တရားဦး ခရီးကို ခြေကျင်ကြွတော်မူခြင်းသည်ပင် မဟာကရုဏာတော်နဲ့ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်တယ်ဆိုတာကို သဘောပေါက်လောက် စရာပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ပထမဆုံးဝါတွင်းမှာ ပဥ္စဝဂ္ဂီငါးဦးတို့ရယ်၊ ယသသူဌေးသား အမှူးပြုတဲ့ သူဌေးသားငါးဦးတို့နဲ့ နောက်ပါ သူငယ်ချင်းတစ်ကျိပ်စီရယ်၊ အားလုံးပေါင်း အမာခံ အာဇာနည် ယောကျ်ားမြတ် ၆၀ တိုးပွားလာပါတယ်။

အားလုံးဟာ ပါရမီဖြည့်စဉ်ကတည်းက အများအကျိုးကို သယ် ပိုးဆောင်ရွက်ရတဲ့ ကရုဏာရှေ့သွားလုပ်ငန်းများကို အလေ့အကျင့် ရပြီးကြသူများချည်းပါပဲ။ ယသသူဌေးသားနဲ့ သူငယ်ချင်းများဆိုရင် ပါရမီဖြည့်စဉ်ကာလက အများတကာက အနိဋ္ဌာရုံတွေ၊ အမင်္ဂလာ တွေဆိုပြီး အနားတောင် မကပ်ချင်တဲ့ အသုဘရုပ်အလောင်းတွေကို စနစ်တကျ ဖုတ်ကြည်း သင်္ဂြိုဟ်ပြီး လောကတစ်ခွင်မှာ အနိဋ္ဌာရုံ ကင်းစင်ရေးနဲ့ လူမှုဒုက္ခ ကင်းဝေးရေးအတွက် စနစ်တကျ လုပ် ဆောင်ခဲ့ကြဖူးသူတွေ ဖြစ်လို့ ပရဟိတလုပ်ငန်းမှာ အောက်ခြေသိမ်း ရင့်ကျက်ကြသူများ ဖြစ်ပါတယ်။ အများအကျိုးသက်သက် ဆောင် ရွက်ရမယ့် သာသနာပြုလုပ်ငန်းအတွက် ကွက်တိအံဝင် အဆင် အပြေဆုံး သူရဲကောင်းများလို့ပဲ ဆိုရပါလိမ့်မယ်။

သီတင်းဝါလကျွတ်ချိန်မှာတော့ သာသနာတော်ရဲ့ ထုံးစံအတိုင်း "အပြစ်ဖြစ်စရာ၊ အပြစ်မြင်စရာ ကိုယ်အမူအရာ၊ နှုတ် အမူအရာ များ မြင်ရကြားရသည် ဖြစ်စေ၊ ယုံမှားသံသယဖြစ်ဖွယ် တွေးထင်

http://www.dhammadownload.com



မိလ္လျှင် ဖြစ်စေ၊ ကရုဏာရှေ့ထားပြီး ပွင့်ပွင့်လင်းလင်း သတိပေးဆုံးမကြပါ" လို့ အချင်းချင်းဖိတ်ကြားတဲ့ "ပဝါရဏာ" ပြုကြပါတယ်။ ကရုဏာခရီးသွားရမယ့်သူများပီပီ အချင်းချင်းလည်း ကရုဏာရှေ့ထားပြီး စောင့်ရှောက်ပေးဖို့ ဖိတ်ကြားလိုရင်းပါပဲ။

အဲဒီနောက်မှာတော့ ဘုရားရှင်က ငါးဖြာအာရုံ ကာမဂုဏ်ကျော့ကွင်းမှန်သမျှ လူ့ရွာမှာ မဆိုထားနဲ့ နတ်ရွာကို လှည့်ဖြားနိုင်တဲ့ ကျော့ကွင်းတို့ကိုပင် လွတ်ကင်းအောင် ရှောင်နိုင်ကြပြီဖြစ်တဲ့ ရဟန္တာ ခြောက်ကျိပ်တို့ကို-

"ချစ်သားတို့ . . သတ္တဝါအများ ကြီးပွားတိုးတက်ချမ်းသာဖို့၊ လောကကို သနားစောင့်ရှောက်ဖို့၊ နတ်လူအပေါင်းအတွက် စီးပွားချမ်းသာကို ဆောင်ရွက်ကြဖို့အတွက် ခရီးထွက်ကြ။ ခရီးတစ်ကြောင်းမှာ နှစ်ပါးပေါင်း မသွားကြလေနဲ့။


ရောက်လေရာရာမှာ အစ,အလယ်,အဆုံး ကောင်းခြင်းသုံးဖြာ၊ အနက်သဒ္ဒါတို့ပါ ထက်ဝန်းကျင်ပြည့်စုံတဲ့ တရား ဒေသနာတော်တွေ ဟောညွှန်ကြ။

ထက်ဝန်းကျင်ပြည့်စုံသန့်ရှင်းတဲ့ အကျင့်မြတ်ကို ထင်ရှားပြုကြ။ စိတ်ဓာတ်အညစ်အကြေး နည်းပါးလောက်အောင် ပါရမီ လုပ်ငန်းတွေ လေ့ကျင့်ထားပြီးတဲ့ သတ္တဝါတို့အတွက် တရားထူးတရားမြတ် သိမြင်ခွင့်တွေ မဆုံးရှုံးကြစေနဲ့။

ငါဘုရားရှင်လည်း သေနာနိဂုမ်းမှာရှိတဲ့ ဉရုဝေလတောကို တရားဟောဖို့ ခရီးထွက်မယ်" ဆိုပြီး သာသနာပြု ကရုဏာခရီးအတွက် တပ်လှန့်နှိုးဆော်သြဝါဒကို မြွက်ကြားတော်မူလိုက်ပါတော့တယ်။ ။

အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၆၁။

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း (၈)

## "မဂခေါင်းခေါင်း ပြောင်းလဲခြင်း"

လူနတ်ပြဟ္မာ သတ္တဝါအများတို့အတွက် လောကီ၊
လောကုတ္တရာ ချမ်းသာစီးပွား ကောင်းကျိုးတရားတို့
ဖြစ်ထွန်းတိုးပွား စေဖို့ အရပ်ရှစ်မျက်နှာ ဒေသစာရီ
လှည့်လည်ကြ။
အစ၊ အလယ်၊ အဆုံး ကောင်းခြင်း သုံးဖြာ အနက်သဒ္ဒါ
တို့နဲ့ ပြီးပြည့်စုံတဲ့ တရားမွေ့ကို ဟောညွှန်ကြ။
ထက်ဝန်းကျင် ပြည့်စုံစင်ကြယ်တဲ့ ကျင့်ဖွယ်သုံးဖြာ
သာသနာမြတ်ကို လူ, နတ်အများ သိသာအောင်
ထင်ရှားပြကြ။

(ဘုရားရှင် ပထမဝါကျွတ်သာသနာပြု
မိန့်ခွန်းတော်)

မြတ်စွာဘုရားရှင် ပထမဝါကျွတ်တော် မူပြီးတဲ့နေ့မှာပဲ ဝါတွင်းမှာ ထွန်းပေါ်တိုးပွားလာတဲ့ တပည့်ရဟန္တာ ခြောက်ကျိပ် (၆၀)တို့ကို စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



အသီးအသီး ခရီးတစ်ကြောင်း တစ်ပါးစီသာသနာပြုစေလွှတ်တော်မူတဲ့အခါ အခြေခံ လမ်းညွှန်ချက်သုံးပါးကို အတိအကျ သတ်မှတ်မှာကြားတော်မူပါတယ်။ အတိုချုပ်ကတော့ -

(၁) ဒေသစာရီလှည့်လည်ကြ၊ (၂) တရားဟောကြ၊ (၃) သာသနာတော်ရဲ့ စင်ကြယ်မြင့်မြတ်မှုကို ထင်ရှားပြကြဆိုတဲ့ သုံးချက်ပါပဲ။

တပည့်များကို အသီးအသီး စေလွှတ်သလို ကိုယ်တော်တိုင်လည်း အနားယူခြင်းမပြုဘဲ သာသနာပြုခရီး ထွက်တော်မူမှာဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ပထမဝါကျွတ်ခရီးစဉ်မှာ စဉ်းစားရွှေချယ်စရာတွေ ရှိနေပါတယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင် ခုချိန်မှာ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးဟာလည်း အသက်အရွယ် ၉၀ ကျော်နေပါပြီ။ ဘဝရဲ့ နောက်ဆုံးအရွယ်မှာ နောက်ဆုံး အချိန်ဖြစ်တဲ့ နေဝင်ဆည်းဆာမှာ တောင်စွယ်ကို မေးတင်နေပြီလို့တောင် ဆိုနိုင်ပါတယ်။

တခြားတစ်ဖက်မှာလည်း တောထွက်လာစဉ်ကတည်းက မဂဓပြည်ရှင်ဘုရင် ဗိမ္ဗိသာရမင်းကြီးရဲ့ "ဘုရားအဖြစ်ရောက်တော်မူပြီးတဲ့အခါ တပည့်တော်ရဲ့နိုင်ငံကို ရှေးဦးဆုံးကြွတော်မူပါ" ဆိုတဲ့ လျှောက်ထားချက်ကို လက်ခံထားခဲ့တဲ့ ကတိစကားတစ်ခုကို တည်ကြည်စေဖို့လည်း ရှိပါတယ်။

ဒီနေရာမှာ မဟာကရုဏာရှင် အာဇာနည် ယောကျ်ားမြတ်တို့ရဲ့ ဆုံးဖြတ်ချက်ကလည်း အံ့မခန်းပါပဲ။ ဆွေတော် မျိုးတော်တို့ရဲ့

http://www.dhammadownload.com



အကျိုးစီးပွားထက် လောကသားတို့ရဲ့ အကျိုးစီးပွားကို ပထမ ဦးစားပေးအဖြစ် ရွေးချယ်ခဲ့တာပါ။ ကတိတစ်ခုကို အရာအားလုံး ထက် အလေးထားတဲ့ သဘောလည်းပါပါတယ်။ ဒါကြောင့် ခမည်းတော်ရှိရာ ကပိလဝတ္ထုကို ကြွတော်မမူဘဲ မဟာကဿပ စတဲ့ ရသေ့ညီနောင် ရှင်တစ်ထောင်ဖြစ်မယ့်သူများရှိရာ ဥရုဝေလ တောအုပ်ကို ကြွတော်မူပါတယ်။ သာသနာပြု ဒေသစာရီလှည့် လည်ကြတဲ့ တပည့်များအနေနဲ့ သာသနာ့ဝန် ထမ်းဆောင်လိုသူ အမျိုးသားများတွေ့လာတဲ့အခါမှာလည်း သရဏဂုံသုံးပါးကို နှုတ်တက်ချပေးခြင်းဖြင့် ရှင်ရဟန်းပြုခွင့်ကို ခွင့်ပြုတော် ပညတ်ခဲ့ပါ သေးတယ်။ နောက်ဆံတင်းစရာ မလိုအောင် ထောင့်စေ့တဲ့ လမ်းညွှန် မှုပါပဲ။

ဒီခရီးစဉ်ကလည်း နှလုံးသွင်းဆင်ခြင်စရာတွေ အများကြီး ရှိပါ တယ်။ မြတ်စွာဘုရားရှင်ရဲ့ အဓိကဦးတည်ချက်က ဗိမ္ဗိသာရမင်းကြီး ထီးနန်းစိုက်ရာ ရာဇဂြိုဟ်ကို သွားရမှာပါ။ ဒါပေမဲ့ ဘုရားရှင်က ရာဇဂြိုဟ်ကို ခြေရင်းဘက်ကနေ မဝင်လိုဘူး။ ဦးခေါင်းရှိရာ အရပ် က ဝင်ဖို့ ရွေးချယ်လိုက်ပါတယ်။ ဒါကြောင့် မိဂဒါဝုန်ကနေ ရာဇဂြိုဟ်ကို တန်းမကြွဘဲ ကီလိုမီတာငါးဆယ် (မိုင် ၃၀) ခန့် ကွေ့သွားရတဲ့ ဥရုဝေလတောဆီကို ကြွခဲ့တာပါ။ လမ်းခရီးမှာ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့နဲ့ တွေ့လို့ တရားဟော ချေချွတ်ပြီး ဧဟိဘိက္ခုရဟန်းအဖြစ် ချီးမြှောက်တော်မူခဲ့ပါသေးတယ်။

ဘာဖြစ်လို့ ဒီလိုကွေ့ထောင့်တဲ့ခရီးစဉ်ကို ရွေးချယ်ခဲ့ပါသလဲ။ ဒါဟာ စဉ်းစားစရာ ဖြစ်ပါတယ်။

**စာနဒီစာအုပ်တိုက်**

http://www.dhammadownload.com



မနှစ်က မဇ္ဈိမဒေသကိုရောက်ခဲ့စဉ် ဥရုဝေလတောကို ရောက်တဲ့ အခါ ဘုရားဖူးလမ်းညွှန်ဖြစ်တဲ့ ဗုဒ္ဓဂယာ မဟာဗောဓိ ဓမ္မရိပ်သာ ဆရာတော်အရှင်စန္ဒမုနိနဲ့ဒီအကြောင်း စကားစပ်မိကြပါ သေးတယ်။ ဆွေးနွေးသုံးသပ်မိတာကတော့-

ဥရုဝေလတောဆိုတာ မဂဓတိုင်းရဲ့ တရားရှာသူ အားလုံးတို့ စုဝေးရာ ဘာသာရေး ဘူမိနက်သန်ဖြစ်ပါတယ်။ တောတန်းရဲ့ အရှေ့ဘက်မှာ နေရဉ္ဇရာမြစ်က မပြတ်စီးဆင်းနေတယ်။ မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာက အလောင်းတော် ဒုက္ကရစရိယာကျင့်တော်မူတဲ့ တောင်တော်နဲ့ တောတန်းကြီးရှိသလို အနောက်ဘက်မှာ နေရဉ္ဇရာ မြစ်လက်တက်တစ်ခုကလည်း စီးဆင်းလို့၊ အလယ်ကုန်းကြော ဥရုဝေလတောတန်းကြီးဟာ အရိပ်အာဝါသကောင်းသလို မြစ်မနဲ့ မြစ်လက်တက်ဝန်းရံပြီး သာယာလှသလို တောတန်းနဲ့ စပ်လျက်မှာ သုဇာတာသူဌေးသမီးတို့နေတဲ့ရွာ အပါအဝင် ဂေါစရဂါမ်လည်း မနီးမဝေးရှိနေပါတယ်။ ဒီဝန်းကျင်ဟာ အဲဒီခေတ် အခါဆီကတော့ ဘာသာရေးနယ်ပယ်မှာ သူတော်စင်လို့ သတ်မှတ်လေးစားခြင်း ခံရတဲ့ ပုဂ္ဂိုလ်နဲ့ ဂိုဏ်းအများတို့ရဲ့ စုဝေးမှီခိုရာ ဘူမိနက်သန် အစစ် ပါ။ အလောင်းတော်အဖြစ်နဲ့ ကပိလဝတ္ထုကနေ ဥရုဝေလကို ဦးတည်လာခဲ့တာဟာလည်း ဒီအကြောင်းကြောင့်ပဲ ဖြစ်မှာပါ။ ဘာသာရေး၊ ဓမ္မရေး ဆွေးနွေးစရာဆိုလို့ ဒီအရပ်မှာသာ ရှိလို့ပါပဲ။

မြတ်စွာဘုရားကြွတော်မူချိန်မှာတော့ ဥရုဝေလတောမှာ ဥရုဝေလကဿပ အမှူးပြုတဲ့ ရသေ့ညီနောင်တစ်ထောင်တို့ နေထိုင် ကြပါတယ်။ သူတို့ရဲ့ အဓိကအကျင့်က မီးပူဇော်တာဖြစ်ပါတယ်။

http://www.dhammadownload.com



ဒီနေ့အထိလည်း အစဉ်အလာကို ယုံကြည်ကြသူများက ကဿပ ညီနောင်တို့ရဲ့ ရဟန်းမဖြစ်မီ ရသေ့ဘဝက ကျင့်သုံးခဲ့တဲ့ မီးကိုးကွယ်မှုကို အစဉ်အလာမပျက် ကိုးကွယ်ဆဲပါပဲ။

ကဿပရသေ့ညီနောင်တို့ရဲ့ အကျင့်ဖြစ်တဲ့ မီးပူဇော်မှုအဓိက ထားတဲ့ "ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်" ဆိုတဲ့ အကျင့်ဟာ ဗုဒ္ဓဘာသာဝင်တို့အနေနဲ့သာ ပြက်ရယ်ပြုစရာတစ်ခုလို သဘော ထားနေကြပေမယ့် သူတို့ဒေသ၊ သူတို့ ရာသီဥတုအရ ကြည့်ရင် တော့ သူတို့ဝန်းကျင်မှာ အံ့သြလေးစား အထင်ကြီးတာဟာ ရောက်ဖူးသူတိုင်း သဘောပေါက်လောက်ပါတယ်။

ဒေသရဲ့ရာသီဥတုက အေးချိန်မှာ ခိုက်ခိုက်တုန်အောင် အေးပြီး၊ ပူချိန်မှာဆိုရင် အပြင်ကိုမထွက်ဝံ့လောက်အောင် ပူပြင်းတဲ့ ဒေသ မျိုးပါ။ အခုအချိန်မှာလည်း အဲဒီဝန်းကျင် ဗုဒ္ဓဂယာမှာနေကြတဲ့ ရဟန်းတော်များရဲ့ ပြောပြချက်အရ နွေရာသီမှာဆိုရင် အပေါ်က နေရဲ့အပူချိန်သာမက လေပူနဲ့အတူပါလာတဲ့ သဲပူလေပွေတို့ရဲ့ ဒဏ်ကြောင့် ကျောင်းခန်းထဲက အပြင်မထွက်နိုင်ကြသလို ပြတင်း တံခါးတောင် ဖွင့်မထားနိုင်ကြဘူးလို့ ဆိုပါတယ်။ ဟုတ်ပါတယ်၊ အဲဒီအရပ်က အိမ်ကလေးတွေဟာ ဆယ့်လေးငါးပေလောက်သာ မြင့်ပြီး အပေါ်မှာ အုတ်ကြွပ်လိုအပြားနဲ့ အလုံမိုး၊ နံရံမှာလည်း ရွှံ့နဲ့ကောက်ရိုးတို့နယ်ကျံပြီး အလုံပိတ်ကလေးတွေချည်း တွေ့ရပါ တယ်။

အဲဒီလိုရာသီဥတုရှိတဲ့ ဒေသမှာ အေးချိန်မှာ ရေစိမ်၊ ပူချိန်မှာ မီးလှုံ၊ နားချိန်မှာတုံးခုန်၊ ဇယ်ခတ်ဆိုတာ ရယ်စရာ အူကြောင် ကြောင် လုပ်နေကြတာ မဟုတ်ပါဘူး။ ကိလေသာစိတ် ဖြစ်ခွင့်

http://www.dhammadownload.com



မရအောင် ကိုယ်ကို ညှဉ်းပန်းတဲ့အကျင့် ကျင့်နေကြတာပါ။ ခိုက်ခိုက်တုန် ချမ်းနေချိန်မှာ ရေခဲရေတမျှ အေးနေတဲ့ ရေထဲကို စိမ်နေသူအတွက် ငါးပါးအာရုံ ကာမဂုဏ်ဆီကို စိတ် ရောက်ခွင့်မရနိုင်သလို၊ ပူချိန်မှာ မီးလှုံတဲ့ အကျင့်ဟာလည်း ကိလေသာထကြွခွင့် မရအောင် ညှဉ်းဆဲခြင်းပါပဲ။ ဒီကြားထဲမှာ ခွန်အားလက်ကျန်ကြောင့် ထကြွ မလာအောင်တော့ ခြေကုန်လက်ပန်း တစ်ကိုယ်လုံး နွမ်းလျသွားတဲ့ အထိ တုံးခုန်ရပြန်ပါသတဲ့။ ပြီးတော့မှ မငိုက်သေးမီ စိတ်မလေရအောင် ဇယ်ခတ်ရင်း သမာဓိလုပ်ကြတယ်ဆိုတာကိုး။ သာသနာတော် ထွန်းပေါ်လာမှသာ ဒီအလုပ်တွေဟာ အတ္တကိလမထနုယောဂအကျင့်တွေလို့ သိခွင့်ရကြပေမယ့် အဲဒီခေတ်ကတော့ ကိလေသာ ကြားဝင်ခွင့် မရအောင် စေ့စပ်လှတဲ့ အကျင့်တွေအဖြစ် လူတိုင်းက လေးစားကြတာပေါ့။

အတို ချုပ်ပြောရရင်တော့ အဲဒီခေတ်မှာ သမားရိုးကျ မိရိုးဖလာ ဖြစ်တဲ့ ဗြာဟ္မဏဝါဒနဲ့ အားရကျေနပ်ခြင်းမရှိဘဲ တရားအထူး ဆည်းပူး လေ့လာကိုးကွယ်ရာ ရှာလိုကြတဲ့ ရှင်ဘုရင်အစ ဆင်းရဲသားအဆုံး လူအားလုံးတို့ရဲ့ ဦးခေါင်းများဟာ ကဿပ ညီနောင် ရသေ့တစ်ထောင်တို့ရဲ့ ခြေအစုံကို ဦးခိုက်ကြတာဖြစ်လို့ ရသေ့ တစ်ထောင်တို့ဆိုတာ မဂဓတိုင်းရဲ့ ဘာသာရေးဦးခေါင်းလို့ပဲ ဆိုရမှာပါ။

သဗ္ဗညုဘုရားရှင်အပါအဝင် ဘာသာရေး ပညာရှင်အသီးသီးတို့ မဂဓတိုင်းမှာ ရသေ့ညီနောင်တို့နဲ့ ကင်းကွာပြီး သာသနာပြုကြမယ်ဆိုရင် "သုံးပုံသော ပိဋကတ်၊ လျှာပြတ် အောင်

http://www.dhammadownload.com



ဟောသော်လည်း၊ ဆန်ဖြူဖြူတစ်ခွက်မှ၊ ထွက်မည့်ပုံမပေါ်" ဆိုတဲ့ကိန်း ဆိုက်သွားမယ့် သဘောပါပဲ။

ဒါကြောင့်လည်း မဂဓတိုင်းမှာ သာသနာပြုတော်မူမည့် ဘုရားရှင်ဟာ ကဿပညီနောင် ရသေ့တစ်ထောင်တို့ရှိရာ ဉရုဝေလတောကို ဦးစွာကြွတော်မူတယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီတောမှာ သုံးလလောက် အချိန်ယူပြီး ကဿပညီနောင်တို့ကို စည်းရုံးရတာပါ။ အဦးဆုံးအနေနဲ့ တည်းခိုနေထိုင်ဖို့နေရာ တောင်းတဲ့အခါ အလွန်အခိုးအလျှံပြင်းထန်တဲ့ နဂါးကြီးတစ်ကောင် နေထိုင်ရာ မီးတင်းကုပ်ကို နေရာပေးပါတယ်။

နဂါးကြီးကို အခိုးအလျှံမလွှတ်နိုင်အောင်၊ မနာမကျင် နှိမ်နင်းပြီး သပိတ်အတွင်းမှာ မြက်လျှောမြွေလေးတစ်ကောင်လို ခွေခွေကလေး ဖြစ်နေတာကို မဟာကဿပအမှူးရှိတဲ့ ရသေ့များမျက်ဝါးထင်ထင် တွေ့ရပေမယ့် သူတို့ကို သူတို့ ကိလေသာအာသဝေါ ကုန်နေတဲ့ ရဟန္တာများလို့ အထင်ရှိနေကြသူ ရသေ့များက-

"ရဟန်းကလေးဟာ တန်ခိုးကတော့ အံ့မခန်းကြီးပါပေတယ်၊ ဒါပေမယ့် ငါတို့လို အာသဝေါကုန်ခန်းသူတော့ဖြင့် မဟုတ်သေး" လို့သာ မှတ်ထင်တင်းခံနေကြပါတယ်။ ဒီလိုနဲ့ တန်ခိုးပြာဋိဟာ ၁၆ မျိုးလောက်အထိ မျက်ဝါးထင်ထင်ကြီးပြလို့ တွေ့မြင်ရသည့်တိုင် ရဟန်းကလေးက တန်ခိုးအရာမှာ သာလွန်တယ်၊ ငါတို့ကသာ အာသဝေါကုန်ခန်းသူဖြစ်တယ်" ဆိုတဲ့ အထင်မှားကြီးကို မစွန့်လွှတ်ကြဘူး။ အထက်မှာ ပြောခဲ့သလိုပဲ ကိလေသာကြွားမဝင်နိုင်အောင် အာရုံအစားထိုးပြီး ကိုယ်ကို ညှဉ်းပန်းထား သူများဖြစ်တော့ အာရုံ

http://www.dhammadownload.com



ခံစားလိုစိတ်နဲ့ သားစိတ်မယားစိတ် မရှိကြလို့လည်း ဒီအထင်မျိုး အရိုးစွဲနေကြတာ ဖြစ်မှာပါ။

နောက်ဆုံးတော့ ဘုရားရှင်က-

“အို ကဿပ၊ သင်ဟာ (၁) အာသဝေါကုန်ခန်းတဲ့ ရဟန္တာလည်း မဟုတ်ဘူး၊ (၂) အရဟတ္တမဂ်ကို ဆိုက်ရောက်သူလည်း မဟုတ်ဘူး၊ (၃) သင့်မှာ အရဟတ္တမဂ်၊အရဟတ္တဖိုလ် ဆိုက်ရောက်ဖို့ အကျင့်မှန်လည်း မြူမှုန်မျှ လောက်တောင် မရှိသေးဘူး” လို့ ဒဲ့ဒိုး (တဲ့တိုး) ပွင့်လင်းရှင်းရှင်းကြီး မိန့်ကြားလိုက်တော့မှ ထိတ်လန့်တကြားဖြစ်ပြီး ဘုရားရှင်ရဲ့ ခြေတော်အစုံကို ဦးခိုက်ပြီး ရှင်ရဟန်းပြု ပေးတော်မူပါလို့ တောင်းပန်ပါတော့တယ်။

ဒီနေရာမှာလည်း မဟာကရုဏာရှင် စိတ်ထားက လေးစားအတုယူစရာပါပဲ။ မဟာကဿပရသေ့ကြီးဆိုတာ နောက်လိုက်တပည့် ရသေ့ငါးရာတို့ရဲ့ အကြီးအမှူးပါ။ မြစ်ရဲ့ အထက် အညာဆုံးအရပ်မှာ နေတာပါ။ ညီအလတ် နဒီကဿပဆိုတာက ရသေ့သုံးရာကို ဦးဆောင်ပြီး အလယ်မြစ်ဆိပ်မှာနေတာ၊ ညီငယ်ဂယာ ကဿပက ရသေ့နှစ်ရာတို့နဲ့ အောက်ဆုံးမြစ်ဆိပ်မှာ နေပါတယ်။ အားလုံး ညီနောင်သုံးယောက် ဦးဆောင်တဲ့ ရသေ့တစ်ထောင်ရှိပါတယ်။

နောင်တော်ကြီးဖြစ်တဲ့ ဥရုဝေလကဿပက ရှင်ရဟန်းအဖြစ် တောင်းခံလာတဲ့အခါ ဘုရားရှင်က-

“ဒါ. . . ကဿပ သင်ဟာ ရသေ့ငါးရာတို့ရဲ့ အကြီးအမှူးဦးစီး ရှေ့ဆောင် ပါမောက္ခကြီး ဖြစ်တယ်။ အဲဒီတပည့်ငါးရာတို့ကိုလည်း ခွင့်ပန်စကားပြောကြားပါ။ ဒါမှသာ အဲဒီတပည့် ငါးရာတို့ဟာလည်း

http://www.dhammadownload.com



သူတို့ ဆန္ဒရှိရာကို ရွေးချယ် ပြုလုပ်ခွင့်ရကြလိမ့်မယ်” လို့ မိန့်ကြား တော် မူပါတယ်။

ဒါဟာ နောက်လိုက်တပည့်သားတို့နဲ့ ပတ်သက်လို့ မဟာ ကရုဏာရှင်ရဲ့ သဘောထားကို အထင်အရှားဖော်ပြတဲ့ စကားပါပဲ။ တပည့်သားတို့အပေါ် မှာ အလေးထားခြင်းနဲ့ လွတ်လပ်စွာ ရွေးချယ် ခွင့် ပေးခြင်းပါပဲ။ ဒီသဘောမျိုးကို တရားဓမ္မဟောရာမှာ အတော် များများ တွေ့နိုင်ပါတယ်။ “ချစ်သားတို့-အခု ငါပြောမယ့်စကားကို သင်တို့ ဘယ်လို သဘောရကြပါသလဲ” ဆိုတဲ့ မေးခွန်းမျိုးနဲ့ အစချီတဲ့ ဒေသနာတော်များဟာ ထင်ရှားတဲ့သာဓကများ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ ဒေသနာတော်တွေထဲမှာ ပဋ္ဌာန်း ဒေသနာတော်ကြီးတစ်ခုသာ ဘုရားရှင်ရဲ့ အလိုတော် အလျောက် ဟောကြားတဲ့ ဒေသနာတော်ဖြစ်ပြီး ကျန်တဲ့ ဒေသနာတော်တွေ မှန်သမျှဟာ ဖြစ်ရပ်အလိုက် လိုအပ်ချက်ကြောင့် ပညတ်သတ်မှတ် ရတဲ့ သိက္ခာပုဒ်များနဲ့ ဝေနေယျတို့ရဲ့ အလိုအဇ္ဈာသယ ပါရမီဓာတ်ခံနဲ့ ဣန္ဒြေအနုအရင့်အလိုက်သာ ဟောကြားခဲ့တာချည်း ဖြစ်ပါတယ်။ ဒီလို ဒေသနာတော်မျိုးဟာ ဝေနေယျတို့ရဲ့ အကျိုးကိုသာ ရှေးရှု ပညတ်ဟောကြားခဲ့တာများဖြစ်လို့ ကရုဏာဒေသနာများလို့ ခေါ်ရတာပါ။

အခုလည်း ဥရုဝေလကဿပကို အကြီးအမှူး ဦးစီးနာယက တို့ရဲ့ ကရုဏာဓာတ် ထင်ရှားပြစေဖို့အတွက် နောက်လိုက်တပည့် များကို ခွင့်ပန်စကားပြောဖို့ တိုက်တွန်းတာပါ။ ဘုရားရှင် တိုက်တွန်း တဲ့ အတိုင်းပဲ ဥရုဝေလကဿပရသေ့ကြီးက နောက်လိုက် တပည့်

http://www.dhammadownload.com



ငါးရာတို့ရဲ့ နေရာကို သွားပြီး "အို-ဆရာတို့ ကျွန်ုပ်တော့ဖြင့် ရဟန်းကြီးထံ (ဒါဟာရဟန်း မဖြစ်မီက ဘုရားရှင်ကို သူတို့ခေါ်ဝေါ်တဲ့ဝေါဟာရပါ။) တပည့်ခံပြီး အကျင့်မြတ်ကို ကျင့်သုံးဖို့ ဆုံးဖြတ်လက်ခံပြီးပါပြီ။ အရှင်တို့လည်း မိမိသဘောနှစ်ခြိုက်ရာ ပြုတော်မူကြပါကုန်" လို့ ပန်ကြားပြောဆိုပါတယ်။

ဒီစကားရပ်ထဲမှာလည်း "အို ဆရာတို့" ဆိုတဲ့အသုံး၊ "ပြုတော်မူကြပါ" ဆိုတဲ့ အသုံးအနှုန်းတွေကို သတိပြုသင့်ပါတယ်။ အရင်ကတော့ သူဟာ ဒီရသေ့အပေါင်းတို့ရဲ့ ဆရာကြီးဖြစ်လို့ တပည့်တွေကို ဒီလို ခေါ်ဝေါ်ပြောဆိုမှာ မဟုတ်ပါဘူး။ ခုတော့ သူကိုယ်သူ ရသေ့အပေါင်းတို့ရဲ့ ဆရာကြီးလို့ မခံယူတော့ဘဲ ဘုရားရှင်ရဲ့ တပည့်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်လို့ သူ့တပည့်တော်ခဲ့ဖူးတဲ့ ရသေ့များကို အရိုအသေပြု ခေါ်ဝေါ်ပြောဆိုတာပါ။ ယဉ်ကျေးသိမ်မွေ့တဲ့ အဖွဲ့အစည်းအချင်းချင်းတို့ရဲ့ အပြန်အလှန် လေးစားမှုကို ဖော်ပြတဲ့အသုံးအနှုန်းပါပဲ။

ရသေ့ဆရာကြီးရဲ့ စကားကိုကြားရတဲ့အခါ တပည့်ရသေ့ ငါးရာတို့က-

"အို အရှင်ဆရာကြီး . . ကျွန်ုပ်တို့တစ်တွေဟာ နဂါးမင်းကို ဆုံးမတဲ့ ပထမဆုံးတန်ခိုး ပြာဋိဟာကို တွေ့လိုက်ရတဲ့ အချိန်ကတည်းက ရဟန်းကြီးအပေါ်မှာ ကြည်ညိုရင်း ရှိနေကြတာပါ။ အရှင်ဆရာကြီးက ရဟန်းကြီးထံမှာ တပည့်ခံပြီး အကျင့်မြတ်ကို ကျင့်သုံးမယ်ဆိုရင် ကျွန်ုပ်တို့ ငါးရာလုံးကလည်း အလားတူ ကျင့်သုံးကြပါမယ်" လို့ ပြန်လည်ပြောဆိုကြပါတယ်။

http://www.dhammadownload.com



အဲဒီနောက်တော့ ဥရုဝေလကဿပနဲ့ ရသေ့ငါးရာတို့ဟာ ဆံပင်တွေ၊ ဆံကျစ်ဝန်းတွေ၊ မီးဆိုကရား၊ အပ် စတဲ့ ရသေ့ပရိက္ခရာတွေနဲ့ ထမ်းပိုးတွေ၊ မီးမွှေးတဲ့ယောက်မတွေ အစရှိတဲ့ မီးပူဇော်ဖွယ် အသုံးအဆောင်တွေကို နေရဉ္စရာမြစ်ထဲ မျှောလိုက်ကြပြီး မြတ်စွာဘုရားထံမှာ ရှင်ရဟန်းအဖြစ် တောင်းခံကြပါတယ်။ မြတ်စွာဘုရားရှင်က လက်တော်ကို ဆန့်တန်းပြီး "ဧထဘိက္ခဝေါ" စတဲ့ စကားနဲ့ မိန့်ကြားတော် မူလိုက်တာနဲ့ တစ်ပြိုင်နက် ရသေ့အားလုံးတို့ဟာ ကမ္ဗိမယ (ဘုန်းတန်ခိုးကြောင့် ပြီးတဲ့) ပရိက္ခရာတို့ အပြည့်အစုံ နေရာတကျ ဆင်မြန်းပြီး ဝါတော် ၆၀ ရတဲ့ မထေရ်ကြီးများပမာ ရဟန်းပြုပြီးသား ဖြစ်သွားကြပါတော့တယ်။

ဥရုဝေလကဿပတို့ မျှောလိုက်တဲ့ ရသေ့ ပရိက္ခရာတွေ အောက်အကြေဆိပ်ကမ်းမှာရှိတဲ့ ညီအလတ် နဒီကဿပရသေ့တို့ တွေ့မြင်ရတဲ့အခါ အကြောင်းစုံသိရအောင် လိုက်လာကြလို့ ဘုရားရှင်ထံမှောက် ရောက်ကြတဲ့အခါမှာလည်း အလားတူပဲ ဧဟိဘိက္ခု ရဟန်းအဖြစ် ရကြပြန်ပါတယ်။

ဆက်လက်မျှောပါလာတဲ့ နောင်တော်များနဲ့ ရသေ့အပေါင်းတို့ရဲ့ ပရိက္ခရာတွေကို တွေ့မြင်ရတဲ့ အောက်ဆုံးဆိပ်က ဂယာကဿပနဲ့ ရသေ့အပေါင်းတို့လည်း လိုက်လာကြပြီး ရှေးနည်းတူ ရဟန်းအဖြစ်ကိုရကြလို့ အားလုံး 'ရသေ့ညီနောင် ရှင်တစ်ထောင်' ဖြစ်လာပြီးတဲ့အခါ ဂယာရွာ (အခု ဂယာမြို့) အနီးမှာရှိတဲ့ ဆင်ဦးခေါင်းပမာ 'ဂယာသီသ' ဆိုတဲ့ ကျောက်ဖျာကြီးရှိရာအရပ်ကို ကြွသွားတော်မူပြီး သီတင်းသုံးနေထိုင်ကြပါတယ်။

http://www.dhammadownload.com



ဂယာသီသရောက်ပြီးလို့ ရဟန်းတစ်ထောင်တို့အတွက် ဟောသင့်တဲ့ တရားကို ဆင်ခြင် သုံးသပ်တော်မူတဲ့အခါ "ညဉ့်တိုင်း နံနက်တိုင်း မီးကို လုပ်ကျွေးပူဇော်လေ့ရှိကြတဲ့ ရသေ့တို့ရဲ့ အလိုအဈ္ဈာသယနဲ့ သင့်လျော်မယ့် 'အာဒိတ္တ ပရိယာယ ဓမ္မဒေသနာ' ကို ဟောကြားတော်မူရရင် ဒီရဟန်းတစ်ထောင်တို့ အရဟတ္တဖိုလ်ထိ ဆိုက်ရောက်ကြလိမ့်မယ်" လို့ ဆုံးဖြတ်ချက် ချတော်မူပြီးမှ-

ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဖဿပစ္စယာ ဝေဒနာ တစ်ဆယ့်ရှစ်ပါး (ဝေဒနာခြောက်ပါးကို သုခ၊ ဒုက္ခ၊ ဥပေက္ခာနဲ့ပွား)၊ ထင်းတုံးသဖွယ် ဖြစ်တဲ့ ဒီတရားတွေကို ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ တစ်ဆယ့်တစ်မီးတို့ ညီးညီးပြောင်ပြောင် တောက်လောင်နေပုံကို ထင်ရှားပြတဲ့ အာဒိတ္တ ပရိယာယ ဓမ္မဒေသနာတော်ကို ဟောပြတော်မူတဲ့အခါမှာတော့ ရဟန်းတစ်ထောင်တို့ အားလုံး မဂ်ဉာဏ်လေးဆင့် အစဉ်အတိုင်း တက်မြင့်ပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာ အစစ်များ ဖြစ်သွားကြပါတော့တယ်။

■

အဲဒီနောက်မှာတော့ ရသေ့ဖြစ်ခဲ့ဖူးတဲ့ ရဟန္တာတစ်ထောင် ခြံရံပြီး ဗိမ္ဗိသာရမင်းကြီးကို ပေးခဲ့ဖူးတဲ့ ကတိအတိုင်း ရာဇဌာနီ ရာဇဂြိုဟ်ပြည်ကို ကြွတော်မူလို့ မြို့ရဲ့အနီး ထန်းပင်တို့ ဝန်းရံတဲ့ ဥယျာဉ်ကြီးအတွင်း အရိပ်အာဝါသ ကောင်းမွန်တဲ့ 'သုပ္ပတိဋ္ဌ' ညောင်ပင်ကြီး အရင်းမှာသီတင်းသုံးနေတော်မူစဉ်မှာပဲ ဥယျာဉ်မှူးရဲ့ သံတော်ဦး တင်လျှောက်ထားတဲ့ သတင်းစကားအရ ဗိမ္ဗိသာရ

http://www.dhammadownload.com



မင်းကြီးနဲ့ အခြံ အရံ မဂဓတိုင်းသား ပြာဟ္မဏသူဌေးပေါင်း တစ်သိန်း နှစ်သောင်းတို့ လာရောက်ချဉ်းကပ်ကြပြီး အရိုအသေ ရှိခိုး ဆည်းကပ်ကြပါတယ်။

ရောက်လာတဲ့ ပရိသတ်တွေထဲမှာ ဗိမ္ဗိသာရမင်းကြီးကတော့ အလောင်းတော်မင်းသား တောထွက်စဉ်က "ဘုရားအဖြစ် ရောက်တော်မူတဲ့အခါ တပည့်တော်နိုင်ငံကို ရှေးဦးကြွတော်မူပါ" လို့ လျှောက်ထားခဲ့သူ ဖြစ်လို့ အခုလို ကြွလာတာဟာ ဘုရားအဖြစ် ရောက်တော်မူပြီးလို့ပဲဆိုတာ မှန်းဆသိနိုင်ပါတယ်။ ကျန်ပရိသတ်များကတော့ "ရဟန်းကြီး (မြတ်စွာဘုရား) နဲ့ သူတို့ လေးစား အထင်ကြီး ကိုးကွယ်နေတဲ့ ဥရုဝေလကဿပတို့ ဘယ်သူက ဘယ်သူ့ထံ တပည့်ခံပြီး အခုလို တစ်ပေါင်းတည်း ဖြစ်လာကြတာလဲ" ဆိုတာ ဝေခွဲမရ ဖြစ်နေကြပါတယ်။

ဒီလိုဖြစ်နေတာကို သိတော်မူတဲ့အတွက် ဘုရားရှင်က အရှင်ဥရုဝေလကဿပကို "ချစ်သား- သင်ဟာ ခေါင်းပါးတဲ့အကျင့်ကြောင့် ကြုံလှီတဲ့ခန္ဓာကိုယ်ရှိကြတဲ့ ရသေ့အပေါင်းတို့ရဲ့ ဂိုဏ်းဆရာအဖြစ်ကနေ ဘာ့ကြောင့် မှူလအကျင့်ဖြစ်တဲ့ မီးကို လုပ်ကျွေးပူဇော်မှုကို စွန့်လွှတ်ပြီး အခုလို ပြောင်းလဲလာရတယ်ဆိုတာ ပြောပြပါ" လို့ မိန့်ကြားလိုက်ပါတယ်။

"အရှင်ဘုရား. . . ယဇ်ဆရာအစဉ်အဆက်တို့က ယဇ်ပူဇော်ခြင်းဟာ ငါးဖြာအာရုံ ကာမဂုဏ်တို့နဲ့ နှစ်သက်ဖွယ်ရာ အမျိုးသမီးများပါ ပြည့်စုံစေနိုင်တယ်လို့ ပြောကြားကြပါတယ်။ ဒီအရာတွေဟာ တကယ်လို့ ရလာဦးတော့ ခန္ဓာငါးပါး ဥပဓိတရားတို့ကို ညစ်နွမ်းစေ

http://www.dhammadownload.com



တဲ့ ကိလေသာများသာ ဖြစ်တယ်ဆိုတာ သိမြင်လာတဲ့အတွက် မီးလုပ်ကျွေးပူဇော်မှုကို စွန့်လွှတ်ခဲ့ပါတယ်။

ခုခါမှာတော့ မွေ့လျော်ဖွယ်အစစ်ဆိုတာ ကိလေသာ အညစ်အကြေး (ကိလေသာဝန်) များနဲ့ မွေး၊ အို၊ နာ၊ သေ ဝိပါကဝဋ်လေးထွေကို ကင်းစင်ပြီး ဖောက်ပြန်ခြင်း အလျှင်းမရှိတဲ့ ကိုယ်တိုင်ပွားများ မဂ်တရားဖြင့် ကိုယ်သိမျက်မှောက် ဆိုက်ရောက်ခံစားနိုင်ရာ အေးငြိမ်းမှုနိဗ္ဗာန်သာ ဖြစ်တယ်ဆိုတာလည်း သိမြင်ပြီးပါပြီ" လို့ လျှောက်ထားပြီး ဘုရားရှင်ရဲ့ ခြေဖမိုးအစုံကို ဦးခေါင်းနဲ့ ကပ်ထားလိုက်ကာ-

"ဘုန်းတော်ကြီးမြတ်တဲ့ မြတ်စွာဘုရား၊ အရှင်ဘုရားက တပည့်တော်ရဲ့ ဆရာဖြစ်ပါတယ်၊ တပည့်တော်တို့ဟာ အရှင်ဘုရားရဲ့ တပည့်သားများ ဖြစ်ပါတယ်" ဆိုပြီး ပရိသတ်အများ သိသာအောင် လျှောက်ထားလိုက်ပါတယ်။

မဂဓတိုင်းရဲ့ အထက်တန်းလွှာများဖြစ်တဲ့ ဗြာဟ္မဏသူဌေး တစ်သိန်းနှစ်သောင်းတို့ဟာလည်း သူတို့ရဲ့ ဘာသာရေး ဦးခေါင်းဖြစ်တဲ့ ဉရုဝေလကဿပက ဘုရားရှင်ရဲ့ ခြေအစုံအောက်မှာ ဒူးထောက်ရှိသေ တပည့်ခံပုံကို တွေ့မြင် ကြားသိလိုက်ရတာနဲ့ တစ်ပြိုင်နက် သူတို့အားလုံးလည်း ဘုရားရှင် ခြေတော်မှောက်မှာ အလိုလို ဒူးထောက်သွားကြပါတော့တယ်။

တရားဒေသနာတော်ကို ဟောကြားတော်မူပြီးတဲ့ အဆုံးမှာတော့ ဗိမ္ဗိသာရ မင်းကြီးနဲ့ ဗြာဟ္မဏသူဌေးပေါင်း တစ်သိန်းနှစ်သောင်းတို့က သောတာပတ္တိဖိုလ်မှာ တည်ကြပြီး ကျန်သူဌေး

http://www.dhammadownload.com



တစ်သောင်းတို့က သရဏဂုံတည်တဲ့ ဥပါသကာများ ဖြစ်သွားကြ ပါတယ်။

■

မဇ္ဈိမကို ဘုရားဖူးရောက်ခဲ့စဉ်က ဆွေးနွေးပြောဆိုဖြစ်ခဲ့တဲ့ အထဲမှာ ဒီအကြောင်းလည်း ပါပါတယ်။

မြတ်စွာဘုရားရှင်ဟာ တရားဟောတဲ့ နေရာမှာသာမက လောကရေးရာမှာလည်း ဘယ်လောက်အထိ ကျွမ်းကျင်လိမ္မာတယ် ဆိုတာ ဒီဖြစ်ရပ်က ထင်ရှားပြနေတယ်။

တကယ်လို့သာ မြတ်စွာဘုရားရှင်ဟာ ဥရုဝေလကဿပစတဲ့ ရသေ့ညီနောင်တို့ကို အဦးဆုံး မချေချွတ်ဘဲ ရာဇဂြိုဟ်ကို တိုက်ရိုက် ကြွပြီး တရားဓမ္မဟောကြားမယ်ဆိုရင် သုံးလုံး လှည့်လည်ဟောလို့ လည်း ဒီလောက် ထိရောက်အောင်မြင်နိုင်မှာ မဟုတ်ဘူး။ ဘာ ကြောင့်လဲဆိုတော့ အဲဒီအချိန် (သာသနာ မထွန်းကားသေးချိန်) မှာ ဘာသာရေးနဲ့ ပတ်သက်လို့ လူတို့တိုင်းတာတဲ့ အဓိက 'စံ' ဆိုတာ ခေါင်းခေါင်းပါးပါး ကျင့်ကြံခြင်းဆိုတဲ့ "လူခပမာဏ" ဟာ အဓိက ဖြစ်နေတယ်။

ဒီစံနဲ့ တိုင်းတာရာမှာလည်း ကျင့်ကြံနေထိုင်ပုံချင်းတူရင် နေတဲ့အချိန်ကာလကြာမြင့်မှုနဲ့ လူအများ အသိအမှတ်ပြုလောက် အောင် ဂုဏ်သတင်းပျံ့နှံ့မှုဆိုတဲ့ "ဃောသပမာဏ" ကို လူတွေက အလေးပေးကြတာ၊ ဓမ္မပမာဏဆိုတာကတော့ လုံးဝကို မရှိသေးတဲ့ အချိန်။ ဒီအချိန်မှာ ဓမ္မပမာဏနဲ့ ဘုရားအဖြစ် ရောက်လာတဲ့ ဘုရားရှင်ရဲ့ အရှိန်အဝါဟာ မဂဓတိုင်းသားတို့အပေါ် မှာ ဥရုဝေလ ကဿပ ညီနောင်ရသေ့တစ်ထောင်လောက် မရှိသေးပါဘူး။

http://www.dhammadownload.com



ဟုတ်ပါတယ်၊ ဘုရားအလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူတဲ့ တောင်တန်းနဲ့ ဥရုဝေလတောတန်းဆိုတာ မဂဓတိုင်း အတွင်းမှာ ချည်းဖြစ်သလို နေရဥ္စရာမြစ်ရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းမျှသာဖြစ်လို့ ခရီး တစ်ထောက်စာလောက်ပဲ ရှိတာ ဖြစ်ပေမယ့် ဘာသာရေး စိတ်ပါဝင်စားသူ အများစုဟာ ဥရုဝေလကိုသာ ရောက်လေ့ရှိကြပြီး ဒုက္ကရစရိယာတောင်တန်းဆီကိုတော့ ဆိတ်ကျောင်းသား၊ နွားကျောင်းသား တစ်ဦးတစ်ယောက်ကလွဲလို့ အရောက်အပေါက် မရှိသလောက် ဖြစ်နေတာကိုသာ ကြည့်ပေ့ါ။


ဒါကြောင့်လည်း မဂဓတိုင်းရဲ့ ဘာသာရေး အယူအစွဲဟောင်းများကို ပြောင်းလဲပြီး စစ်မှန်တဲ့ ဓမ္မပမာဏနဲ့ အစားထိုးရာမှာ မဂဓတို့ရဲ့ ဦးခေါင်းဖြစ်တဲ့ ဥရုဝေလကဿပတို့ကို ပထမဆုံး ပြောင်းလဲပစ်ဖို့အတွက် သုံးလလောက် အချိန်ယူတော်မူခဲ့တာပါ။

မြတ်စွာဘုရားရှင်ရဲ့ ဒီပရိယာယ်ဟာ အရင်းလှဲပြီး အဖျားကို ထင်းဖြစ်စေတာ မဟုတ်ဘဲ ခေါင်းတွဲကိုလမ်းကြောင်းမှန်ရောက်အောင် တည့်ပေးခြင်းဖြင့် နောက်ဆက်တွဲ အားလုံးကို လိုက်ပါစေတဲ့ နည်းပရိယာယ်လို့သာ ဆိုရပါလိမ့်မယ်။ ။

အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၆၄၊ ၃၆၅။

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း (၉)

## "မဂဓ သာသနာ့လက်ရုံး"

လောကမှာ အထွတ်အထိပ်ရောက်၊ ပြီးမြောက်အောင်မြင်ကြသူတို့နဲ့ ပတ်သက်လို့ တချို့က ကံကောင်းလို့ဖြစ်တယ် ထင်ကြတယ်။ တချို့ကတော့ အမျိုးအမိုး အကပ်အရပ်ကောင်းလို့ တချို့က နေရာဒေသ အကွက်အကွင်းကောင်းလို့စတဲ့ အတိတ်အကြောင်းတရားနဲ့ အပြင်ပ အကြောင်းတရားများကို ရှိုးမယ်ဖွဲ့တတ်ကြပါတယ်။ သောတာပန် မျိုးစေ့ကောင်းဖြစ်တဲ့ အဇာတသတ်မင်းသား အဖသတ်မင်းအဖြစ် ရောက်သွားရတာဟာ ရှင်ဒေဝဒတ်ဆိုတဲ့ ဆရာဆိုးနဲ့ ပေါင်းမိလို့ ဖြစ်တယ်ဆိုတာကလည်း ထင်ရှားနေလေတော့ လူတိုင်းက ဘဝရဲ့ အဆိုးအကောင်းတွေ၊ အောင်မြင်မှု၊ ဆုံးရှုံးမှုတွေဟာ ပတ်ဝန်းကျင် အပေါ်မှာပဲ လုံးလုံးလျားလျား တည်နေတယ်လို့ ထင်ကြတာဟာ အဆိုးတော့ မဆိုသာပါဘူး။

မြတ်စွာဘုရားကတော့ ပြည့်စုံအောင် မြင်ဖို့ဆိုတာ-

(၁) သင့်လျော်တဲ့အရပ်ဒေသ နေရာကောင်းကို ရရှိခြင်း၊

http://www.dhammadownload.com



(၂) ရှေးက ကြိုတင်ပြုထားတဲ့ ကောင်းမှုရှိခြင်း၊
(၃) ဆရာကောင်း၊ မိတ်ကောင်း ဆွေကောင်း အမှီအခို အကပ်အရပ်ကောင်းကို ရရှိခြင်း၊
(၄) မိမိစိတ်ကို ကောင်းအောင်တည်ဆောက်နိုင်ခြင်းဆိုတဲ့ အကြောင်းတရား လေးပါးအပေါ်မှာ တည်မှီတယ်လို့ ဟောတော်မူပါတယ်။

ဒီအကြောင်းတရားလေးပါးထဲမှာကိုပဲ တချို့က ကံအဓိကကျတယ်၊ တချို့က အပေါင်းအသင်း အဓိကကျတယ်စတဲ့ အယူအဆ ကွဲလွဲမှုတွေလည်း ရှိကြပါတယ်။ အဋ္ဌကထာ ဆရာကြီးကတော့ ကံက အဓိကကျတယ်လို့ ဖွင့်တယ်။ ဘုရားရှင်ကတော့ ကလျာဏ မိတ္တသုတ်တော်မှာ ဆရာသမားကောင်း၊ မိတ်ဆွေကောင်းက အရေး အပါဆုံးလို့ ဟောတော်မူပါတယ်။

ဒါနဲ့ပတ်သက်လို့ သပြေကန် (ပရိတ်ကြီး နိဿယ) ဆရာတော် ဘုရားကြီးကတော့ "ကံပါရမီအဓိက၊ ကလျာဏမိတ္တ အဓိက ဆိုတာ ဟာ ပစ္ဆိမဘဝိကလို့ခေါ်တဲ့ ခုဘဝမှာပဲ မုချ အရဟတ္တဖိုလ် ဆိုက် ရောက်ရမယ့် ပုဂ္ဂိုလ်များအတွက်သာ မှန်ကန်ပါတယ်။ တခြား ပုဂ္ဂိုလ်များအတွက်တော့ မိမိကိုယ်ကို ကောင်းအောင် ဆောက်တည် နိုင်မှုက အဓိကပဲ" လို့ ဆုံးဖြတ်ပေးပါတယ်။ ဆရာတော်ကြီး ထုတ်ပြတဲ့ သာဓကများကတော့-

အင်္ဂုလိမာလဟာ ပစ္ဆိမဘဝိကသာ အစစ်ဖြစ်လို့ မကောင်းရာကို ညွှန်ပြတွန်းပို့တဲ့ ဆရာသမားနဲ့ပေါင်းမိပေမယ့် နောက်ဆုံး ပဋ္ဌာနန္တ ရိယကံကြီး ကျူးလွန်မိခါနီးဆဲဆဲမှာပဲ ဘုရားရှင်နဲ့တွေ့ခွင့်ရပြီး အရဟတ္တဖိုလ်အထိ ရောက်ရှိခွင့်ရသွားတယ်။

http://www.dhammadownload.com



ကုဋေရှစ်ဆယ်သူဌေးသားတို့ ဇနီးမောင်နှံဟာ လင်က ရဟန္တာ၊ မယားက အနာဂါမ် ဖြစ်လောက်အောင်အထိ ပါရမီဓာတ်ခံ ရှိခဲ့ကြပေမယ့် ပစ္ဆိမဘဝိကသား စစ်စစ်လည်း မဟုတ်ကြသလို ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နိုင်စွမ်းလည်း ချို့တဲ့ကြလို့ ဘဝင်ကျော်အောင် ရောက်ထိုက်ပါလျက် တောင်းစားရင်း မြောင်းကြားမှာ ဇာတ်သိမ်းသွားကြပါတယ်။

တချို့က အဇာတသတ်ရဲ့ ဖြစ်ရပ်ကိုကြည့်ပြီး ဆရာသမား အမှီအခိုကောင်းဖို့က အဓိကပဲလို့ဆိုကြပေမယ့် လက်ဝဲရံ လက်ယာရံ အလောင်းတော်များဟာ သိဥ္စည်းဆရာကြီးဆိုတဲ့ ပါပမိတ္တနဲ့ ပထမဆုံးတွေ့ကြုံပြီး အရိုက်အရာအထိ ချီးမြှောက်ခြင်းခံကြရပေမယ့် ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နိုင်စွမ်းရှိကြသူများ ဖြစ်လို့ (ဒါဟာ ပစ္ဆိမဘဝိက စစ်စစ်ဖြစ်လောက်တဲ့ ပါရမီစွမ်းအားများလို့တော့ ဆိုရမှာပါ) နောက်ဆုံး ဘုရားရှင်သာသနာမှာ သူတို့ ဖြည့်ဆည်းခဲ့တဲ့ ပါရမီနဲ့ ထိုက်ထိုက်တန်တန် လက်ဝဲရံ လက်ယာရံကြီးများ ဖြစ်ကြပါတယ်။ ဒီဖြစ်ရပ်တွေကိုကြည့်မယ်ဆိုရင် မိမိကိုယ်ကို ကောင်းအောင် တည်ဆောက်နိုင်စွမ်းဆိုတဲ့ အတ္တသမ္မာပဏိဓိဟာ အရေးအကြီးဆုံးဆိုတာ ထင်ရှားပါတယ်။ "ဘယ်သူမပြု မိမိမှု" ဆိုတဲ့ မြန်မာဆိုရိုးအတိုင်းပါပဲ။

သာသနာ့လက်ရုံးကြီးနှစ်ဆူလို့ ဆိုရမယ့် လက်ယာရံ လက်ဝဲရံ အလောင်းအလျာတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်ပုံဟာ ကြီးကျယ်မြင့်မြတ်တဲ့ ရည်မှန်းချက်ရှိသူတိုင်း အတုယူ အားကျလိုက်နာဖို့ အလွန်ကောင်းပါတယ်။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



မြတ်စွာဘုရားရှင်ရဲ့ပထမဝါဟာ ဇာတိရပ်မြေနဲ့ အလွန်မဝေးလှတဲ့ ကောသလမင်းကြီးရဲ့ အင်ပါယာ ကာသိတိုင်းအတွင်း ဗာရာဏသီက မိဂဒါဝုန်မှာ ဝါဆိုခဲ့တာ၊ ဝါကျွတ်လို့ သာသနာပြုခရီးစတဲ့အခါမှာတော့ မဂဓတိုင်းထဲက ဥရုဝေလကို ကြွတော်မူပြီး မဂဓတိုင်းရဲ့ ဘာသာရေးမှာ အရေးအပါဆုံးဖြစ်တဲ့ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချေချွတ် အောင်မြင်လို့ ရာဇဂြိုဟ်ကို ကြွရောက်တဲ့အခါ မဂဓရဲ့ အရှင်သခင် ဘုရင်ဗိမ္ဗိသာရအပါအဝင် မဂဓရဲ့ လူကုံထံ သူဌေးသူကြွယ် တစ်သိန်းကျော်တို့ပါ သောတာပန် အရိယာတွေ ဖြစ်ကုန်ကြပြီး အချိန်အားဖြင့်တော့ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့လောက် ဖြစ်ပါတယ်။

အဲဒီအချိန်မှာပဲ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့ အနီးမှာရှိတဲ့ ဥပတိဿရွာသူကြီးရဲ့သား "ဥပတိဿ" နဲ့ ကောလိတရွာသူကြီးရဲ့သား "ကောလိတ" (ရွာရဲ့အမည်ကိုစွဲပြီး ခေါ်တဲ့အမည်) သူငယ်ချင်းနှစ်ဦးတို့ဟာ လွန်ခဲ့တဲ့ တစ်သင်္ချေ ကမ္ဘာတစ်သိန်းကာလတည်းက အတူတူ ဆုပန်ဖက်များဖြစ်တဲ့အတွက် အခုနောက်ဆုံးဘဝမှာလည်း အဆင့်အတန်းတူ၊ ရည်ရွယ်ချက်တူ သူငယ်ချင်းတွေ ဖြစ်လာကြတယ်။

လောကရဲ့ အတုအယောင် မာယာသဖွယ်ဖြစ်တဲ့ ကာမဂုဏ်စည်းစိမ်တွေကို စွန့်လွှတ်ပယ်ရှားခဲ့တဲ့ ပါရမီရှင်များပီပီ နက္ခတ်ပွဲသဘင်မှာ အတုအယောင်တွေကို အဟုတ်ထင် ပျော်ပါးနေကြသူတွေ၊ ပျော်ပါးနေမိခဲ့တာတွေကို သံဝေဂပွားပြီး လူ့ဘောင်စွန့်ခွာတရားရှာထွက်ကြရာမှာ သိဥ္စည်းဆရာကြီးထံ ရှေးဦးဆုံး ရောက်ရှိကာ ပရိဗိုဇ်ရဟန်းပြုကြတယ်။ နှစ်ရက် သုံးရက်အတွင်းမှာပဲ သိဥ္စည်း

http://www.dhammadownload.com



ဆရာကြီးရဲ့ အယူဝါဒနဲ့ ပတ်သက်လို့ အားလုံးသင်ယူလေ့လာပြီး တဲ့အခါ ဘာမှ အနှစ်သာရမရှိဘူး၊ သူတို့လိုလားတဲ့ မွေး၊ အို၊ နာ၊ သေ ကင်းလွတ်ရေးနဲ့ အဝေးကြီးဖြစ်နေတယ်ဆိုတာ သိလာကြတယ်။

သိဉ္စည်းဆရာကြီးကတော့ ဒီလိုထင်ရှားတဲ့ အမျိုးကောင်းသား နှစ်ဦးကို အကြောင်းပြုပြီး ရှေးကထက် လာဘ်လာဘ အခြံအရံ ဂုဏ်သတင်းကျော်စောခြင်းတွေ အထွတ်အထိပ် ရောက်လာလို့ အမျိုး ကောင်းသားနှစ်ဦးတို့ကို ပရိသတ် ၂၅၀ ပါ ထိုးအပ်ပြီး ဦးစီး လက်ထောက်များအဖြစ် လွှဲအပ်စည်းရုံးပေမယ့် အလောင်းအလျာ နှစ်ဦးတို့က လက်မခံဘဲ "အမြိုက်တရားထူးကို အရင်တွေ့ရှိသူက ကျန်တစ်ဦးကို ပြောကြစတမ်း" လို့ ကတိကဝတ်ပြုကြပြီး တစ်လမ်းစီ ခွဲကာ အမြိုက်တရား အရှာထွက်ကြပါတယ်။

တွေ့သမျှကြုံသမျှ ဘာသာရေး ဂိုဏ်းခေါင်းဆောင်တွေ၊ အယူ ဝါဒတီထွင်သူတွေနဲ့ ဆွေးနွေးမေးမြန်းကြရင်း အနှစ်သာရကို ရှာဖွေ နေတဲ့ လက်ယာရံအလောင်း ဥပတိဿ ပရိဗိုဇ်ဟာ ရာဇဂြိုဟ်မြို့ ထဲမှာ တည်ငြိမ်တဲ့ ဣရိယာပုတ်၊ ရင့်ကျက်တဲ့ဣန္ဒြေ၊ တည်ကြည်တဲ့ မျက်နှာနဲ့ ဆွမ်းခံကြွလာတဲ့ အရှင်အဿဇိမထေရ်ကို တွေ့မြင်ရတဲ့ အခါ ပုဂ္ဂိုလ်ကိုမြင်ရုံနဲ့တရားကိုပါ မှန်းဆခုံမင်ပြီး မထေရ်မြတ်ဆွမ်းခံ ပြန်ချိန်မှာ နောက်ကနေလိုက်သွားပါတော့တယ်။

မြို့ပြင်ရောက်လို့ အရိပ်အာဝါသကောင်းတဲ့ နေရာအရောက် မှာတော့ မထေရ်မြတ်ရဲ့ ထိုင်လိုတဲ့အမူအရာကိုကြည့်ပြီး ပါလာတဲ့ ပရိဗိုဇ်အသုံးအဆောင် ပျဉ်ချပ်ထိုင်ခုံလေးကို အလိုက်သိ ခင်းပေး လိုက်တယ်။ မထေရ်မြတ် ဆွမ်းစားပြီးချိန်မှာလည်း အသင့်ပါလာတဲ့

http://www.dhammadownload.com



ရေကိုကပ်လှူပြီး တပည့်တစ်ယောက်က ဆရာ့အပေါ်မှာ ပြုသလို ဝတ္တရားများကို ပြုပေးရင်း တရင်းတနှီး စကားအဆက်အစပ် ပြောဆိုကြတော့မှ-

ငါ့ရှင် - "သင်ရဲ့ မျက်စိ၊ နား၊ နှာ စတဲ့ ဣန္ဒြေတွေကလည်း အလွန်ကြည်လင်တယ်၊ အရေအဆင်းကလည်း သန့်ရှင်းကြည်လင်တယ်၊ သင်ဟာ ဘယ်ဆရာကို ရည်မှန်းပြီး (တပည့်ခံပြီး) ရဟန်းပြုခဲ့ပါသလဲ၊ သင့်ဆရာက ဘယ်သူပါလဲ၊ ဘယ်လိုတရားမျိုး ဟောကြားပါသလဲ" ဆိုပြီး မေးပါတယ်။ ရဟန္တာဆိုတာကို မသိသေးတဲ့အတွက် လောကဝတ်အရိုအသေ စကားနဲ့ပဲ ပြောဆိုတာပါ။

အရှင်အဿဇိမထေရ်က- "ငါ့ရှင် ငါဟာ သာကီဝင်မင်းမျိုးက တောထွက်ပြီးရဟန်းပြုခဲ့တဲ့ မြတ်စွာဘုရားရှင်ကို ရည်မှန်း (တပည့်ခံ) ပြီး ရဟန်းပြုခဲ့သူဖြစ်တယ်။ ငါ့ရဲ့ဆရာဟာ သဗ္ဗညုမြတ်စွာဘုရားဖြစ်တယ်" လို့ ဖြေကြားလိုက်တယ်။

"သင်ရဲ့ဆရာ ဘုရားရှင်က ဘယ်လိုအယူ ဝါဒရှိပြီး ဘယ်လိုတရားမျိုးကို ဟောကြားဆုံးမပါသလဲ" ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့တော့ အရှင်အဿဇိက -

"ဒီပရိဗိုဇ်ဟာ သာသနာတော်ရဲ့ဆန့်ကျင်ဘက် အယူဝါဒရှိသူဖြစ်တယ်၊ ငါဟာ သာသနာတော်ရဲ့ နက်နဲသိမ်မွေ့ပုံကို ထင်ရှားပြရလိမ့်မယ်" လို့ တွေးမိပြီး -

"ငါ့ရှင် . . ငါဟာ ရဟန်းပြုခဲ့တာ တစ်ဝါပဲ ရှိသေးတာဖြစ်လို့ ငါ့ဆရာရဲ့ဝါဒကို အကျယ်တဝင့်တော့ ဟောမပြနိုင်ပါဘူး၊ အနက်အဓိပ္ပာယ်လိုရင်းလောက်ပဲ ဟောပြနိုင်ပါလိမ့်မယ်" လို့ စကားပလ္လင်ခံပြီးတော့မှ-

http://www.dhammadownload.com



"ယေဓမ္မာ ဟေတုပ္ပဘဝါ အစရှိတဲ့ ဂါထာနဲ့ - ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ဟာ တဏှာသမုဒယကြောင့်ဖြစ်ကြတယ်။ အဲဒီ ဒုက္ခသစ္စာနဲ့ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ နှစ်ပါးကိုလည်း ငါတို့ဆရာဘုရားရှင် ဟောကြားတော်မူပါတယ်။

ပြီးတော့ အဲဒီ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ နှစ်ပါးတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိရောဓသစ္စာနဲ့ ချုပ်ငြိမ်းကြောင်းကျင့်စဉ်ဖြစ်တဲ့ မဂ္ဂသစ္စာတို့ကိုလည်း စိတ်ဖြာခွဲခြား ဟောကြားတော်မူပါတယ်။

ဒါကြောင့် ငါတို့ဆရာ မြတ်စွာဘုရားရှင်ဟာ သစ္စာလေးပါးအမှန်တရားကို ခွဲခြားဖော်ပြတဲ့ ဝိဘဇ္ဇဝါဒအယူရှိပါတယ်" လို့ ဖြေကြားလိုက်ပါတယ်။ အရှင်အဿဇိမထေရ်ရဲ့ ဒီအဖြေဟာ မိမိကိုယ်တိုင် တရားထူးရခဲ့ကြောင်းဖြစ်တဲ့ ဓမ္မစကြာတရားဦးကို အကျဉ်းချုပ် ဖြေလိုက်တာပါပဲ။

ဥပတိဿပရိဗိုဇ်ဟာ ဒီတရားဂါထာရဲ့ ထက်ဝက်ဆုံးချိန်မှာပဲ သောတာပတ္တိဖိုလ်အထိ ဆိုက်ရောက်သွားလို့ "ငါတို့ရှာဖွေနေတဲ့ တရားဟာ ဒီတရားပဲ" ဆိုတာ အခိုင်အမာသိလိုက်ရတဲ့အခါ အရှင်အဿဇိမထေရ်မြတ်ကို "ဒီတရား တစ်ပုဒ်နှင့်ပင် ခေတ္တဆိုင်းငံ့တော်မူပါဦး၊ တပည့်တော်တို့ရဲ့ဆရာ မြတ်စွာဘုရားရှင် အခုဘယ်မှာသီတင်းသုံးပါသလဲ ဘုရား" လို့ လျှောက်လိုက်ပါတယ်။ ဒီအချိန်မှာ ဘုရားရှင်ကို "တပည့်တော်တို့ဆရာ" ဆိုတဲ့ လေးစားသိမှတ်မှုနဲ့ ပြောဆိုတာကို သတိပြုစရာပါ။

ဘုရားရှင် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံး နေထိုင်တယ်ဆိုတာ သိပြီးတဲ့အခါမှာတော့ အရှင်မြတ်ကို ရှိခိုးရင်း လက်ယာရစ် လှည့်

http://www.dhammadownload.com



လည် အရှိအသေပေးပြီး ပေးထားတဲ့ကတိအတိုင်း သူငယ်ချင်း ကောလိတရှိရာကို ထွက်လာခဲ့ပါတယ်။

ဥပတိဿပရဗိုဇ်ကို အဝေးက မြင်လိုက်ရတဲ့ အခါမှာပဲ သူငယ်ချင်းရဲ့မျက်နှာအဆင်းနဲ့ ဣန္ဒြေအမူအရာတွေကိုကြည့်ပြီး ကောလိတရဲ့ စိတ်ထဲမှာ "ဧကန္တ ငါ့သူငယ်ချင်းတော့ တရားထူး တရားမြတ်ကို တွေ့လာခဲ့ပေါ့" လို့ မှန်းဆ သိလိုက်ပါတယ်။ အနီး နား ရောက်တဲ့အခါ အကျိုးအကြောင်းပြောပြပြီး ဥပတိဿက သူသိ ခဲ့တဲ့ တရားအထူးကို ထပ်ဆင့်ပြောပြတဲ့အခါ တရားဂါထာအဆုံးမှာ ကောလိတပရဗိုဇ်လည်း သောတာပတ္တိဖိုလ် ဆိုက်ရောက်ပါတယ်။ လက်ယာရံ အလောင်းတော်က ဂါထာဝက်နဲ့ တရားထူးရတယ်။ လက်ဝဲရံက ဂါထာတစ်ပုဒ်လုံးဆုံးမှ တရားထူးကို သိမြင်တယ်။ ဒါဟာ လက်ရုံးနှစ်ဆူဖြစ်မယ့် အလောင်းတော်တို့ရဲ့ ခြားနားချက် ပါပဲ။

**အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၆၆။**

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း (၁၀)

## "ရဲစိတ်တင့်သူနှင့် ခဲဆိပ်သင့်သူ"

လွန်ခဲ့တဲ့ နှစ်လေးဆယ်ကျော် မိမိတို့ သာမဏေအဖြစ်နဲ့ စာသင်တိုက် ရောက်စလောက်က မြန်မာစာပေမှာ ထင်ရှားတဲ့ စာရေးဆရာကြီးနှစ်ဦးတို့ တစ်ဖက်စီ ဦးဆောင်ပြီး 'ဗိဇနဲ့ ပတ်ဝန်းကျင်' အကြောင်း ငြင်းခုံကြဖူးတယ်။ မှတ်မိသလောက်ကတော့ ဆရာကြီး ဦးတက်တိုးတို့က 'ဗီဇ အဓိက' လို့ ဆိုကြပြီး ဆရာကြီး ဦးသိန်းဖေမြင့်တို့က 'ပတ်ဝန်းကျင်အဓိက' လို့ ငြင်းခုံကြတာပါ။ အမှားအမှန် အနိုင်အရှုံးရယ်လို့တော့ အဖြေပေါ်တယ် မကြားမိပါဘူး။

မြတ်ဗုဒ္ဓရဲ့ဒေသနာတော်များအလိုအရတော့ ဒီကိစ္စဟာ တရားသေ သတ်မှတ်လို့ မရပါဘူး။ ကုဋေရှစ်ဆယ် သူဌေးသားတို့လို၊ အဇာတသတ်မင်းသားတို့လို ပါရမီမခိုင်မြဲသူများနဲ့ ဉာဏ်နုံ့သူများအတွက် ပတ်ဝန်းကျင်က ဗီဇကို လွှမ်းမိုးနိုင်တယ်။ အဂ္ဂသာဝက မဟာသာဝကများနဲ့ အရှင်မောဂ္ဂလာန်တို့လို ပါရမီခိုင်မြဲတဲ့ ပစ္ဆိမဘဝိက သား(ဒီဘဝမှာ သံသရာဝဋ်ဇာတ် ချုပ်ငြိမ်းရာ အရဟတ္တဖိုလ် ပေါက်

http://www.dhammadownload.com



ရောက်ရမည့် သူများ) အတွက်ကတော့ ပါရမီခာတ်နဲ့ လွှမ်းထုံထားတဲ့ ဗီဇခာတ်ကို ဘယ်လိုပတ်ဝန်းကျင်ကမှ ပြောင်းလဲသွားအောင် မလွှမ်းမိုးနိုင်ကြဘူးလို့ပဲ ဆုံးဖြတ်ရပါလိမ့်မယ်။

ဟုတ်ပါတယ်။ အခုလည်း အဂ္ဂသာဝကကြီးများဖြစ်မယ့် လက်ဝဲရံ လက်ယာရံ အလောင်းတော်နှစ်ဦးတို့ဟာ သူ့ဒေသ သူ့ ပတ်ဝန်းကျင်မှာ သူတော်ကောင်းကြီးလို့ အထင်အရှား သတ်မှတ်ကိုးကွယ်ခြင်းခံရတဲ့ သိဥ္စည်းဆရာကြီးထံ အဦးဆုံးရောက်ရှိခဲ့ကြပေမယ့် သူတို့ရဲ့ ရင့်ကျက်ခိုင်မာတဲ့ပါရမီစွမ်းအားများက ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံး ဖြစ်အောင် တည်ဆောက်နိုင်စွမ်း ရှိစေခဲ့လို့ အရှင်အဿဇိနဲ့ တွေ့ခွင့်ရပြီး တရားစစ် တရားမှန်ကို သိမြင်ခွင့် ရသွားကြတာပါ။

အာဇာနည် ယောကျ်ားမြတ်ဆိုတာ-

မှား မှန်အဖြစ်၊ စိစစ်ရဲစေ၊

မှား အမှန် ဝေဖန် သိရဲစေ။

မှား မှန် ဝေခွဲ ပြောရဲတတ်စေ၊

အမှားလှန် အမှန်ကျင့်ရဲစေ။ ဆိုတဲ့ "ရဲလေးချက်" နဲ့ ပြည့်စုံသူဖြစ်ရမယ်ဆိုတဲ့အတိုင်း အာဇာနည်များပီပီ အမှားကို ပယ်လှန်ပြီး အမှန်ကိုလက်ခံ ကျင့်သုံးနိုင်စွမ်း ရှိကြတယ်လို့ပဲ မှတ်ချက်ချရပါလိမ့်မယ်။

သာသနာ့လက်ရုံးနှစ်ဆူ ဖြစ်ကြမယ့် အာဇာနည်သူမြတ် နှစ်ဦးတို့ဟာ အမြိုက်တရားမှန်ကို သိရှိခံစားကြရတဲ့အခါ အောက်လူများကိုလည်း ထောက်ထားငဲ့ညှာ၊ ဆရာသမားကိုလည်း လေးစားကော်ရော် ပူဇော်တတ်တဲ့ အာဇာနည်ယောကျ်ားမြတ်များပီပီ ဥပတိဿပရိဗိုဇ်က "အဆွေတော်ကောလိတ. . . တပည့်ပရိဗိုဇ် ၂၅၀ တို့ဟာ

http://www.dhammadownload.com



ငါတို့ကို အမှီပြု အကဲခတ်ပြီးနေကြသူတွေ ဖြစ်ကြတဲ့အတွက် သူတို့ကိုလည်း ပန်ကြားပြောဆိုမှတော်မယ်။ ဒါမှသာ သူတို့ သဘောကျသလို ဆုံးဖြတ်ပြုလုပ်ခွင့်ရကြ ပေလိမ့်မယ်။ ပြီးတော့- ငါတို့ သိမြင်ရရှိထားတဲ့ အမြိုက်နိဗ္ဗာန်တရားမှန်ကို ငါတို့ရဲ့ဆရာကြီး သိဋ္ဌည်းပရိဗိုဇ်ကိုလည်း ပြောကြားကြဦးစို့၊ ဉာဏ်ရှိသူဖြစ်ရင်တော့ ဆရာကြီးလည်းတို့လိုပဲ အမှားကို ရဲရဲကြီး ပယ်လှန်ပြီး အမှန်ကို ဝံ့ဝံ့စားစား လက်ခံဖို့ မြတ်စွာဘုရားထံ လိုက်လာမှာပေါ့" လို့ တိုင်ပင် ပြောဆိုပါတယ်။

ပရိဗိုဇ်တို့နေရာကို ရောက်တဲ့အခါမှာတော့ တပည့်ပရိဗိုဇ် ၂၅၀ တို့က "အို . . . အရှင်တို့၊ ကျွန်ုပ်တို့က အရှင်တို့ အရိပ်အကဲကိုသာ အမြဲကြည့်နေကြသူတွေပဲဟာ။ အရှင်တို့နှစ်ဦး မြတ်စွာဘုရားထံမှာ အကျင့်မြတ်ကို ကျင့်သုံးကြမယ်ဆိုရင် ကျွန်ုပ်တို့အားလုံးလည်း အတူတူပဲ လိုက်ပြီးကျင့်သုံးကြမှာပေါ့" လို့ ပြန်ပြောကြပါတယ်။

သိဋ္ဌည်းဆရာကြီးကတော့ "အမောင်တို့ရဲ့ လောကမှာ လူမိုက်နဲ့ လူလိမ္မာ ဘယ်ဟာကများသလဲကွဲ့" လို့ မေးတယ်။ "လူမိုက်က များ ပြီး ပညာရှိက နည်းပါတယ်" ဆိုတော့ "ဒါဖြင့် လူလိမ္မာပညာရှိ တွေက ပညာရှိတဲ့ ရဟန်းဂေါတမဆီ သွားကြလိမ့်မယ်။ ပညာမဲ့ လူမိုက်တွေ ငါ့ဆီလာကြလိမ့်မယ်၊ အမောင်တို့သာ သွားကြ၊ ငါက တော့ ဘယ်နည်းနှင့်မှ မလိုက်နိုင်ဘူး။ လူမိုက်တွေရှိနေသမျှ ငါ့ အတွက်အလုပ်ဖြစ်မြဲ ဖြစ်နေမှာပဲ၊ ငါ့အတွက် ဘာမှမပူကြနဲ့" ဆိုပြီး ယတိပြတ် ပြောချလိုက်ပါတယ်။ ကိုယ့်ဇာတ်က မျောက်ပွဲပဲကနေနေ၊ ကိုယ့်ဇာတ်မှာ ဇာတ်အုပ်မင်းသားကြီးဖြစ်နေပြီးခါမှ သူများဇာတ်မှာ

http://www.dhammadownload.com



ကားဆွဲ သေတ္တာ ထမ်းအဖြစ်နဲ့ မလိုက်လိုတော့ဘူးဆိုတဲ့ မာနမျိုး ပေါ့။

လောကမှာ တုံးပေကတ်သတ် လူမိုက် (အန္ဓဗာလ) များဟာ-

မှား မှန်အဖြစ် စိစစ်ခဲသည်၊

မှား အမှန် ဝေဖန် သိခဲသည်။

မှား မှန် ဝေခွဲ ပြောခဲဘိသည်၊

အမှားလှန် အမှန်ကျင့်ခဲသည်။ ဆိုတဲ့ "ခဲ" လေးရပ်နဲ့ ငြိကပ်ပြီး ခဲဆိပ်သင့်ကာ ဒုက္ခရောက်ကြရမြဲ ဖြစ်တယ်ဆိုတဲ့ အတိုင်း အလောင်းတော်သူမြတ်နှစ်ပါးနဲ့ နောက်ပါ ပရိုဇ် ၂၅၀ တို့ မြတ်စွာ ဘုရားရှိရာ ဝေဠုဝန် ကျောင်းဆီ ထွက်သွားချိန်ကစပြီး ပရိုဇ်တို့ နေရာ အရံကြီးတစ်ခုလုံး ကျိုးနဲ့ဖုတ်ဖုတ်လို့ ဆိုရလောက်အောင် ဆိတ်သုဉ်းသွားချိန်မှာတော့ သိဥ္စည်းဆရာကြီးရင်ထဲမှာ မချိတင်ကဲ သောကမီးစွဲပြီး ခံတွင်းက သွေးပူပွက်ပွက် အန်ထွက်ပါသတဲ့။

ရဲစိတ်ပြည့်သူများဟာ ရဲစိတ်ကြောင့် ပြည့်စုံတင့်တယ် အေးချမ်း မှုကို ရကြပြီး ခဲဆိပ်သင့်သူက ခဲဆိပ်ကြောင့် မပြည့်စုံ မတင့်တယ်ဘဲ ပူပန်ဆင်းရဲရတဲ့ ဓမ္မတာနိယာမပါပဲ။

လက်ဝဲရံ လက်ယာရံ အလောင်းတော်နှစ်ဦးနဲ့ နောက်ပါ ပရိုဇ် ၂၅၀ တို့ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့ လောက်မှာ ဘုရားရှင်ရှိရာ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတိုက်ကို ရောက်ရှိကြလို့ ပရိသတ်အလယ်မှာ ထိုင်နေတော်မူတဲ့ ဘုရား ရှင်ကို ရှိခိုးဦးညွှတ်ကြပြီး ရဟန်းအဖြစ်ကို တောင်းခံတဲ့အတွက် အားလုံး "ဧဟိ ဘိက္ခု" ရဟန်းအဖြစ်ကို ရရှိကြပါတယ်။ စရိုက်နဲ့ လျော်ကန်

http://www.dhammadownload.com



မယ့် တရားဓမ္မကို တိုးချဲ့ဟောကြားတော်မူတဲ့ အဆုံးမှာတော့ နောက်လိုက်တပည့် ၂၅၀ တို့ အဲဒီတစ်ထိုင်တည်းနဲ့ပဲ အရဟတ္တ ဖိုလ်ပေါက် ရဟန္တာအဖြစ် ဆိုက်ရောက်ကြပါတယ်။

အဂ္ဂသာဝက အလောင်းအလျာ နှစ်ပါးတို့ကတော့ ကြီးမားတဲ့ မျိုးစေ့များ အပင်ပေါက်ခဲသလို ဒီတစ်ထိုင်မှာ အထက်မဂ်သုံးပါးထိ မရောက်ကြပါဘူး။ အဲဒီနောက် ခုနစ်ရက် အကြာမှာတော့ မဂဓ တိုင်း "ကလဝါလပုတ္တ" ဆိုတဲ့ ရွာငယ်လေးကို ဂေါစရဂံ (ဆွမ်းခံရွာ) ပြုလုပ်ပြီး ခုနစ်ရက်ပတ်လုံး စင်္ကြံကြွရင်း တရားအားထုတ်နေတဲ့ အရှင်မောဂ္ဂလာန်မထေရ်မြတ်က ပင်ပန်းနွမ်းနယ်လှတဲ့အတွက် စင်္ကြံစွန်းမှာ ငိုက်မျဉ်းနေတုန်း မြတ်စွာဘုရားရှင်ကြွလာပြီး-

"ချစ်သား - ငိုက်မျဉ်းခြင်းကို ဖြစ်စေမယ့် (၁) မအိပ်ရတာ ဘယ်လောက်တောင်ကြာခဲ့ပြီစတဲ့ အမှတ်သညာတို့ကို နှလုံးမသွင်းနဲ့၊ (၂) ဒီလိုနဲ့ အငိုက်မပြေရင် နာကြားပြီးတဲ့ တရားစာကို စိတ်နဲ့ နှလုံးသွင်း ရွတ်ဆိုနေ၊ (၃) ဒါနဲ့ မရသေးရင် နှုတ်ကနေ အသံထွက်ရွတ်နေ၊ (၄) ဒါနဲ့လည်း မရသေးဘူးဆိုရင် ကိုယ့်နားရွက် ကိုယ်ဆွဲလိမ်၊ (၅) ဒါနဲ့တောင် ငိုက်ချင်တုန်းဆိုရင် မျက်နှာသစ်ပြီး ဟိုဟိုဒီဒီနဲ့ နက္ခတ် တာရာတွေကို လှည့်ကြည့်၊ (၆) ဒါနဲ့မရရင် အလင်းရောင်ကို နှလုံး သွင်း မှတ်သားတဲ့ အာလောကသညာ ကမ္မဋ္ဌာန်းနဲ့ 'နေ့ခင်းကြောင် တောင်' ဆိုတဲ့ အမှတ်ကို ဆောက်တည်၊ (၇) ဒါနဲ့မှ မရရင်တော့ ရှေ့အကြောင်း နောက်အကြောင်းတွေကို စဉ်းစားရင်း စင်္ကြံသွား။ ဒါနဲ့မှမရရင်လည်း ထရမယ့်အချိန်ကို မှတ်သားပြီး ခဏလောက် သတိရှိရှိနဲ့ အိပ်လိုက်ပေါ့။ နိုးလာရင်တော့ ဟိုလူးဒီလှိမ့် ပျင်းကြော

http://www.dhammadownload.com



ဆွဲမနေဘဲ မြန်မြန်ထမယ်ဆိုပြီး နှလုံးသွင်းအားထုတ်ပါ” လို့ ဆုံးမပါတယ်။ အဲဒီနေ့မှာပဲ ဘုရားရှင်ပေးတဲ့ ခါတ်လေးပါး ကမ္မဋ္ဌာန်းကို နာကြားနှလုံးသွင်းပြီး အရဟတ္တဖိုလ်ပေါက် ရဟန်းကိစ္စ ပြီးမြောက်ပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကတော့ ရဟန်းဖြစ်ပြီး ၁၅ ရက်မြောက်တဲ့ တပို့တွဲ လပြည့်နေ့ရောက်မှ ဂိဇ္ဈကုဋ်တောင်၊ ဝက်တူးလိုင်မှာ တူတော်စပ်တဲ့ ဒီဃနခပရိဗိုဇ်အတွက် ဘုရားရှင်ဟောကြားတဲ့ ဝေဒနာပရိဂ္ဂဟသုတ် ခေါ် ဒီဃနခသုတ်ကို နာယူနှလုံးသွင်းရင်း ရဟန်းကိစ္စပြီးမြောက် အထွတ်အထိပ် (အရဟတ္တဖိုလ်) ရောက်ရှိခဲ့ပါတယ်။

ဒီနေရာမှာ မေးစရာရှိတာက ပကတိသာဝကတွေက တစ်ထိုင်တည်းနဲ့ ရဟန္တာဖြစ်တယ်။ လက်ဝဲရံက ခုနစ်ရက်ကြာမှ ရဟန္တာဖြစ်တယ်၊ ဉာဏ်ပညာအကြီးဆုံး အဂ္ဂသာဝကကြီးက ၁၅ ရက်ကြာမှ ရဟန္တာဖြစ်တယ်။ ဒါ ဘယ်လိုဖြစ်တာလဲ၊ ဘာ့ကြောင့်လဲ ဆိုတာပါပဲ။

အဖြေကတော့ “ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်” ဆိုသလိုပဲ အဆောင်အယောင် အခမ်းအနား ပြင်ဆင်ဖွယ်ရာ ကြီးကျယ်သူများက အထနှေးခြင်း ဖြစ်တယ်လို့ ဆိုရမှာပါပဲ။ ပကတိသာဝကများက နီဝရဏစတဲ့ ကိလေသာကုန်ရင် ပြီးစတမ်းဆိုပြီး မဂ်ဖိုလ်အသိရရုံပဲ ဝိပဿနာကို အလွယ်ကူဆုံး အကျဉ်းရုံးပြီး ရှုလို့မြန်တယ်။ လက်ဝဲရံမထေရ်မြတ်က ပကတိသာဝကတို့ထက် အသေးစိတ်တယ်။ သူ့သန္တာန်၊ ကိုယ့်သန္တာန်မှာရှိတဲ့ သင်္ခါရတရားတွေကို အစုံအစေ့မဟုတ်တောင် အတော်လေးစုံအောင် နှလုံးသွင်း

http://www.dhammadownload.com



လို့ ခုနစ်ရက်လောက်အထိ ကြာတယ်။ ပညာအသာဆုံးဖြစ်တဲ့ လက်ယာရံမထေရ်မြတ်ကတော့ ပညာကြီးသူပီပီ မိမိသန္တာန်မှာ ရှိတဲ့ သင်္ခါရတရား၊ သူတစ်ပါး သန္တာန်မှာရှိတဲ့ သင်္ခါရတရားတို့ကို အသေးစိတ် အစုံအစေ့ နှလုံးသွင်း ဆင်ခြင်တဲ့အတွက် ၁၅ ရက်အထိ ကြာတယ်လို့ အဋ္ဌကထာ ဆရာတော်ကြီးက ရှင်းပြပါတယ်။

လက်ယာရံမထေရ်မြတ်ကြီး ရဟန္တာဖြစ်တော်မူတဲ့နေ့မှာ-

(၁)တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊

(၂)ဥရုဝေလ ကဿပညီနောင် ရဟန်းတစ်ထောင်နဲ့ အဂ္ဂသာဝကကြီးတို့ အဖွဲ့ ရဟန်း ၂၅၀ အားဖြင့် ရဟန်းပေါင်း ၁၂၅၀ (တစ်ထောင့်နှစ်ရာ ငါးကျိပ်) တို့ ဘယ်သူကမှ မပင့်မဖိတ်ရဘဲ မိမိတို့ သဘောအလျောက် စုဝေးမိခြင်း၊


(၃)ရဟန်းအားလုံး ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ခြင်း၊

(၄) ရဟန်းအားလုံးပင် အဘိညာဉ်ခြောက်ပါးနဲ့ပြည့်စုံတဲ့ ဆဠာဘိညရဟန္တာချည်း ဖြစ်ခြင်းဆိုတဲ့ အင်္ဂါလေးပါးနဲ့

ပြည့်စုံတဲ့ သာဝကသန္နိပါတ (= သာဝက စုံညီ အစည်းအဝေးကြီး) ပြုတော်မူပြီး အဂ္ဂသာဝကကြီးနှစ်ပါးတို့ကို လက်ဝဲရံ လက်ယာရံအရာ အပ်နှင်းချီးမြှောက်ပါတယ်။ အဲဒီနေ့မှာပဲ ဘုရားတိုင်း မခွန့်မပယ် ပြုမြဲဖြစ်တဲ့ ဩဝါဒ ပါတိမောက်ခေါ် အပါယ်လွတ်ကြောင်း သာသနာ့အခြေခံ ဩဝါဒတရားကို မြွက်ကြား ဆုံးမတော်မူပါတယ်။

**အတွေးသစ်ဗျာနယ်၊ အတွဲ ၈၊ အမှတ် ၃၆၇။**

http://www.dhammadownload.com



http://www.dhammadownload.com

## အာဇာနည်တို့ လာရာလမ်း (၁၁)

## "ပန်းဝေဝေ စမ်းရေလမ်းက မြန်းချိန်သင့် ပြည်ကဗ္ဗိ"

ဂေါတမ ဘုရားအလောင်းတော် နိယတဗျာဒိတ်ခံယူတဲ့ ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူရာ သာရမဏ္ဍ ကမ္ဘာကစလို့ ပွင့်တော်မူသမျှ ဘုရားရှင်တို့ရဲ့ သာသနာတော်မှာ ဓမ္မာဘိသမယခေါ်တဲ့ တရားပွဲကြီး သုံးကြိမ်စီ ထင်ရှားရှိခဲ့သလို ယခုလက်ရှိ ကျွန်ုပ်တို့ ကိုးကွယ်ရာ သဗ္ဗညုဘုရားရှင် သာသနာတော်မှာလည်း အထူးခြားဆုံး တရားပွဲကြီးများအဖြစ် မှတ်တမ်းဝင်တဲ့ တရားပွဲကြီး သုံးကြိမ် ရှိပါတယ်။ တရားဦးဓမ္မစကြာတရားပွဲရယ်၊ မဟာမင်္ဂလာ အခါတော်နေ့လို့ သတ်မှတ်ခံရတဲ့ မင်္ဂလသုတ် တရားပွဲရယ်၊ နောက်တစ်ခါ သားတော်ရာဟုလာကို အရဟတ္တဖိုလ်ပေါက် ချီးမြှောက်ဟောကြားတဲ့ စူဠရာဟုလောဝါဒသုတ် တရားပွဲကြီးရယ်တို့ ဖြစ်ပါတယ်။ ဒီတရားပွဲကြီးတွေမှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ မရေမတွက်နိုင်လောက်အောင် တရားသိမြင် ကျွတ်တန်းဝင်ခဲ့ကြတဲ့အတွက် ထူးခြားတဲ့ "ဓမ္မာဘိသမယ=တရားအခါတော်ကြီးများ" လို့ သတ်မှတ်ကြရတာပါ။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



ဒီလို တရားပွဲကြီးသုံးကြိမ် ထူးထူးခြားခြား မှတ်တမ်းဝင်သလို သာဝကစုံညီစုဝေးတဲ့ သာဝကသန္နိပါတ တစ်ကြိမ်ကလည်း ထူးထူးခြားခြား မှတ်တမ်းဝင်ပါတယ်။ ဒီစည်းဝေးပွဲကြီးကို လက်ဝဲရံ လက်ယာရံတို့ ရဟန္တာဖြစ်ပြီးတဲ့ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပို့တွဲ လပြည့်နေ့မှာ ပြုလုပ်ပါတယ်။ ဒီစည်းဝေးပွဲကြီးမှာပဲ ထိန်းသိမ်းစောင့်ရှောက်လိုက်နာသူ မှန်သမျှတွေကို အပါယ် ဒုဂ္ဂတိဘေးက လွတ်မြောက်စေတတ်တဲ့ 'ပါတိမောက်' လို့ အမည်ရတဲ့ ဩဝါဒထူးကိုလည်း ချမှတ်တော် မူပါတယ်။

ဘုရားရှင်ကိုယ်တော်တိုင် ရဟန်းတော်များကို တိုက်ရိုက်ဆုံးမတဲ့ ဩဝါဒဖြစ်လို့ ဩဝါဒပါတိမောက်လို့ ခေါ်ပါတယ်။ သာသနာတော်နဲ့ မသင့်မလျော်တဲ့ အပြောအဆို၊ အပြုအမူများ တွေ့ကြုံရတဲ့ အခါမှာ ဘုရားရှင်အာဏာတော်နဲ့ အာပတ် (အပြစ်) အဆင့်အတန်း သတ်မှတ်ပညတ်ပြီး ရဟန်းတော်များ ကျက်မှတ်လိုက်နာရတဲ့ ဝိနည်းသိက္ခာပုဒ်များကိုတော့ အာဏာ ပါတိမောက် ခေါ်ပါတယ်။ အပါယ်ကာကွယ်ရေး စည်းကမ်းများပါပဲ။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ဆုံးမတဲ့ ဩဝါဒပါတိမောက်တော်မှာ သာသနာတော်နဲ့ ဆက်စပ်သမျှ နတ်ပြဟ္မာများ အပါအဝင် ရဟန်းရှင်လူအားလုံးအတွက် အပါယ်လွတ်ကြောင်း အခြေခံသုံးချက် ပါဝင်ပါတယ်။

"သဗ္ဗပါပဿ အကရဏံ=မကောင်းမှု မှန်သမျှ မပြုလုပ်ရ၊ ကုသလဿဥပသမ္ပဒါ=ကုသိုလ်တရားကို ပြည့်စုံအောင်ကြိုးစား၊ သစိတ္တ ပရိယောဒပနံ=မိမိစိတ်ကို စင်ကြယ်အောင် စောင့်ထိန်းရမယ်" ဆိုတာပါပဲ။

http://www.dhammadownload.com



ဒီအချက်သုံးချက်နဲ့အညီ ကျင့်သုံးနေထိုင်မယ်ဆိုရင် အမျိုးဘာသာ သတ္တဝါမရွေး အားလုံး အပါယ်ဘေးက ကင်းဝေးလွတ်မြောက် ချမ်းသာရောက်စေတတ်လို့ 'ပါတိမောက်' လို့ ခေါ်ရတာပါ။

တခြားသြဝါဒ ဂါထာနှစ်မျိုးလည်း ပါပါသေးတယ်။ ဒီအချက်သုံးချက်ကတော့ သာသနာတော်ရဲ့ အခြေခံမူ သုံးချက်လို့ပဲ ဆိုရပါလိမ့်မယ်။

ဒီအချက်သုံးချက်မှာ-

"မကောင်းမှုမှန်သမျှ မပြုရ" ဆိုတဲ့ အချက်ဟာ သီလသိက္ခာဖြစ်ပြီး အကျယ်ချဲ့ ဟောတဲ့အခါ တရားပုဒ်စုပေါင်း နှစ်သောင်းတစ်ထောင်ရှိတဲ့ ဝိနည်းပိဋကတ်တော်ကြီး ဖြစ်လာပါတယ်။

"ကုသိုလ်တရားကို ပြည့်စုံအောင် ကြိုးစားကြ" ဆိုတဲ့ အချက်က သမာဓိသိက္ခာဖြစ်ပြီး အကျယ်ချဲ့ဟောတဲ့အခါ တရား ပုဒ်စုပေါင်း နှစ်သောင်းတစ်ထောင်ရှိတဲ့ သုတ္တန်ပိဋကတ်ကြီး ဖြစ်လာတယ်။

"မိမိစိတ်ကို စင်ကြယ်အောင် စောင့်ထိန်းရမယ်" ဆိုတဲ့ အချက်က ပညာသိက္ခာ ဖြစ်ပါတယ်။ အကျယ်ချဲ့ဟောလိုက်တဲ့အခါ တရားပုဒ်စု (ဓမ္မခန္ဓာ)ပေါင်း လေးသောင်းနှစ်ထောင်ရှိတဲ့ အဘိဓမ္မာပိဋကတ်ကြီးရယ်လို့ ဖြစ်လာပါတယ်။ ဒါက ပညာရှင်တို့ရဲ့ မှတ်ချက်စကားပါ။

■

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့ကို ရောက်တဲ့ မဟာသက္ကရာဇ် ၁၀၃ ခု၊ ပြာသို လပြည့်ကျော်လောက်ကတည်းက ဖွားရာ ဌာနေ ကပိလဝတ္ထုပြည်မှာရှိတဲ့ ခမည်းတော်သုဒ္ဓေါဒနမင်းတရားကြီးက "သားတော်ဘုရား ဝေနေယျအများကို တရား အမြိုက်ဆေးတွေနဲ့

http://www.dhammadownload.com



တိုက်ကျွေးရင်း သေဘေးလွတ်တဲ့ အကျွတ်ပွဲကြီးသဘင် နေ့စဉ်နေ့တိုင်း ဆင်ယင်ကျင်းပနေတယ်" ဆိုတဲ့ မသေသတင်းတွေကို မပြတ်ကြားသိနေရလို့ . .

သားဘုရားကို ပြည်တော်ပြန်ကြွရေး ပင့်လျှောက်ပေးဖို့ အမတ်တစ်ယောက်ကို နောက်ပါတစ်ထောင်အခြံအရံနဲ့ စေလွှတ်ခဲ့တာ ကိုးကြိမ်လောက်ရှိသွားပြီ၊ ဘုရားရှင်ထံမှောက် ရောက်သွားကြတဲ့ ခေါင်းဆောင်နဲ့ နောက်လိုက်အားလုံးပဲ ဘုရားရှင်နဲ့တွေ့လို့ တရားတော် နာကြားပြီးတိုင်း ရဟန်းအဖြစ်ကို တောင်းခံကြလို့ "ဧဟိဘိက္ခု" ရဟန်းတော်တွေ ဖြစ်ကြပြီး အရဟတ္တဖိုလ်ပေါက် ရဟန္တာတွေ ဖြစ်ကုန်ကြတော့လည်း လောကီရေးတွေကို လျစ်လျူရှုသွားကြလို့ မင်းကြီးစေလွှတ်တဲ့ သတင်းစကားကို ဘုရားရှင်ထံ မလျှောက်ထားမိတော့ဘဲ အရဟတ္တဖိုလ်တရားနဲ့ပဲ မွေ့လျော်နေကြတော့တယ်။

တစ်ကြိမ်လွှတ်လည်း ပြန်မလာ၊ တစ်ကြိမ်လွှတ်လည်း ပြန်မလာနဲ့ သုဒ္ဓေါဒနမင်းကြီးရဲ့ ရင်ထဲမှာလည်း အသည်းတယားယား ရင်တဖိုဖို ဆိုရလောက်အောင် သိပ်ကိုအရေးကြီးလှပြီ။ မလာလေကြာလေနဲ့ စိတ်မရှည်နိုင်သလို ဖြစ်လို့လည်း အကြိမ်ကြိမ် လွှတ်ခဲ့တာလည်း သားဘုရားရဲ့ ဖွားဖက်တော် ကာဠုဒါယီလို အတိုင်ပင်ခံတရင်းတနှီးအမတ်တချို့လောက်ပဲ ကျန်တော့တယ်။

ဘာဖြစ်လို့ ခမည်းတော်ကြီးစိတ်ထဲမှာ ဒီလောက်တောင် ကြိတ်မနိုင်ခဲမရ ဖြစ်လောက်အောင် အရေးကြီး ဗျာများနေရတာလည်းဆိုတော့ "အိုမင်းလှပြီဖြစ်လို့နေချိန်လက်ကျန်အချိန်ကနည်းမှန်းမသိနည်းလာပြီဖြစ်လို့" ပါပဲ။

http://www.dhammadownload.com



ဟုတ်ပါတယ်၊ သားတော်မွေးဖွားချိန် မယ်တော်မာယာရဲ့ အသက်နဲ့ပတ်သက်လို့ 'ဆပညာသ၊ ငါးမာသဝယ်၊ လေးရက်ပယ်၊ အကယ်မရွက်၊ မယ်တော်သက်" လို့ မုံရွေးဇေတဝန်ဆရာတော် ရေးစပ်ခဲ့သလို သိဒ္ဓတ္ထမင်းသားမွေးဖွားချိန်မှာ မယ်တော်ရဲ့ အသက်က ငါးဆယ့်ခြောက်နှစ်နဲ့ ငါးလလေးရက်လျော့ အရွယ် ရောက်နေပြီ ဆိုတော့ ခမည်းတော်ကြီးရဲ့ အသက်ကလည်း မယ်တော်ထက်ကြီးဖို့ပဲရှိတယ်။ ဘယ်နည်းနဲ့မှ မငယ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သာကီမျိုးနွယ်တို့ဟာ မောင်က အစ်မကို ထိမ်းမြားလက်ဆက်ပြုရိုး ထုံးစံမရှိလို့ပါပဲ။ အခု သားဘုရားက သက်တော် ၃၆ နှစ် ပြည့်တော့မယ်ဆိုတော့ ခမည်းတော်ကြီးရဲ့ အသက်က အနည်းဆုံး ၉၂ နှစ် ကျော်နေပြီလေ။

အရွယ်ကောင်းစဉ်ကတော့ မင်းစည်းစိမ် မင်းအာဏာဟာ အရာရာကို ပြီးပြည့်စုံစေနိုင်တယ်လို့ ထင်မှတ်ခဲ့ပေမယ့် အခုတော့ ဇရာမရဏဆိုတာ မင်းအာဏာနဲ့ တားဆီးလို့မရနိုင်ဘူးဆိုတာ ကိုယ်တွေ့ကြုံလို့ ကိုယ်ယုံသိခဲ့ပြီ။ ဒီလိုအချိန်မှာ သားဘုရားရှာဖွေ ရရှိထားပြီဆိုတဲ့ မသေရာအမြိုက်ဆေးကို သောက်သုံးလိုတဲ့ ဆန္ဒက သားတော်ကိုတွေ့ချင်တဲ့ ဆန္ဒထက် အဆအရာမက ပြင်းပြနေ လောက်ပြီ။ "ဘေးပွဲကြုံလို့ အေးသဲထုံ" ဖြစ်ချိန်မှာ အားကိုးရာ ရှာရေးက အရာရာထက်အရေးကြီးလာတော့တာပေါ့။

နောက်ဆုံးဖွားဖက်တော် ကာဠုဒါယီ အမတ်ကိုစေလွှတ်ရာမှာ တော့ "ချစ်သား ကာဠုဒါယီ- သင်ဟာ ရဟန်းပြုသည်ဖြစ်စေ၊ မပြု သည်ဖြစ်စေ ငါ့သားတော်ဘုရားကိုတော့ ဖူးမြင်ခွင့်ရအောင် ရှက်ဆောင်ကြိုးကုတ်ပေးပါ" လို့ ဝန်ခံကတိပြုစေပြီး စေလွှတ်လိုက်

http://www.dhammadownload.com



ပါတယ်။ ကာဠုဒါယီအမတ်နဲ့ နောက်ပါတစ်ထောင်တို့လည်း ဘုရားရှင်ထံ ရောက်တဲ့အခါ အရင့်အရင် အမတ်များနည်းတူ ရဟန်းအဖြစ်ရရှိပြီး ရဟန္တာတွေဖြစ်ကြပါတယ်။ ရာသီသမယအား ဖြင့်တော့ ဆောင်းအကုန်နွေအကူး ရာသီလို့ ဆိုရမယ့် တပေါင်း လဆန်း ၈ ရက် လောက်မှာပါ။

ရဟန်းဖြစ်ပြီး တစ်ပတ် (၇ ရက်) လောက်အကြာ တပေါင်းလ ပြည့် အခါသမယမှာတော့ အရှင်ကာဠုဒါယီမထေရ်က (ဖေဟိဘိက္ခု ရဟန်းတော်များဟာ ရဟန်းအဖြစ် ရောက်တာနဲ့တစ်ပြိုင်နက် ဝါတော်ခြောက်ဆယ် မထေရ်ကြီးများအသွင်ဖြစ်ကြလို့ မထေရ်လို့ပဲ ပြောဆိုသုံးစွဲပါတယ်) အခုလို ဆောင်းအကုန် နွေကူးရာသီဟာ ကောက်ပဲသီးနှံတွေလည်း ရိတ်သိမ်းပြီးကြပြီ၊ လယ်ယာစိုက်ခင်းများ ခြံစည်းရိုးတို့ ပိတ်ဆို့ခြင်းမရှိတော့တဲ့အတွက် ခရီးလမ်းလည်း ဖြောင့် တန်းပြီး ခရီးလမ်းမြေဟာ အစိုလည်း ခန်းပြီး၊ အခြောက်လည်း မလွှမ်းကြသေးလို့ စိမ်းလန်းတဲ့ မြက်ခင်းပြင်များနဲ့ အပူရှိန်ကို ကာကွယ်ထားဆဲဖြစ်တယ်။ လမ်းခရီးဝဲယာ နှစ်ဖက်တို့မှာလည်း ရွက်ဟောင်းတွေကြွေပြီးလို့ ရွက်သစ်များနဲ့အတူ အပွင့်အဖူးတွေနဲ့ ဝေစည်အေးမြပြီး အနံ့လည်း သင်း၊ အဆင်းလည်းလှ၊ အရိပ်လည်း အေးမြတဲ့ အခါသမယဖြစ်သလို စမ်းရေတွေလည်း မခန်းမခြောက် သေးချိန်ဖြစ်လို့ ချိုးရေသောက်ရေလည်း ပြည့်စုံချိန်ဖြစ်တယ်။ ကောက်ပဲသီးနှံပေါ်ဦးစမို့ ကျေးလက်ဒေသတွေမှာ ရိက္ခာလည်း ပေါများချိန်ဖြစ်တဲ့အတွက် ဆွမ်းခံရွာလည်း အခက်အခဲမရှိနိုင် ကြောင်း ခရီးလမ်းကြောင်းရဲ့ ကောင်းမွန်ပုံတို့ကို စဉ်းစားသုံးသပ်ပြီး

http://www.dhammadownload.com



မြတ်စွာဘုရားရှင်ထံမှောက်မှာ ဂါထာပေါင်းခြောက်ဆယ်ကျော်တို့နဲ့ ကပိလဝတ်ပြည်တော်ကို ကြွရောက်ဖို့အကြောင်း ခရီးလမ်းကြောင်း သာယာချောမွေ့ပုံကို ချီးမွမ်းပြီး လျှောက်ထားပါတော့တယ်။

ကာဠုဒါယီမထေရ်မြတ်က အလျှောက်ကောင်းသလို ဘုရားရှင် ကိုယ်တော်တိုင်ကလည်း လောကတ္ထစရိယ ချီးမြှောက်မှု အတော် အသင့် ပြီးပြည့်စုံပြီဖြစ်လို့ ခမည်းတော်နဲ့ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်တဲ့ ဉာတတ္ထစရိယ အချိန်ကျရောက်ပြီဖြစ်တာမို့ အင်္ဂတိုင်း၊ မဂဓတိုင်းသား ရဟန္တာတစ်သောင်းနဲ့ ကပိလဝတ်ပြည်သား ရဟန္တာ တစ်သောင်းတို့ ခြံရံပြီး မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်း လပြည့် ကျော် ၁ ရက်နေ့မှာ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်ကနေ ကပိလဝတ္ထုပြည်အထိ ယူဇနာ ခြောက်ဆယ်ခရီးကို တစ်နေ့မှာ တစ်ယူဇနာနှုန်းနဲ့ အတုရိက ဒေသစာရီခေါ် ဖြည်းဖြည်းအေးအေး ကြွမြန်းခြင်းဖြင့် ခရီးလမ်းတစ်လျှောက်ရှိ ဝေနေယျအပေါင်းတို့ကို ချီးမြှောက်ရင်း ကြွချီတော်မူခဲ့ပါတယ်။

တစ်ယူဇနာရောက်လို့ ခရီးတစ်ထောက်နားတိုင်း ကာဠုဒါယီ မထေရ်မြတ်ကလည်း သုဒ္ဓေါဒနမင်းကြီးရဲ့ နန်းတော်ကို အဘိညာဉ် ခရီးနဲ့ကြွပြီးဆွမ်းခံရင်းဘုရားရှင်ရဲ့ခရီးစဉ်ကိုနေ့စဉ်မပြတ် မိန့်ကြား ပါတယ်။ သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီ မထေရ်မြတ်ကို ဆွမ်း ခဲဖွယ်များ ဆက်ကပ်ပြီး သားတော်ဘုရားအတွက်ပါ လှူဒါန်းလိုက်တဲ့ အတွက် လမ်းခရီးတစ်လျှောက်မှာ ဘုရားရှင်ဟာ ခမည်းတော်ကြီး ဆက်ကပ်တဲ့ ဆွမ်းကိုပဲ ဘုဉ်းပေးခဲ့ရပါတယ်။

ကာဠုဒါယီမထေရ်မြတ်ဟာ နေ့စဉ်နေ့တိုင်း ကပိလဝတ္ထုကို ဆွမ်းခံကြွရောက်ပြီး ဘုရားရှင်အတွက် ခမည်းတော်ကြီးရဲ့ဆွမ်းကို

http://www.dhammadownload.com




သယ်ဆောင်ခဲ့ရုံမျှမကဘူး နန်းတော်တွင်း ရောက်တိုင်းရောက်တိုင်း ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးနဲ့စပ်တဲ့ တရားစကားတွေကို ဟောပြောပြလို့ သာကီဝင်မင်းမျိုး တစ်မျိုးလုံး ဘုရားရှင်ကို မဖူးမြင်ရမီကဘဲ ဘုရားရှင်အပေါ်မှာ ကြည်ညိုသဒ္ဓါ ဖြစ်ပွားခဲ့ကြပါတယ်။

ဒါကြောင့်လည်း နောင်အခါ ဧတဒဂ်ဘွဲ့ထူးတွေ နှင်းအပ်တဲ့အခါ ကာဠုဒါယီမထေရ်မြတ်ကို ကုလပ္ပသာဒ ဧတဒဂ် (ဆွေတော်မျိုးတော်တို့ ဘုရားရှင်ကို ကြည်ညိုစေတတ်သူ) ဘွဲ့ထူးကို နှင်းအပ်တော် မူပါတယ်။

**အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၆၉။**

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

# အာဇာနည်တို့ လာရာလမ်း (၁၂)

မြတ်စွာဘုရားရှင်နဲ့ နောက်ပါရဟန္တာ နှစ်သောင်းတို့ ရာဇဂြိုဟ်ကနေ ကပိလဝတ္ထုပြည်အထိ ယူဇနာ ၆၀ ဝေးတဲ့ခရီးကို တပေါင်းလပြည့်ကျော် ၁ ရက်နေ့ကစပြီး တစ်နေ့ တစ်ယူဇနာစီ ဖြည်းဖြည်းမှန်မှန် ကြွချီတော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၄ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှာ ကပိလဝတ် နေပြည်တော်ကို ရောက်ရှိပါတယ်။ ဖွားရပ်ဌာနီကခွဲခွာ တောထွက်တော်မူခဲ့ပြီး ခြောက်နှစ်တိတိဥရုဝေလတောမှာ ဒုက္ကရစရိယာကျင့်ရင်း အချိန်ကုန်လွန်ခဲ့တယ်။ ဘုရားဖြစ်ပြီးတော့ မိဂဒါဝုန်မှာ ပထမ ဝါကပ်တော်မူခဲ့ပြီး ဒေသစာရီခရီး စတင်ခဲ့တာဖြစ်လို့ ခုနစ်နှစ် တင်းတင်းပြည့်တဲ့ အချိန်မှာ ပြည်တော်ကို ပထမဆုံး ပြန်လည် ရောက်ရှိတယ်လို့ ဆိုရမှာပါ။

မြတ်စွာဘုရားရှင် မွေးရပ်ဌာနီဆီစတင်ပြီး ကြွချီတော်မူလာပြီဆိုကတည်းက ဘုရားရှင်နဲ့ နောက်ပါ သံဃာတွေအတွက် သီတင်း

http://www.dhammadownload.com



သုံး နေထိုင်ဖို့ သင့်လျော်အဆင်ပြေမယ့် နေရာကို သာကီဝင်မင်းတို့ စည်းဝေးတိုင်ပင်ကြပြီး မြို့နဲ့ မနီးလွန်းမဝေးလွန်းခြင်း၊ အရိပ်စမ်းရေ ပြည့်စုံခြင်း၊ သွားလမ်းလာလမ်း အဆင်ပြေခြင်း၊ အလိုရှိသူတိုင်း သွားရောက်ဖူးမြော်ဖို့ လွယ်ကူခြင်း၊ အသံဗလံ ဆိတ်ငြိမ်ခြင်းဆိုတဲ့ အင်္ဂါငါးရပ်နဲ့ ပြည့်စုံတဲ့ နိဂြောဓမင်းသားပိုင် ဥယျာဉ်ကြီးကို ကျောင်းတော်အဖြစ် သတ်မှတ် ဆုံးဖြတ်ပြီး နေရာထိုင်ခင်း ပြုဖွယ်ကိစ္စများ အပြည့်အစုံ ပြုပြင်စီရင်ထားကြပါတယ်။

ဆိုက်ရောက်လာတော့မယ်ဆိုတဲ့နေ့ ရောက်တဲ့အခါ ကြိုဆိုဖူး မြော်ကြဖို့ အစီအစဉ် ပြုလုပ်တဲ့အခါမှာတော့-

(က)မြို့နေလူထုအားလုံးတို့ရဲ့ အဆင်တန်ဆာ ပြည့်စုံတင့်တယ် အောင် ဆင်ယင်ထားတဲ့ သားငယ် သမီးငယ်လေးများကို ရှေ့ဆုံးတန်းက နေရာချထားကြပါတယ်။

(ခ) ကလေးငယ်တို့ရဲ့နောက်နားမှာတော့ အဆင်တန်ဆာ အပြည့်အစုံ ဆင်ယင်ထားတဲ့ လူရွယ်လူလတ် မင်းသား မင်းသမီးများကို နေရာယူကြစေတယ်။

(ဂ) အဲဒီရဲ့နောက်ဆုံးမှာမှ သာကီဝင်မင်း လူကြီးပိုင်း ပုဂ္ဂိုလ် များက အခြားမရှိနေရာယူကြပြီး ပန်းနံ့သာ စတဲ့ ပူဇော်စရာ များ ကိုင်ဆောင်ကာ ဘုရားရှင်နဲ့ နောက်ပါသံဃာများကို ကြိုဆိုပင့်ဆောင်ကြပါတယ်။

ရည်ရွယ်ချက်ကတော့ သာကီဝင်မင်းများဟာ ဇာတိမာန် ခက်ထန် ထောင်လွှားကြသူများပီပီ "သိဒ္ဓတ္ထမင်းသားဟာ ငါတို့ရဲ့ တူသား မြေးငယ်မျှသာဖြစ်တယ်၊ သာကီမျိုးတို့ ထုံးတမ်းအရ အမျိုး အနွယ်တူရင် ကြီးသူကို ငယ်သူကသာ အရိုအသေပေးရမြဲ ဖြစ်

http://www.dhammadownload.com



တယ်။ တခြားတစ်ဖက်က စဉ်းစားပြန်ရင်လည်း ရာဇဂြိုဟ် ပြည်သား တွေက ဘုရင်ဗိမ္ဗိသာရမင်းကြီးပါမကျန် ဘုရားရှင်ကို အရိုအသေ ရှိခိုး ကြိုဆိုကြတာကလည်း ရှိနေလေတော့ သာကီဝင်မင်းများက ရှိခိုးဦးတင် မကြိုဆိုပြန်ရင်လည်း အများပြောစမှတ် ဖြစ်ပြန်ဦးမယ်။ ဒီတော့ ငယ်ရွယ်တဲ့ မင်းသားမင်းသမီးများကသာ ရှိခိုးဦးတင်ပြုကြ။ လူကြီးများကတော့ နောက်နားကပဲ ရောင်ပြယောင်ဝါး နေကြမယ် ဆိုတဲ့ သဘောပါပဲ။

မြတ်စွာဘုရားရှင်က သာကီဝင်မင်းတို့ရဲ့ နှလုံးသွင်းဆန္ဒကို သိ တော်မူတဲ့အတွက် "ငါ့ရဲ့ ဆွေတော်မျိုးတော်များဟာ အသံသာ ပြင်းပြီး အဆန်ကင်းတဲ့ မာနအိုးအိုကြီးများအဖြစ်နဲ့ အချည်းနှီး အိုမင်းကြပြီ၊ ဒီမာနအိုး အိုကြီးတွေကို ရိုက်ခွဲပြီး ဒေသနာမိုးနဲ့ ဆေးကြောသုတ်သင်မှ ဖြစ်တော့မယ်" လို့ နှလုံးသွင်းပြီး တန်ခိုး အဘိညာဉ်နဲ့ ကောင်းကင်မှာ ရတနာစင်္ကြံကို ဖန်ဆင်းရင်း စင်္ကြံ ကြွကာ တန်ခိုးပြာဋိဟာများကိုပြပြီးမှ ခမည်းတော် ဘုရင်ကြီး ကိုယ်တိုင်က-

"သားတော်ဘုရား . . ခမည်းတော်ဟာ သားတော်ဖွားမြင်တဲ့ နေ့က ဒေဝိလရှင်ရသေ့ရဲ့ ဦးခေါင်းထက်ကို ပျံတက်ပြီး ရပ်တည် ပြခဲ့တာကို တွေ့မြင်ရလို့ ပထမအကြိမ် ရှိခိုးဦးညွှတ်ခဲ့ဖူးပါပြီ။ လယ်ထွန်မင်္ဂလာဆင်ယင်တဲ့နေ့ကလည်း သပြေရိပ်မှာ အိပ်စက်နေ တဲ့ အရှင့်သားအပေါ်မှာ သပြေရိပ်က မရွေ့မရှား ဖုံးအုပ်ထားတဲ့ အံ့ဩဖွယ်ကြောင့် အရွယ်ကြီးတဲ့ ဝယမာန် အစွယ်ကျိုးပြီး နှစ်ကြိမ် မြောက် ရှိခိုးခဲ့ဖူးပါပြီ။ အခုလည်း ထူးကဲအံ့ဖွယ်ရာ သားတော်ရဲ့

http://www.dhammadownload.com



ဘုန်းတေဇာကြောင့် သားတော်ရဲ့ခြေအစုံကို ဦးခိုက်ရှိခိုးပါတယ် ဘုရား" လို့ ပြောဆိုပြီး ရှိသေမြတ်နိုး ရှိခိုးကန်တော့လိုက်တဲ့ အခါမှာတော့ သာကီဝင်မင်း တစ်ယောက်မကျန် မာန်ကိုလျှော့ပြီး ရှိခိုးကန်တော့ကြပါတော့တယ်။

အဲဒီအချိန်မှာပဲ လက်ဝဲရံ လက်ယာရံ မထေရ်မြတ်တို့လည်း ကြွရောက်လာကြပြီး လက်ယာရံမထေရ်မြတ်က လျှောက်ထား တောင်းပန်တဲ့အတွက် ဘုရားရှင်တို့ရဲ့ ဖြစ်တော်စဉ် ဗုဒ္ဓဝင်ကို ဟောကြားတော်မူပါတယ်။ ဒေသနာအဆုံးမှာ စိုစွတ်လိုသူကို စိုစွတ်စေပြီး၊ မစိုစွတ်လိုသူတို့အပေါ်မှာ မိုးရေတစ်ပေါက်မျှတောင် မကျရောက်စေတဲ့ "ပေါက္ခရဝဿ" မိုးကြီးရွာသွန်းချလိုက်တဲ့ အခါမှာတော့ မာနအိုးများ ပြိုကွဲယိုကျ စင်ကြယ်ကြပြီး ချီးမွမ်းအံ့သြ ဖြစ်ကုန်ကြပါတယ်။ ဆွေတော်မျိုးတော်တို့ အပေါ် ပေါက္ခရဝဿမိုး ရွာသွန်းစေခဲ့ဖူးပုံနဲ့ ပတ်သက်ပြီး ဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောကြားပြီးတဲ့ အခါမှာတော့ အားလုံးပဲ နှုတ်ဆက်ထပြန်ကြ ပါတယ်။

အစွဲဥပါဒါန်အားလုံး ကင်းစင်တော်မူပြီးတဲ့ ဘုရားရှင်နဲ့ ရဟန္တာ အရှင်မြတ်တို့မှာ "ဗောဓနေယျဗန္ဓု" လို့ ခေါ်တဲ့ သစ္စာတရား ထိုးထွင်းသိဖက် ဆွေမျိုးသာရှိတယ်၊ သွေးသားအမျိုးဇာတ်တို့အရ တော်စပ်တဲ့ ဇာတိဗန္ဓုဆိုတာမရှိဘူးဆိုတာ မသိတတ်သေးတဲ့ ခမည်း တော်ကြီးကလည်း "ငါတို့အရပ် ရောက်လာတဲ့ ငါ့သားတော်ဟာ တခြားသွားစရာမှ မရှိဘဲ၊ ဆွမ်းချိန်ရောက်ရင် ငါ့နန်းတော် ကြွလာ မှာပေါ့" ဆိုတဲ့အတွေးနဲ့ ဘာမှပင့်ဖိတ်လျှောက်ထားခြင်း မပြုဘဲ

http://www.dhammadownload.com



ထပြန်ခဲ့ပြီး နန်းတော်ရောက်မှ ဘုရားရှင်နဲ့ နောက်ပါ ရဟန္တာနှစ်သောင်းတို့အတွက်ပါယာဂုဆွမ်းစသည်စီရင်ပြီးနေရာထိုင်ခင်းပါ အသင့်ပြင်ရင်း စောင့်နေပါတော့တယ်။

နောက်တစ်နေ့ ဆွမ်းခံချိန် ကပိလဝတ် မြို့တော်ထဲ ကြွတော်မူတဲ့အခါမှာလည်း သပိတ်ကို စောင့်ကြိုယူပြီး ပင့်ဆောင်မယ့်သူ ဆွေတော် မျိုးတော်တစ်ယောက်မျှ ပေါ်မလာတဲ့အတွက် ရှေးရှေးနောင်တော့်နောင်တော် ဘုရားရှင်တို့ ထုံးကို နှလုံးမူကာ မြို့တံခါး အဝင်ဝ အစွန်ဆုံး အိမ်ကစပြီး အိမ်စဉ်အတိုင်း ဆွမ်းခံ လှည့်လည်တော် မူပါတယ်။

"ငါတို့အရှင် သိဒ္ဓတ္ထမင်းသား ဆွမ်းခံလှည့်လည်တော်မူသတဲ့" ဆိုတဲ့ သတင်းစကား တစ်မြို့လုံးပျံ့နှံ့သွားတဲ့အခါမှာတော့ အိမ်တံခါးတွေ ဖွင့်ကြပြီး သူ့ထက်ငါ အလုအယက် တိုးဝှေ့ဖူးမြော်ကြပါသတဲ့။ အဲဒီအထဲမှာ ရာဟုလာမယ်တော် ယသော်ဓရာ မိဖုရားကတော့ သားတော်ကို လက်ကဆွဲရင်း "အရှင်က မင်းခမ်းမင်းနားနဲ့ ရွှေထမ်းစင်စီးပြီး လှည့်လှည်ခဲ့ရာက အခု ဆံမုတ်ဆိတ်ရိတ်ပယ်ပြီး ဦးပြည်း ခေါင်းတုံးကြီးနဲ့ ဖန်ရည်ဆိုးတဲ့ အဝတ်ကြီးဝတ်လို့ သပိတ်ခွက်ကြီးလည်း လက်က ကိုင်ဆွဲလို့ ဆွမ်းခံလှည့်လည်တယ်ဆိုတော့ ရှေးကလို တင့်တယ်ပါဦးတော့မလား" ဆိုတဲ့ အတွေးနဲ့ ခြသေ့်ခံလေသာ ပြတင်းကနေ ကြည့်လိုက်တဲ့အခါ- လက္ခဏာကြီးငယ် အသွယ်သွယ် ရောင်ခြည်တော် ခြောက်သွယ်တို့နဲ့ တင့်တယ်တော်မူလှတဲ့ ဘုရားရှင်ကို ဖူးမြင်လိုက်ရတဲ့အခါ ကြည်နူးမှုအဟုန်တို့က ရင်ထဲမှာသိမ်းဆည်း မထားနိုင်လောက်အောင် ဖြစ်ပေါ်ခံစားရလို့

http://www.dhammadownload.com



ဘုရားရှင်ရဲ့ ရုပကာယတော် တင့်တယ်လှပုံကို နဖူးသင်းကျစ်တော်ကနေ အောက်ခြေဖဝါးပြင်တိုင်အောင် နရသီဟ ၁၀ ဂါထာတို့နဲ့ဖွဲ့ဆို ချီးကျူးရင်း သားတော်လေးကို ပြောပြနေပါတော့တယ်။

တစ်ဆက်တည်းပဲ ခမည်းတော်မင်းတရားကြီးကိုလည်း မြတ်စွာဘုရားရှင်နဲ့ နောက်ပါ ရဟန္တာအရှင်တို့ အိမ်စဉ်လှည့်ပြီး ဆွမ်းခံတဲ့ သတင်းကို လျှောက်ထားလိုက်တော့ ခမည်းတော်ကြီး ထိတ်ထိတ်ပျာပျာနဲ့ တုန်လှုပ်ချောက်ချားသွားတယ်။ သာကီဝင်မင်းမျိုးဆိုတဲ့ အမြင်နဲ့ကြည့်ရင် အိမ်စဉ်လှည့်ပြီးတောင်းခံတယ်ဆိုတာ အလွန်အောက်ကျ နောက်ကျနိုင်တဲ့ အလုပ်လို့ ထင်နေတာကိုး၊ ဒါနဲ့ ဝတ်လဲတော် (ပုဆိုး) ကို စွန်တောင်ဆွဲပြီး ဘုရားရှင်ရှိရာ ပြေးသွားလို့ အရှက်တကွဲအကျိုးနည်း မလုပ်ဖို့ လျှောက်ထားတဲ့အခါ ဘုရားရှင်က ရှေးဘုရားတို့ရဲ့ အိမ်စဉ်မပြတ် ဆွမ်းခံပြီး ဝေနေယျတို့ကို ချီးမြှောက်တဲ့ အစဉ်အလာကောင်းကို ရှင်းပြရင်း "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ" စတဲ့ ဂါထာနဲ့ ရဟန်းတော်တို့ရဲ့ အိမ်စဉ်ရပ်ပြီး ဆွမ်းခံတဲ့ အကျင့်ကောင်းဟာ ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေထိုင်ရပုံကို ဟောပြတဲ့အခါမှာတော့ ခမည်းတော်ကြီး သောတာပန် တည်သွားပါတယ်။

သောတာပန်ဖြစ်ပြီးသွားတဲ့အခါမှာတော့ ဘုရားရှင်နဲ့ ရဟန်းသံဃာတို့အပေါ် မှာ ဒကာတို့ရဲ့ ကျင့်ဝတ်ကိုသဘောပေါက်သွားပြီး ဘုရားရှင်ရဲ့ လက်တော်က သပိတ်တော်ကို ကိုယ်တိုင် လှမ်းယူပွေ့ဆောင်ရင်း နောက်ပါ အရှင်မြတ် နှစ်သောင်းတို့ကိုပါ နန်းတော်ကို ပင့်ဆောင်ပါတော့တယ်။

http://www.dhammadownload.com



နန်းတော်ကို ရောက်တဲ့အခါမှာလည်း ဆွမ်းဘုဉ်းမပေးသေးမီ "ဓမ္မံစရေ သုစရိတံ" စတဲ့ ဂါထာနဲ့-

"ဆွမ်းခံတဲ့အကျင့်ကောင်းကို လေးစားလိုက်နာကျင့်သုံးရပုံ၊ ဒီလိုကျင့်ရာမှာလည်း 'သုရာသောက်ထုပ်၊ သေတင်းကုပ်၊ ပဏ္ဍုပ်ဘိက္ခုနီ။ ပျိုကြီးဝေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ' ဆိုတဲ့ မအပ်စပ်တဲ့ နေရာခြောက်မျိုးကိုလည်း ဆွမ်းမခံရပုံနဲ့ ဒီလို ကျင့်သုံးတာဟာ ခုရောနောင်ပါ ချမ်းသာကြောင်းဖြစ်ပုံကို ဟောကြားတော်မူတဲ့အခါ ခမည်းတော်ကြီးက သကဒါဂါမ် ဖြစ်သွားပြီး မိထွေးတော် ဂေါတမီလည်း သောတာပန် တည်သွားပါတယ်။ အဲဒီ ပြီးတော့မှ ဆွမ်းဘောဇဉ်တို့နဲ့ ဆက်ကပ်လှူဒါန်းကြပါတယ်။

ခမည်းတော်ကြီးရဲ့ နန်းတွင်းဆွမ်းကပ်ပွဲကြီးမှာ နန်းတွင်းသူ နန်းတွင်းသားအားလုံး သွားရောက်ပူဇော်ကြပေမယ့် ယသော်ဓရာ မိဖုရားကတော့ "ငါ့ရဲ့ကျေးဇူးတွေရှိခဲ့ရင် (ရှိခဲ့တာကို အရှင့်သား အသိအမှတ်ပြုတယ်ဆိုရင်) ကိုယ်တိုင်ငါ့ထံ ကြွလာလိမ့်မယ်၊ ကြွလာမှပဲ ရှိခိုးတော့မယ်" ဆိုပြီး မိမိတိုက်ခန်းမှာပဲ ငြိမ်ကြွမပျက် နေနေပါသတဲ့။

မြတ်စွာဘုရားရှင်က ဆွမ်းကိစ္စပြီးတဲ့အခါ ခမည်းတော်ကြီးအား သပိတ်ကိုယူစေပြီး အဂ္ဂသာဝကကြီးနှစ်ပါးနှင့်အတူ ယသော်ဓရာရဲ့ အဆောင်ကို ကြွတော်မူပါတယ်။ ဒီသတင်းကိုကြားတဲ့ ယသော်ဓရာက အခြွေအရံကချေသည် မောင်းမပေါင်း လေးသောင်းလုံး ဖန်ရည်စွန်းတဲ့ အဝတ်တို့ကို ဝတ်ဆင်စေပြီး ကျက်သရေ တိုက်ခန်းမှာပဲ စောင့်နေပါတယ်။

http://www.dhammadownload.com



ယသော်ဓရာမိဖုရားရဲ့ကျက်သရေတိုက်ခန်းရောက်တဲ့အခါမှာ ဘုရားရှင်က "ငါဘုရားရှင်ကို ယသော်ဓရာမင်းသမီး အလိုရှိတိုင်း ရှိခိုးလာတာကို မတားမြစ်ကြနှင့်" လို့ မိန့်ကြားပြီး အသင့်ခင်းထားတဲ့ နေရာမှာထိုင်နေတဲ့အခါမှာတော့ ယသော်ဓရာမိဖုရားက ဘုရားရှင်ရဲ့ ဖမျက်တော်နှစ်ဖက်တို့ကို တအားကုန်ဆွဲကိုင် ပွေ့ဖက်ပြီး နဖူးပြင်ပေါ်မှာတင်ရင်း ဘယ်ပြောင်း ညာပြန် အားပါးတရ ရှိခိုးပါတယ်။

ဒါကိုကြည့်နေတဲ့ ခမည်းတော်ကြီးကတော့ ယသော်ဓရာ သမီးတော်ဟာ သားတော်ဘုရား တောထွက်ချိန်ကစပြီး သားတော်ရဲ့ သတင်းစကားကို နားစွင့်ရင်း အဝတ်အစားအားလုံး သားတော်ကို တုပြီး ဖန်ရည်စွန်း အဝတ်ကြမ်းကိုဝတ်ပြီး အစားအစာကို တစ်ထပ်သာ စားရင်း အကြမ်းစားညောင်စောင်းမှာသာ အိပ်စက်နေခဲ့ပုံ၊ ဂဟသိတပေမ တဏှာစိတ်နဲ့ ဘယ်မင်းညီမင်းသားကိုမျှ စောင်းငဲ့လို့တောင် မကြည့်ခဲ့ပုံစတဲ့ ယသော်ဓရာရဲ့ ကျေးဇူးဂုဏ်တွေကို လျှောက်ထားနေပါတယ်။

မြတ်စွာဘုရားရှင်က ယသော်ဓရာရဲ့ ကျေးဇူးဂုဏ်တွေကို ကိုယ်တော်တိုင်လည်း အသိအမှတ်ပြုပါကြောင်း သိစေဖို့အတွက် "သစ္စာနှုတ်သီး၊ မန္တန်ကြီးကြောင့်၊ သေပြီး သော်မှ၊ ရှင်ပြန်ရ" ဆိုတဲ့ စန္ဒကိန္နရီ ဇာတ်တော်ကို ဟောကြားတော်မူပြီး ရဟန္တာပေါင်း နှစ်သောင်းတို့နဲ့အတူ နိဂြောဓာရုံကျောင်းတော်ဆီ ပြန်ကြွတော်မူပါတယ်။

အတွေးသစ်ဂျာနယ်၊ အတွဲ ၈၊ အမှတ် ၃၇၃။

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

# မဟာသွေးစည်းမှု

'သာကီဝင်မင်းမျိုးရဲ့ လည်ချောင်းသွေး တစ်စက်. . . တစ်စက်ကို လယ်တစ်ခွက်စာ ရေအပြည့်ပေးမယ် ဆိုရင်တောင် မလဲနိုင်ကြလောက်အောင် အဖိုးအနဂ္ဃထိုက်တန်လှတဲ့ ခတ္တိယနွယ်ရိုး သာကီမျိုးတို့ရဲ့ သွေးများကို ဘာကြောင့် အချည်းနှီး ယိုစီးစေလိုကြသလဲ' ဆိုတဲ့ မေးခွန်းကို ဘုရားရှင်က တိုက်ရိုက်မေးတော်မူလိုက်တဲ့အခါတော့ စစ်ပြင်နေကြတဲ့ ကပိလဝတ္ထုနဲ့ ကောလိယ နှစ်နိုင်ငံ သာကီဝင်မင်းများဟာ ဘာစကားမှ ပြန်မလျှောက်ဝံ့ကြတော့ဘဲ အမှားကိုယ်စီကို သံဝေဂရကာ ဘုရားရှင် ရှေ့မှောက်မှာ ဦးခေါင်းငိုက်စိုက်ချပြီး ဒူးတုပ်လို့သာ နေကြပါတော့တယ်။

ဖြစ်ရပ်ကို ပြန်ပြီးတွေးကြည့်မယ်ဆိုရင် 'ငိုအားထက် ရယ်အားသန်ဖို့ မကောင်းဘူး၊ အသိအားထက် မိုက်အားသန်ခဲ့ကြတာကို တွေးပြီး ရှက်ဖို့သာ ကောင်းတော့တယ်' လို့သာ ဆိုရပါလိမ့်မယ်။

http://www.dhammadownload.com



ဟုတ်ပါတယ်၊ ကပိလဝတ္ထု၊ ကောလိယနဲ့ ဒေဝဒဟဆိုတဲ့ သာကီဝင်မျိုး သုံးနိုင်ငံတို့ဟာ အမျိုးအနွယ်တူများ ဖြစ်ကြသလို အချင်းချင်း သားပေးသမီးယူကိစ္စကအစ အကန့်အကွက် အဟန့်အတားမရှိ အချင်းချင်း ချစ်ကြည်ရင်းနှီးနေခဲ့ကြတာဟာ မင်းဆက်ပေါင်းတောင် မရေမတွက်နိုင်လောက်တော့ဘူး။

ဒီသုံးနိုင်ငံထဲက ကပိလဝတ္ထုနဲ့ ကောလိယ နှစ်နိုင်ငံဟာ ဘေးချင်းကပ်အနေနဲ့ အနီးဆုံး တည်ရှိကြသလို နှစ်နိုင်ငံ နယ်ခြားဖြစ်တဲ့ ရောဟိဏီမြစ်ငယ်ကို ကန်ဘောင်ရိုးတစ်ခုနဲ့ ဆို့ပိတ်ဆီးကာ (တစ်ဘက်ဆည်ကန်) ပြုလုပ်ကြပြီး နှစ်နိုင်ငံ လယ်သမားတို့ အညီအမျှ တစ်လှည့်စီခွဲဝေအသုံးပြုကာ အောင်ရေသွင်းစိုက်ပျိုးခဲ့ကြတာဟာလဲ မင်း အဆက်ဆက် သက်တမ်းကြာခဲ့လှပြီ။

ဖြစ်ချင်တော့ ဒီတစ်နှစ်မှာမှ မိုးခေါင်ရေရှားအဖြစ်နဲ့ ကြုံပြီး လယ်တွေအောင်ရေသွင်းချိန်မှာ ဆည်ရေက တစ်ဘက် လယ်ပွဲတွေ သုံးရုံလောက်ပဲ ရှိတော့တယ်၊ နှစ်ဘက်လုံး ခွဲဝေအသုံးပြုဖို့ မလောက်တဲ့အတွက် နှစ်ဘက်လယ်သမားအချင်းချင်းတို့ သူ့ဘက် ရထိုက်၊ ကိုယ့်ဘက်ရထိုက် ငြင်းခုံကြရာက လောဘနောက်ဒေါသလိုက်ရာမှာ မောဟက အမှောင်ဖုံးပြီး မာနက တွန်းချလိုက်တဲ့အခါမှာတော့ နှုတ်နောက်လက်ပါ၊ လက်နောက်လက်နက်ပါတဲ့ ခိုက်ရန်ပွဲကြီးအထိ ဖြစ်လာတော့တာပေါ့။

နှုတ်နောက်လက်ပါတာလည်း မပြောနဲ့ သူတို့ရဲ့ နှုတ်ထွက်စကားများကလည်း ကြည့်ဦး၊ အမှန်ကတော့ ဒီနှုတ်လှံထိုးပွဲကို ကောလိယ သာကီမင်းတို့ရဲ့ လယ်သမားတွေက စတယ်လို့တောင် ဆိုရမယ်၊ သူတို့က တစ်ဘက်နဲ့ တစ်ဘက် ငြင်းကြခုံကြရင်း

http://www.dhammadownload.com



'ဟော့. . . ကပိလဝတ်သားတွေ မင်းတို့က အိမ်ခွေး တောခွေးတွေလို နှမရင်းများနဲ့ အိမ်ထောင်ဖက် ပြုထားကြတဲ့ ကပိလဝတ်သာကီမင်းများအားကိုးနဲ့ ကြုံးလား ဝါးလား စွာကျယ်ကျယ် လုပ်ချင်ကြတာလား၊ အဲဒီ မင်းတွေရဲ့ ဆင်, မြင်း, လက်နက်တွေလောက်တော့ တို့က မမှုဘူးဟေ့' တဲ့။

မဟုတ်မတရားသက်သက်ပြောတာဆိုရင်တော့လဲ ဒီလောက်ကြီးနာစရာမကောင်းလှပါဘူး၊ ခုဟာက ဟုတ်သင့်သလောက်ကလဲ ဟုတ်နေတဲ့ကိစ္စပါ။ အမျိုးအနွယ်ကို ဇစ်မြစ်ကပါလှန်ပြီး အနာလုပ်, ခါလှုပ်တဲ့ကိစ္စဆိုတော့ 'ဟုတ်တာဆို၊ နာလို ခံခက်၊ အမျက်ထွက်' ဆိုသလို အနာပေါ်တုတ်ကျ ဖြစ်သွားကြတော့တာပေါ့။

ဟုတ်ပါတယ်၊ ကောလိယသားတွေက ဇစ်မြစ်ကို အရင်းကလှန်တာပါ၊ သာကီမင်းတို့ရဲ့ ဇစ်မြစ်ကို လှန်ကြည့်မယ်ဆိုရင် ခမည်းတော်ဩက္ကာသမင်းကြီးက နောက်ထပ် တင်မြှောက်တဲ့ အဂ္ဂမဟေသီမိဖုရားငယ်လေးရဲ့ သားဦးကို ထီးနန်းအမွေပေးဖို့ နှုတ်လွှန်မိထားလို့ ကံတော်ကုန်သွားတဲ့ မိဖုရားကြီးက မွေးဖွားခဲ့တဲ့ သားကြီးများကို 'ဇမ္ဗူဒိပ်ရဲ့ တခြားတစ်နေရာမှာ တိုင်းသစ်ပြည်သစ် တည်ထောင်ကြဖို့ နောက်လိုက်ဗိုလ်ပါ ရိက္ခာ အသုံးအဆောင်များပါ ယူဆောင်ပြီး တိုင်းပြည်က ထွက်ခွာကြ' လို့ အမိန့်ချမှတ်လိုက်တဲ့အခါ ကွယ်လွန်သူ မိဖုရားခေါင်ကြီးရဲ့ သားလေးယောက်နဲ့ သမီးငါးယောက်လုံး ဟိမဝန္တာဘက်ဆီ ဦးတည်ပြီး နောက်ပါအလုံးအရင်းနဲ့ ထွက်ခွာခဲ့ကြရပါတယ်။

ဟိမဝန္တာအနီးက ကပိလရှင်ရသေ့ရဲ့ ကျောင်းသင်္ခမ်းကို ရောက်တဲ့အခါမှာတော့ မင်းသားတို့ရဲ့ ရည်ရွယ်ချက်ကို သိရတဲ့

http://www.dhammadownload.com



ရှင်ရသေ့က မြေရဲ့ ကြန်အင်လက္ခဏာကို ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ဖြစ်တဲ့ အတိုင်း သူ့ရဲ့ ကျောင်းသခ်မ်းနေရာဟာ ဇမ္ဗူဒိပ်ကျွန်းရဲ့ မဟာ အောင်မြေဖြစ်လို့ ဒီနေရာမှာပဲ မြို့ပြနိုင်ငံ တည်ထောက်ခွင့်ပေးတဲ့ အတွက် အဲဒီမှာ ကပိလဝတ္ထုဆိုတဲ့ နိုင်ငံကို တည်ထောင်ခဲ့ကြတာ ပါ။

အချိန်အရွယ်ရောက်တဲ့အခါ အမတ်ပညာရှိများက ထိမ်း မြားလက်ထက်ဖို့ တိုက်တွန်းကြတော့ မင်းသားများက 'ဇာတိပုည' သာမက 'ဂုဏ်မာန' ပါ ခက်ထန်ကြသူများပီပီ တခြားမျိုးနွယ်ဇာတ် တို့ရဲ့ အရောအယှက် မခံနိုင်ကြဘူးဆိုပြီး အစ်မကြီးကို အမိအရာ ထားကာ ကျန်တဲ့မောင်နှမလေးစုံတို့ အချင်းချင်း လက်ထပ်လိုက် ကြတာပါ။ ဒီသတင်းကို ကြားသိရတဲ့ ခမည်းတော် ဩက္ကာကမင်း ကြီးကတော့ မင်းသားတို့ရဲ့ 'ဇာတိပုညဂုဏ်မာန' ကို နှစ်ထောင်း အားရရှိလွန်းလို့ . .

'သကျဝတ ဘော ကုမာရ၊ ပရမ သကျာဝတ ဘော ကုမာရ = မင်းသားတို့စွမ်းနိုင်ကြပါပေ့၊ မင်းသားတို့ အတိုင်းမသိ စွမ်းဆောင် နိုင်ကြပါပေ့' ဆိုပြီး ဝမ်းမြောက်ဥဒါန်းကျူးခဲ့ပါတယ်။ ခမည်းတော် ကြီးရဲ့ ဒီဥဒါန်းကြောင့်လဲ 'သကျဝံသ = (စွမ်းနိုင်သူများ) သာကီဝင် များ' လို့ အမည်တွင်ခဲ့တာပါ။ ခုတော့ အဲဒီ ဇာတိပုညဂုဏ်မာနကပဲ အပြစ်ပြောချင် သူတို့အတွက် ငယ်ကျိုးငယ်နာလို ဖြစ်သွားခဲ့တာ ပေါ့။

ဒီလိုသာပြောကြကြေးဆိုရင် ကပိလဝတ္ထု နိုင်ငံသားတွေမှာ လည်း ပြောစရာတွေ ရှိတာပေါ့။

http://www.dhammadownload.com



ဟုတ်တယ်လေ။ မင်းသားတို့ ထိမ်းမြားလက်ထပ်ကြစဉ် က အမိအရာထားတဲ့ အမကြီးမှာ ကိုယ်ရေ ရောဂါ (ကုဋ္ဌနူနာ) ဖြစ်လာတဲ့အတွက် တောနက်ထဲမှာ မြေတိုက်ပြုလုပ်ပြီး စားနပ်ရိက္ခာ အပြည့်အစုံနဲ့ သွားပြီးထားခဲ့ရတာ။

ကံအကြောင်းများ တိုက်ဆိုင်ချင်တော့ အဲဒီတောနက်ထဲမှာ ဗာရာဏသီပြည်ရှင် ရာမမင်းကလည်း အဲဒီရောဂါမျိုးဖြစ်လို့ ထီးနန်း စွန့်ပြီး ရောက်နေခဲ့တာ၊ သူက ကြီးမားတဲ့ ကလောပင်ကြီးတစ်ပင်ရဲ့ အခေါင်းကို အိမ်ခန်းလို မွမ်းမံပြုပြင်နေရင်းက ဆေးဖက်ဝင် သစ်မြစ်သစ်သီးတွေကို စားသုံးပြီး ရောဂါလည်းကင်းစင်နေပါပြီ။

တစ်နေ့မှာ မင်းသမီးရဲ့ ကိုယ်နံ့ကြောင့် ကျားက မြေတိုက် အမိုးကို ကုတ်ဖဲ့လှန်ရာက ကျားကိုမြင်ပြီး မင်းသမီး လန့်အော်တယ်၊ အသံကြောင့်ပဲ ရာမမင်း ရောက်လာပြီးဖြစ်ကြောင်း ကုန်စင်သိကြတဲ့ အခါ မင်းမျိုးချင်းမှန်း သိကြပြီး မင်းသမီးက ရာမမင်း နောက်လိုက် သွားတယ်၊ သူလည်း ဆေးဖက်ဝင်သစ်မြစ် သစ်သီးတွေကို စားပြီး ရောဂါကင်းစင်သွားတော့ ရာမမင်းနဲ့ လက်ဆက်ရာက အမွှာသား တွေ ဆယ့်ခြောက်ကြိမ်တောင် မွေးပါတယ်။

နောက်တော့ ဗာရာဏသီမှာရှိတဲ့ သားတော်မင်းက မုဆိုး များထံက တစ်ဆင့်အကြောင်းစုံကြားသိလို့ ထီးနန်းပြန်စိုးဖို့ ခေါ်တဲ့ အခါ ဒီနေရာမှာပဲ နိုင်ငံသစ်တည်မယ်ဆိုပြီး ကလောပင်ကြီးရှိတဲ့ နေရာမှာ မြို့တည်ခဲ့တဲ့အတွက် ကောလိယ နိုင်ငံရယ်လို့ ဖြစ်လာတာ ပါ။

ဒါကို သိထားတဲ့ ကပိလဝတ် လယ်သမားများကလည်း ကြက်ခေါင်းဆိတ်မခံနဲ့. . .

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



'ဟော့. . . ကောလိယနိုင်ငံသားတွေ မင်းတို့က နူနာရောဂါကြီးစွဲပြီး ကလောင်ပင်အခေါင်းထဲမှာ အောင်းခဲ့ကြသူတွေအားကိုးနဲ့ အာကျယ်ချင်ကြတာလား၊ ဒီလို ခိုကိုးရာမဲ့ ကပ်ပါးတွေရဲ့ ဆင်, မြင်း, လက်နက်တွေကိုလည်း တို့က အရေးမစိုက်ဘူး ဟော့' ဆိုပြီး ပြန်တွယ်ကြတာပေါ့။

'ပက်လက်လှန်ပြီး တံတွေးနဲ့ ထွေးတော့ ကိုယ့်မျက်နှာပဲ ပြန်ပေ' ဆိုသလိုပါပဲ။ တစ်ဘက်နဲ့ တစ်ဘက် ဂုဏ်ဖော်ရမယ့်အစား ဂုဏ်ကိုဖွဲ့ပြီး စကားနာထိုးကြတဲ့အတွက် သူတို့ အမြတ်တနိုးထားတဲ့ သာကီဝင်မျိုးတွေလည်း တိရစ္ဆာန်လိုမျိုးတွေ၊ ကပ်ပါးမျိုးတွေ ဖြစ်ကုန်ကြရော။ အားလုံးကတော့ သာကီဝင်မင်းမျိုးတွေချည်းပါပဲ။'

တစ်ဘက်နဲ့တစ်ဘက် နှုတ်လှံထိုးကြရုံနဲ့ မပြီးကြသေးဘူး။ သူ့မြို့ ကိုယ့်မြို့ပြန်ကြပြီး လယ်ယာစိုက်ပျိုးရေး အမတ်ကြီးများက တစ်ဆင့် မင်းတို့ရဲ့ နားအထိ ပေါက်ကြားသွားတဲ့အခါမှာတော့ 'အမျိုးထိမခံအောင်' ဆိုသလို ဖြစ်ကြပြီး အမှိုက်ကစ ပြာသာဒ်မီးလောင်ကြမယ့် ကိန်းဆိုက်လာကြပါတော့တယ်။

တကယ်တော့ အားလုံးက သာကီဝင်မျိုးတွေချည်းပဲ၊ ဒါကိုအချင်းချင်း ညှိနှိုင်းဖြေရှင်းရမည့်အစား ဉာဏ်ကိုမသုံးဘဲ မာန်ကိုသုံးကြတော့ ပြာသာဒ်မီးလောင်အောင် အမှိုက်ကိုမီးရှို့သလို ဖြစ်ရတော့တာပေါ့။

ဒါနဲ့ နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းကြမယ်ဆိုပြီး ရောဟဏီဆည်ကြီးရဲ့ ဟိုဘက်ဒီဘက်မှာ စစ်အင်္ဂါလေးရပ်စုံညီ ရောက်ရှိပြီးကြွေးကြော်အော်ဟစ် ရင်ဆိုင်မိကြတာပါ။

စာနဒီစာအုပ်တိုက်

http://www.dhammadownload.com



အဲဒီအချိန်မှာ မြတ်စွာဘုရားရှင်က သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူရင်း မိုးသောက်အားကြီးလင်းခါနီးအချိန်မှာ သတ္တလောကကို ရွှေဉာဏ်တော်စက္ခုနဲ့ ကြည့်ရှုဆင်ခြင်တော်မူတဲ့အခါ နှစ်ပြည်ထောင်မင်းတို့ သွေးချောင်းစီးအောင်စစ်ခင်းကြမည့် အရေးကို မြင်တော်မူလို့ အခြေအနေကို သုံးသပ်ကြည့်တဲ့အခါ ကိုယ်တော်မြတ်ကြွရောက်ပြီး တရားဟောခဲ့ရင် သွေးစီးခြင်းကို သွေးစည်းခြင်းနဲ့ အစားထိုးချေဖျက်ပြီး နှစ်ပြည်ထောင်က သာကီဝင်မင်းမျိုးတွေ တကယ့်ငြိမ်းချမ်းရေး အစစ်ကိုရရှိစေမယ့်အရေးနဲ့ နယုန်လပြည့်နေ့မှာ သွေးစည်းမှုမဟာအောင်ပွဲ (မဟာသမယနေ့) ကြီးဆင်နွှဲ ကျင်းပနိုင်မည့် အရေးကိုပါ မြင်တော်မူတဲ့အတွက် ညနေချမ်းအချိန်မှာ နောက်လိုက်မပါဘဲ ကိုယ်တော်တိုင် သပိတ် သင်္ကန်းကို ဆောင်ယူကာ အဘိညာဉ်နဲ့ ကြွလာပြီး နှစ်ဘက် စစ်သည်တို့ရဲ့ အကြား ရောက်ရှိတော်မူလာတာ ဖြစ်ပါတယ်။

မြတ်စွာဘုရားက နှစ်ပြည်ထောင်မင်းတို့ကို သံဝေဂဉာဏ်ဖြစ်စေဖို့အတွက် နေ့ခင်းကြောင်တောင်မှာ အမှောင်ကြီး ကျရောက်သလို ဖြစ်အောင် ဆံတော်က ညိုမောင်းတဲ့ ရောက်ခြည်တော်များကို လွှတ်ရင်းထိုင်နေပြီးနှစ်ပြည်ထောင်မင်းတို့ သတိသံဝေဂဉာဏ်နဲ့ ထိတ်လန့်နေကြတော့မှ ကိုယ်တော်ကို ထင်ရှားပြတော်မူလိုက်ပါတယ်။

တစ်နည်းပြောရရင် ကျိုးရှိ ကျိုးမဲ့ကို မသိစေအောင် အမျက်မာန်စောင်က ဖုံးပိတ်ထားမှုကို ဉာဏ်တော်နဲ့ လင်းတော်မူလိုက်တာပါ။

**စာနုဒီစာအုပ်တိုက်**

http://www.dhammadownload.com



နှစ်ပြည်ထောင်မင်းသားတို့လည်း သူတို့အချင်းချင်း ခိုက်ရန်ပြုမည့်အရေးကို ဘုရားရှင်သိတော်မူလို့သာ ခုလို ကြွရောက်လာတာပဲဆိုတာ သဘောပေါက်ကြပြီး လက်နက်တွေကိုယ်စီချကာ ဘုရားရှင်ကို ရှိခိုးဦးခိုက်နေထိုင်ကြပါတော့တယ်။

မြတ်စွာဘုရားရှင်က သိတော်မူလျက်ပင် 'မြတ်သောမင်းတို့ ဘယ်အရေးအတွက် သင်တို့ ဒီနေရာကို လာရောက်ကြပါသလဲ' လို့ မေးတော်မူလိုက်တော့ 'မင်းမှာ သစ္စာ၊ လူမှာ ကတိ' ဆိုတဲ့ အတိုင်း လိမ်ညာရိုးထုံးစံမရှိတဲ့ မင်းမျိုးစစ်များပီပီ ဖြစ်ကြောင်းကုန်စင်ကိုဖွင့်ဟဝန်ခံကြပါတယ်။

မြတ်စွာဘုရားက 'မြတ်သောမင်းအပေါင်းတို့. . . ရောဟဏီ ဆည်ချောင်းရေဟာ ဘယ်လောက်တန်ပါသလဲ' ဆိုတော့ 'အဖိုး အနည်းငယ်မျှသာ ထိုက်တန်ပါတယ်ဘုရား' တဲ့။ 'ဒီမြေကြီးကကော' ဆိုတော့ 'အဖိုးမဖြတ်နိုင်ပါဘုရား' တဲ့။ 'ခတ္တိယနွယ်ရိုးသာကီဝင် မင်းမျိုးတို့ကကော' ဆိုတော့ 'တန်ဖိုးဖြတ်လို့မရနိုင်လောက်အောင်အထိ အတိုင်းမသိ ထိုက်တန်ပါတယ်ဘုရား' လို့ ဖြေကြပါတယ်။

'ဒါဖြင့် သာကီဝင်မင်းသွေး တစ်စက်တစ်စက်ကို လယ်ရေတစ်ခွက်စာပေးမယ်ဆိုရင် လဲလှယ်နိုင်ကြမလား' ဆိုတော့ 'ဒါဟာလုံးဝမဖြစ်နိုင်သလို ဒီလိုမေးခွန်းမျိုး လာမေးသူကိုပင် သာကီဝင်းမင်းအားလုံးတို့ရဲ့ ရန်သူအဖြစ်နဲ့ စုပေါင်းဆန့်ကျင်ရမှာပါ ဘုရား' ဆိုပြီး ဝန်ခံကြရင်း တန်ဖိုးနည်းအတွက် တန်ဖိုးကြီးကို စတေးမိကြတော့မယ့် အဖြစ်ကို တွေးမိကြပြီး ရှက်နိုးသလို အမူအရာနဲ့ ဦးခေါင်းငိုက်ဆိုက်ချထားကြပါတော့တယ်။

http://www.dhammadownload.com



'သွေးတစ်စက်ကို လယ်ရေတစ်ခွက်နဲ့ မလဲနိုင်ကြဘူးဆိုတဲ့ သင်မင်းတို့ဟာ အခုတော့ ရေတစ်စက်မှ မရဘဲ အချည်းနှီး သွေးမြေကျစေပြီး အဖိုးမဖြတ်နိုင်တဲ့ မြေပြင်ကို အဖိုးအနဂ္ဃထိုက်တန်တဲ့ မင်းသွေးတို့နဲ့ အရပ်ဆိုး အကျည်းတန်စေကြတော့မလား' လို့ အစချီ ပြီးတော့မှ ဘာမှမဟုတ်တဲ့ မာနအာယာတတွေကြောင့် နှစ်ဦး နှစ်ဖက် အချင်းချင်း သွေးမစည်းကြပဲ သွေးစီးပြီး ဘဝဆုံးကြရတဲ့ ရုက္ခစိုးနတ်နဲ့ ဝက်ဝံတို့ရဲ့ ရန်ပွဲအကြောင်း (ဖန္ဒနဇတ်) ကို ဟောပြော ဆုံးမပါတယ်။

ဇာတ်လမ်းအကျဉ်းကတော့ ကြို့ပင်တစ်ပင်အောက်မှာ ဝက်ဝံတစ်ကောင် အိပ်ပျော်နေတုန်းမှာ 'ကြို့ကိုင်း ကြွေခိုက် ဝက်ဝံအိပ်ခိုက်' နဲ့ ကြုံသွားပါတယ်။ ဒါကို ဝက်ဝံက ကြို့ပင်စောင့်နတ်ရဲ့ လက်ချက်ပဲလို့ ယူဆပြီး လှည်းသစ်သားခုတ်သူများကို 'ဒီတောမှာ ဒီကြို့ပင်အကောင်းဆုံးပဲ' ဆိုပြီး လက်ထောက်ချပါလေရော၊ သစ်ခုတ်သမားတွေက ကြို့ပင်ကို လှဲဖို့ ပြင်ဆင်ကြတဲ့အခါ ကြို့ပင်စောင့်နတ်က ကိုယ်ထင်ပြပြီး မေးကြည့်တော့ ဝက်ဝံရဲ့ လက်ချက်ဆိုတာ သိတာနဲ့ တစ်ပြိုင်နက် 'ဟုတ်ပါတယ်. . . ကြို့သားဟာ လှည်းလုပ်ဖို့ အလွန်ကောင်းပါတယ်။ ဒါပေမယ့် ဝက်ဝံရေနဲ့ ပတ်မှ ပိုပြီး ခိုင်မာတယ်၊ ဝက်ဝံကို ကြို့ပင်ရဲ့ ခုတ်လှဲဖို့ အကောင်းဆုံးနေရာပြပါဦးဆိုပြီး ဥပါယ်တံမျဉ်နဲ့ခေါ်ပြီး အရင်ရှင်းလိုက်ပါ သစ်ပင်က ဘယ်မှ မပြေးပါဘူး' လို့ အကြံပေးတဲ့အတွက် ဝက်ဝံလည်း သွေးမြေစီး၊ ရုက္ခစိုးလည်း ဘုံပျောက် ဖြစ်သွားရတဲ့ အကြောင်းပါ။

မြတ်စွာဘုရားက အချင်းချင်း သွေးမစည်းခြင်းရဲ့ အပြစ်ကို ပြတဲ့ ဖန္ဒနဇာတ်ကို ဟောတော်မူပြီးတဲ့အခါ ဘယ်စကားမဆို

http://www.dhammadownload.com



စဉ်းစားဉာဏ်ရှေ့သွားပြုပြီး နိုင်းနိုင်းချိန်ချိန် သုံးသပ်ဆုံးဖြတ်ကြဖို့ အတွက်လည်း ယုန်တစ်ကောင်ရဲ့ 'မြေပြိုပြီ. . . မြေပြိုပြီ' ဆိုတဲ့ စကားကို မနိုင်းမချိန်ယုံစားပြီး အကြောက်ကြီးကြလို့ ဟိမဝန္တာ တစ်တောလုံးမှာ ရှိကြတဲ့ အခြေလေးချောင်းသားကောင်းအပေါင်း တို့ သမုဒ္ဒရာထဲကျရောက်လုခမန်း ဆင်းရဲဒုက္ခရောက်ကြရပုံကို ပြတဲ့ စတုက္ကနိပါတ်လာ ဒုဒ္ဒုဘဇာတ်ကို ဟောပြတော်မူပါသေးတယ်။

ခက်တာက သာကီဝင်မင်းမျိုးသုံးနိုင်ငံထဲမှာ ကပိလဝတ္ထု နဲ့ ဒေဝဒဟတို့က မိမျိုး ဘမျိုးနှစ်ဘက်လုံး သာကီဝင်မျိုးများချည်း ဖြစ်ပေမယ့် ကာလိယနိုင်ငံကတော့ အထက်မှာ ပြောခဲ့သလိုပဲ အမိဘက်ကသာ သာကီဝင်မင်းသမီးဖြစ်ပေမယ့် အဖဘက်က ရာမ မင်းမျိုးဖြစ်နေတယ်၊ ဒါကိုလည်း သာကီဝင်မျိုးစစ်ဖြစ်ကြတဲ့ နှစ်နိုင်ငံ အနေနဲ့ နှုတ်ကသာ ဖွင့်မပြောပေမယ့် စိတ်ထဲကတော့ အပြည့်အဝ အမြင်ကြည်လင်ချင်ပုံ မရပါဘူး။ သာမန် သာကီဝင်မင်းသားငယ် သမီးငယ်တို့ အချင်းချင်း ထိမ်းမြားလက်ထပ်ခြင်းမှာ အကန့်အကွက် မရှိ ကြည်ဖြူကြပေမယ့် ထီးရိုက်နန်းလျာများအဖြစ်နဲ့ မိဖုရားခေါင် ကြီးအရာထားဖို့အရေးမှာတော့ရာနှုန်းပြည့် သာကီဝင်နှစ်နိုင်ငံချင်း သာ အပြန်အလှန်ပြုလုပ်ကြသလားလို့ ထင်စရာတွေ ရှိနေပါတယ်၊ ကပိလပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းတရားကြီးရဲ့ မိဖုရားခေါင်းကြီး ဟာ ဒေဝဒဟမင်းသမီးဖြစ်သလို အလောင်းတော် သိဒ္ဓတ္ထမင်းသား ရဲ့ ကြင်ရာတော် ယသော်ဓရာဟာလည်း ဒေဝဒဟမင်းသမီးပဲ ဖြစ် နေတာကို ကြည့်ရင် ဒါကိုအကဲခတ်လို့ ရနိုင်ပါတယ်။

ဇာတိပုညဂုဏ်မာနခက်ထန်လွန်းတဲ့ ကပိလဝတ်သာကီဝင် မင်းများအနေနဲ့ ကောလိယမင်းတို့ရဲ့ ဒီချွတ်ယွင်းချက်အပေါ်မှာ

http://www.dhammadownload.com



လည်း အားနည်းတဲ့သဘောနဲ့ အထင်သေး အမြင်သေး မလေးမခန့် လုပ်တတ်ကြတဲ့ ကိစ္စမျိုးတွေ ရှိကောင်းရှိနိုင်ပါတယ်၊ ဒါကြောင့် လည်း ဘုရားရှင်က -

ကိုယ့်ကိုယ်ကိုယ် အင်အားတောင့်တင်းလှပြီဆိုပြီး အထင်ကြီး မာနတက်နေတဲ့ ဆင်ပြောင်ကြီးက အင်အားသေးငယ်တဲ့ ဗီလုံး ငှက်မရဲ့ သားများကို နိုင်ထက်စီးနင်း မထေမဲ့မြင် စိတ်ထားနဲ့ နင်း ချေသတ်ဖြတ်တဲ့အတွက် အင်အားနည်းပါးကြတဲ့ ကျီး၊ ယင်မမဲရှိုင်း၊ ဖားနဲ့ ဗီလုံးငှက်မတို့ လေးဦးသား တစ်စိတ်တစ်ဝမ်းတည်း ညီညွတ် ပေါင်းစုကာ ဆင်ပြောင်ကြီးကို အသက်ကုန်ဆုံးတဲ့အထိ ရောက် အောင် ရန်တုံ့ပြန်နိုင်စွမ်းရှိပုံကိုပြတဲ့ လဋုကိက (ဗီလုံးငှက်မ) ဇာတ်ကို ဟောညွှန်ဆုံးမပြန်ပါတယ်။

ဒီဇာတ်တော်မှာ ဘုရားရှင်က သာကီနွယ်မင်းအပေါင်းတို့ ကို 'မင်းမြတ်အပေါင်းတို့ အင်အားငယ်သတ္တဝါလေးကောင်တို့ရဲ့ ညီညွတ်မှုဟာ အင်အားကြီးတဲ့ ဆင်ကြီးတစ်ကောင်ကို သေပွဲဝင် စေနိုင်ခဲ့ကြတယ်၊ ဒါဟာ ရန်လိုသူတို့ရဲ့ ရန်အမှုအတွက် ရန်ဆုပဲ ဖြစ်တယ်၊ ဒါကြောင့် မချစ်မနှစ်သက်သူနှင့်ပဲဖြစ်ဖြစ် ရန်အမှုကို မပြုမိကြပါနှင့်' လို့ အထူးသတိပေးလိုက်ပါတယ်။

သွေးမစည်း မညီညွတ်ခြင်းရဲ့ အပြစ်ကို ပြဖို့အတွက် ဇာတ် တော်သုံးခုကို ဟောတော်မူပြီးတဲ့အခါ ညီညွတ်ခြင်းရဲ့ အကျိုးကို ပြဖို့အတွက်လည်း. . .

အပင်ချင်းဆက် ကိုင်းချင်းယှက်နေတဲ့ တစ်ခဲနက်တော အုပ်မှာ ဘုံဗိမာန်နေရာယူကြတဲ့ ရုက္ခစိုးနတ်များ လေပြင်းမုန်တိုင်း

http://www.dhammadownload.com



ကြီး တိုက်ခတ်သော်လည်း မလဲမပြိုဘဲ ဘုံဗိမာန်ခိုင်မြဲကြပုံနဲ့ လူတို့ရဲ့ ကိုးကွယ်ပသမှုကို မျှော်ကိုးပြီး မြို့နီးရွာနီးက အထီးတည်း သစ်ပင်ကြီးတွေကို ဘုံဗိမာန်အဖြစ် ရယူနေထိုင်ကြတဲ့ ဝိသမလောဘသားရုက္ခစိုးနတ်များ လေပြင်းမုန်တိုင်းကျရောက်တဲ့အခါ ခိုင်မာကြီးမားလှပြီလို့ ထင်ထားတဲ့ ဧရာမသစ်ပင်ကြီးတွေ အကူအညီမဲ့ဖြစ်ပြီး အမြစ်ပါ ကျွတ်ထွက်ပြိုလဲကုန်ကြလို့ ဘုံဗိမာန်မဲ့ဘဝ ရောက်ကြရပုံကိုပြတဲ့ ရုက္ခဓမ္မဇာတ်တော်ရယ်. . .။

အချင်းချင်းစည်းလုံးညီညွတ်ကြတဲ့ ငုံးငှက်အပေါင်းတို့ဟာ ငှက်မုဆိုးပစ်ချတဲ့ ပိုက်ကွန်ကို တညီတညွတ်တည်း မ,ချီပျံတက်ပြီး အသက်ဘေးက လွတ်ကြပုံနှင့် အချင်းချင်း စည်းလုံးညီညွတ်မှု ပြိုတဲ့အခါမှာတော့ ငှက်မုဆိုးရဲ့ ပိုက်ကွန်တွင်းမှာ အစုလိုက် အပြုံလိုက် အသက်ဆုံးရှုံးကြရတဲ့ ငုံးငှက်တို့ အကြောင်းကိုပြတဲ့ ဝဋ္ဋကဇာတ်ရယ်တို့ကို ဟောကြားတော်မူပြန်ပါတယ်။

အဲဒီနောက်မှာ-

ပစ္စုပ္ပန် သံသရာနှစ်ဖြာ ဘေးဟူသမျှဟာ ကိုယ်ပြုတဲ့ ဒုစရိုက်အမှားများကြောင့်သာ ဖြစ်ရပုံ၊ အလောင်းတော်ပါရမီ ဖြည့်ခဲ့စဉ်က ရေနည်းပြီး သေပွဲဝင်ခါနီး ငါးများဟာ ကိုယ့် ဘေးကိုယ် မသိမမြင်တတ်ကြတဲ့အတွက် ရေကွက်ကျဉ်းကျဉ်း ကလေးမှာပဲ တိုးဝှေ့တိုက်ခိုက်ပြီး နေရာလုကြသလို အနိစ္စ၊ ဒုက္ခဘေးတွေ၊ အိုနာသေဘေးတွေနဲ့ ရင်ဆိုင်နေကြပါလျက် မိမိအတွက် လွတ်မြောက်ရာ အားကိုးမှီခိုရာအစစ်ကို မရှာကြဘဲ အချင်းချင်း အငြင်းပွားတိုက်ခိုက် နေရာလုနေကြသူတို့ကို ကြည့်ပြီး သံဝေဂပွား

http://www.dhammadownload.com



ခဲ့ပုံ၊ အပြင်က စူးဝင်သော ညောင့်ထက် သံသရာ တစ်လျှောက် လုံး စူးဝင်ပြီး ဒုက္ခပေးမည့် ကိလေသာညောင့်ကို နုတ်ပယ်ဖို့ ကြိုးစားခဲ့ပုံ များကို ပြတဲ့ သုတ္တနိပါတ်လာ အတ္တဒဏ္ဍသုတ်ကို ဟောပြတော်မူလိုက်တဲ့ အဆုံးမှာတော့ နှစ်ပြည်ထောင်မင်းသား များဟာ အချင်းချင်း ညီညွတ်ပြေလည်သွားကြပါတော့တယ်။

အချင်းချင်းညီညွတ်ကြည်သာ ဖြစ်သွားကြပြီးတဲ့အခါမှာတော့ မင်းသားအားလုံးစုဝေးကာ 'ငါတို့ဟာ တကယ်လို့သာ မြတ်စွာ ဘုရားရှင် ကြွရောက်ဆုံးမခြင်းမပြုခဲ့ရင် အချင်းချင်း သတ်ဖြတ် ကြပြီး အချည်းနှီးသွေးချောင်းစီးကာ သေပွဲဝင်ကြရမှာ အမှန်ပဲ၊ အခု ငါတို့မှာ မြတ်စွာဘုရားပေးတဲ့ အသက်ပဲရှိကြတော့တယ်၊ မြတ်စွာ ဘုရားရှင်ဟာ တကယ်လို့သာ လူ့ဘောင်မှာနေခဲ့ရင် လေးကျွန်း သနင်း စကြာမင်းဖြစ်ပြီး မင်းပရိသတ်အပေါင်းအခြံအရံတွေနဲ့ လှည့် လည်တော်မူရမှာအမှန်ပဲ၊ အခု လူ့ဘောင်ကို စွန့်ခွာပြီ တရားကို ရှာခဲ့လို့ ဘုရားဖြစ်တဲ့အခါမှာလည်း မင်းသားဖြစ်တဲ့ ရဟန်းများ ခြံရံပြီး လှည့်လည်ကျက်စားသွားလာ နေထိုင်တော်မူသင့်တယ်။ ဒါကြောင့် ငါတို့ နှစ်ပြည်ထောင်က တစ်ပြည်ထောင်လျှင် မင်းသား နှစ်ရာ့ငါးဆယ်စီဘုရားရှင်သာသနာမှာ ရဟန်းပြုကြစို့' လို့ ညီညွတ် တိုင်ပင်ကြပြီးမင်းသားငါးရာတို့ကို မြတ်စွာဘုရား သာသနာအတွက် အပ်နှင်းလှူဒါန်းလိုက်ကြပါတယ်။

မြတ်စွာဘုရားရှင်က မင်းသားငါးရာတို့ကို 'ဧဟိဘိက္ခု' ရဟန်းများပြုလုပ်ပေးပြီး ကပိလဝတ်ပြည်အနီးက မဟာဝုန် တော အုပ်ကြီးဆီ ခေါ်ဆောင်သွားခဲ့ပါတယ်၊ မင်းသားရဟန်းတို့ မြို့ရွာ

http://www.dhammadownload.com



နေအိမ်ကို ပြန်လည်သတိရပြီး သာသနာ့ဘောင်မှာ မပျော်မမွေ့ ဖြစ်လာကြတဲ့အခါ ရဟန်းတော်များကို ဟိမဝန္တာတောအထိ ခေါ်သွားပြီး တောတောင်သစ်ပင် ပန်းမာလ်၊ ခြသေ့်၊ ဆင်၊ ကျားစတဲ့ တောရဲ့ သဘာဝအလှများကို စိတ်ဝင်စားအောင်ပြောပြရင်း ရပ်စိတ်ရွာစိတ်များပြေပြီး သာသနာမှာမွေ့လျော်တဲ့ စိတ်ဖြစ်ပေါ်လာတော့မှ သင့်လျော်တဲ့တရားများနဲ့ ဟောကြားဆုံးမတဲ့အခါ ရဟန်းငါးရာလုံး စျာန်အဘိညာဉ်ရတဲ့ သောတာပန်များ ဖြစ်သွားကြပါတယ်။

အဲဒီနောက် မဟာဝုန်တောဆီကို ပြန်ကြွတော်မူပြီး အထက်မဂ်ဖိုလ်ရရောက်ရေးအတွက် ကမ္မဋ္ဌာန်းတရားများ နည်းပေး ဆုံးမကာ အားထုတ်စေတော်မူပါတယ်၊နယုန်လပြည့်နေ့ ညနေချမ်းအချိန်မှာတော့ ရဟန်းငါးရာလုံး အာသဝေါကုန်ခမ်းတဲ့ ရဟန္တာအရှင်မြတ်များဖြစ်ကြပြီး ဘုရားရှင်ထံမှောက် စုရုံးရောက်ရှိကြတဲ့အတွက် လပြည့်ဝန်းကြီး ထွက်ပေါ်ချိန်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သက္ကတိုင်း၊ ကပိလဝတ်ပြည်အနီးက မဟာဝုန်တောကြီးမှာ ရဟန္တာအပေါင်း ငါးရာခြံရံပြီး သီတင်းသုံးနေတော်မူပါတယ်။

ဒီဖြစ်ရပ်မျိုးဟာ ဘုရားတစ်ဆူပွင့်တော်မူတိုင်း 'တစ်သာသနာမှာ တစ်ခါ' လို့ ဆိုရလောက်အောင် ကြုံကြိုက်ရမြဲဖြစ်တဲ့ မဟာသွေးစည်းမှုအောင်ပွဲကြီးပဲ ဖြစ်လို့ စကြာဝဠာတစ်သောင်းမှာ ရှိသမျှ နတ်ပြဟ္မာအပေါင်းတို့လည်း ဘုရားရှင်နဲ့ ဖြစ်သစ်စ ရဟန္တာငါးရာတို့ကို ဖူးမြော်ဖို့ရောက်ရှိလာကြတဲ့အတွက် သွေးစည်းမှု မဟာအောင်

http://www.dhammadownload.com



ပွဲတရားတော်ဖြစ်တဲ့ မဟာသမယသုတ်တော်ကို အခြံအရံ ခြောက်သုတ်တို့နဲ့အတူ ဘုရားရှင်က ဟောတော်မူပါတယ်။

ဒါကြောင့် နယုန်လပြည့်နေ့ကို မဟာသွေးစည်းမှုအောင်ပွဲနေ့ (မဟာသမယနေ့) အဖြစ် ဗုဒ္ဓဘာသာဝင်တိုင်း သိမှတ် အလေးထားကြပြီး နှစ်စဉ်နှစ်တိုင်း မြတ်ဗုဒ္ဓဂုဏ်၊ သံဃာဂုဏ်နဲ့ သွေးစည်းမှု ဓမ္မဂုဏ်တို့ကို အာရုံပြုပူဇော်ကြတာဖြစ်ပါတယ်။

သွေးခွဲဂြင်းခုံခြင်းကို ကြောက်ဖွယ် မဟေး ဘေးကြီးအဖြစ် ရှုမြင်၊

သွေးစည်းညီညွတ်ခြင်းကို အချမ်းသာဆုံးအဖြစ် ခံယူကြပြီး ညီညွတ်ပြေပြစ်ကြ၊

ဒါဟာ ဘုရားရှင်တိုင်းရဲ့ အဆုံးအမတော်ဖြစ်တယ်။ (ဗုဒ္ဓ၊ အပဒါန - ၇) ဆိုတဲ့အတိုင်း ဘုရားရှင်တို့ရဲ့ အဆုံးအမတော်ကို ဦးထိပ်ရွက် ပန်ဆင်ခံယူကြပြီး သွေးစည်းညီညွတ်ကြကာ လောက, သာသနာ, နှစ်ဖြာအကျိုး တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေသော်။

အတွေးသစ်ဂျာနယ်၊ အတွဲ ၁၀၊ အမှတ် ၄၅၇၊ ၄၅၈။
မဇ္ဈိမ အရှင်ဝီရိယ (တောင်စွန်း)